ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း ဒါတွေကိုသိသင့်ပါပြီ

- လူ့ပါရာဇိကကျတယ်ဆိုတာ ရှိကောင်းပါသလား။?
- ဒုလ္လဘရဟန်းပြုရတဲ့အကြောင်းကို သိချင်ပါတယ်။?
- အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းတစ်ဦး ခွင့်မယူဘဲရဟန်းခံရင် ရဟန်းဖြစ်နိုင်ပါသလား။?
- ဇနီးမယားက ခွင့်ပြုမှသာ ရဟန်းပြုခွင့်ရှိပါ သလား။?
- ပဝါရိတ်သင့်တယ်ဆိုတာ ဘာလဲ။?
- ကပ္ပိတယ်ဆိုတာ ဘာလဲ။?
- ကပ္ပိယကာရက ဆိုတာကိုလည်းသိချင်ပါတယ်။?
- သံဃာတော်များ ရပ်ကွက်ထဲက လူတွေနေတဲ့အိမ်မှာ ညကျိန်းကောင်းပါသလား။?
- ရဟန်းက ကျေးဇူးရှင်မွေးမိဘတို့ကို ရှိခိုးခွင့် ရှိပါသလား။?
- သီလရှင်ထံပါး ဥပုသ်သီလ ခံယူဆောက်တည် ကောင်းပါသလား။?
- မြတ်စွာဘုရားရှင်က အမေ့နို့ဖိုး မကျေဘူးဆိုတာ ဟုတ်နိုင်ပါ့မလား။?
- လူက ရဟန်းသံဃာကို စေခိုင်းမိရင် အပြစ် ဖြစ်ပါသလား။?

ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းများ (အပိုင်း-၂) ● အရှင်ခေမာနန္ဒ(ရန်ကင်းတောရ) သခြေပြင်

ရန်ကင်းတောင်စာစဉ် (၁၉)

# ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းများ

(အပိုင်း-၂)

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)
သခြေပြင်

ဒုတိယအကြိမ်

# ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း
# သိသင့်သည့်
# လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းများ

(အပိုင်း-၂)

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၊ သပြေပင်

Email : ven.khemananda.brahmana@gmail.com

## ရန်ကင်းတောင်စာစဉ်အမှတ် (၁၉)

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | – ၆၀၀၃၅၂၀၄၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – ၆၀၀၃၄၅၀၅၁၂ |
| အုပ်ရေ | – ၂၀၀၀ |
| ထုတ်ဝေသူ | – ဦးစိုးတင့် (၁၄၅၅) ''ရွှေပြည်သာ''စာပေ ၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ မန္တလေးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်။ |
| အဖုံးနှင့် အတွင်းပုံနှိပ် | – ရွှေနိုင်ငံပုံနှိပ်တိုက် ဖုန်း– ၅၅၄၄၇၄ |
| ထုတ်ဝေသည့်အကြိမ် | – ဒုတိယအကြိမ် |
| ဖြန့်ချိရေး | – **ရန်ကင်းတောင်စာစဉ်** ၀၉၄၃၀၇၅၇၀၄၊ ၀၉၇၃၀၉၄၀၆၀ |

*** ၂၀၀၀ * ကျပ်**

**'ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း'** (CIP)

၂၉၄. ၃
**အရှင်ခေမာနန္ဒ(ရန်ကင်းတောရ)၊ သပြေပင်။**
**လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းအပိုင်း(၂)**
ရန်ကုန်၊ ရွှေနိုင်ငံစာပေ၊ ၂၀၁၂။
၂၆၁ မျက်နှာ၊ ၁၀. ၉၂ X ၂၀. ၈၃ စင်တီ။
(၁) လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းအပိုင်း(၂)

### မန္တလေးမြို့၊ ရန်ကင်းတောင် ရွှေကျင်ကျောင်းတိုက်ကြီး၏
### ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
### အဂ္ဂမဟာပဏ္ဍိတသက်တော်ရှည်
### ဆရာတော်ဘုရားကြီး၏
### အာသီသဆုတောင်း

ခေမာနန္ဒော သီလဝန္တော
ဓိတိမာ ဓမ္မမာမကော၊
ပါတိမောက္ခံ ဝိသောဓေန္တော
ဟောတု ဒီဃာယုကော သုခီ။
ခေမံ အာနန္ဒစိတ္တေန
ခေမာနန္ဒေန ဘိက္ခုနာ၊
ဗဟူနံ ဝတ အတ္ထာယ
အယံ ဂန္ထော ဝိဓာယတော။

သီလနှင့်ပြည့်စုံသော တည်ကြည်သောစိတ်ဓါတ်ရှိသော တရားကိုသာမြတ်နိုးတတ်သော ပါတိမောက်သီလတော်ကို သန့်ရှင်းစင်ကြယ်အောင် သုတ်သင်တတ်သော အရှင်ခေမာနန္ဒ မည်သော ရဟန်းတော်သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာလျက် အသက်ရာကျော်ရှည်သူဖြစ်ပါစေ-

ဘေးရန်ခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်ကို နှစ်သက်တောင့်တသောစိတ်ရှိသော အရှင်ခေမာနန္ဒ မည်သော ရဟန်းတော်သည် အမှန် စင်စစ်အားဖြင့် လူများစွာတို့၏ အကျိုးစီးပွား ဖြစ်ထွန်းဖို့ရာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့် သက်ဆိုင်သော ရဟန်း ဝိနည်းကျမ်းစာကို စီရင်အပ်ပါပေသည်။

# ကျေးဇူးတော်ရှင်
# ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ

ရဟန်းဘဝ၌

ရိုးသားစွာ နေထိုင်တတ်ခြင်းထက်

ကောင်းသော အဆင်တန်ဆာမျိုး

သူတော်ကောင်းတို့အတွက် အခြားမရှိပါ။

ရိုးရိုးကျင့် မြင့်မြင့်ကြံ

မှန်မှန်လုပ် ကုပ်ကုပ်နေ

စေတနာကောင်းထား


ရဟန်းတရားနှင့်ပျော်

သူတော်ကောင်းတို့ နေနည်းတည်း၊

ဤဩဝါဒအတိုင်း နေသွားကြလျှင်

ဘဝတစ်လျှောက်လုံး

သူတော်ကောင်း ပီသပါတယ်။



ရွှေဥမင်ဆရာတော်ဘုရားကြီး

# ရဟန်းချမ်းသာ

ရွှေငွေစပါး သိမ်းထားမလို
အပြစ်ကင်းငြား ဆွမ်းများရှာဆို၊
ဆွမ်းကိုဘုဉ်းပေး ငြိမ်းအေးသကို
မင်းဒုက္ခ မုချလွတ်ကင်းဆို။
ပစ္စည်းမမက် ကိုယ့်တွက်မလို
ခိုးသူရန်ဘေး ကင်းဝေသကို၊
လူရှင်မရော စိတ်ဇောအေးပို
သွားလိုရှိ သွားဘိရပ်တိုင်းကို။ ။

ကျမ်းညွှန်း
(က) သုမေဓပတ္တနာကထာ၊ ဗုဒ္ဓဝံသဋ္ဌကထာ(နှာ-၉၈)
(ခ) ဒူရေနိဒါနသုမေဓကထာ၊ အပဒါနဋ္ဌကထာ(နှာ-၉)

နဘူးကျောင်းဆရာတော်ဘုရားကြီးသည် ဤအတိုင်းပင် တစ်သက်တာ သီတင်းသုံးတော်မူသွားသည်ကို ဖူးတွေ့ခဲ့ရပါသည်။

စီစဉ်သူများ



နဘူးကျောင်းဆရာတော်ဘုရားကြီး

ဤကောင်းမှု ကုသိုလ်ကြောင့်

ကမ္ဘာပေါ်တွင် မြတ်ဗုဒ္ဓသာသနာတော်

အဓွန့်ရှည်ကြာ တည်တံ့၍

ကမ္ဘာသူ ကမ္ဘာသားများ

ဝိမုတ္တိသုခကို

ရရှိခံစားနိုင်ကြပါစေသော် ...

**အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်**

# စာဖတ်သူ့အမြင်

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းစာအုပ်ကို ဖတ်ပြီးသည့်အခါတွင် ရဟန်းဝိနည်းသည် မိမိထင်မှတ်ထားသည်ထက် များစွာမှပင် ကျယ်ဝန်းနက်ရှိုင်းပြီး သိမ်မွေ့ကြောင်း သိခွင့်ရရှိခဲ့ပါသည်။

**ဒေါ်ခင်စိုးဝင်း (B.Sc)**

ဆရာတော်၏ ရည်ရွယ်ချက်ကြီးမားသလောက် လူတိုင်းအတွက်လည်း ကျေးဇူးကြီးမားလှသော ဘာသာရေး အသိဉာဏ်ပေးသည့် စာအုပ်ကောင်း တစ်အုပ် ဖြစ်ပါသည်။ တပည့်တော်ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးပြီး တပည့်တော်၏ ပတ်ဝန်းကျင်ရှိ ဗုဒ္ဓဘာသာဝင်တိုင်းကိုလည်း ဝိနည်းနှင့်အညီ သံဃာတော်တို့အား ဆည်းကပ်တတ်ရန် တိုက်တွန်း နှိုးဆော်ပါမည်။

**ဆရာမဒေါ်ခင်စန္ဒာမြင့် (B.A, Eco)**
**ရန်ကုန်**

ကျွန်တော်တို့ ဝိနည်းအထိအတွေ့ အရမ်းနည်းပါတယ်။ စာအုပ်ဖတ်ပြီးပြီဖြစ်လို့ တတ်နိုင်သလောက် ဝိနည်းဘောင်အတွင်းက ဆက်ဆံဖို့ ဆုံးဖြတ်ထားတယ်။

**ကိုကျော်သူအောင် (B.Sc (Che) )**
**သပြေပင်**

လူတို့နှင့်သက်ဆိုင်တဲ့ ရဟန်းဝိနည်းတွေကို ခုထက်ပိုပြီး နားလည်အောင် ကြိုးစားရတော့မယ်။

**မခိုင်ဇာထွန်း (B.C.Sc, Hons)**

**ကျောင်းသူ**

လူတို့နှင့် သက်ဆိုင်သည့် ရဟန်းဝိနည်းကို ဗုဒ္ဓဘာသာဝင်တိုင်း ကျေကျေညက်ညက် လေ့လာထားပြီး အကြောင်းတိုက်ဆိုင်လာတိုင်း သီလကို မြဲမြဲမြံမြံ စောင့်ထိန်းနေကြသည့် ရဟန်းတော်များအား ကူညီ စောင့်ရှောက်ပေးနိုင်မှသာလျှင် ဗုဒ္ဓဘာသာဝင်တစ်ဦး၏ တာဝန်ကျေပွန်မည် ဖြစ်ပါသည်။

**ဦးဘုန်းမြင့် (B.A.LL.B)**

**ဗဟိုတရားရုံးချုပ်ရှေ့နေ**

**နေပြည်တော်ပျဉ်းမနား**

သာသနာတော် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနိုင်ရေးအတွက် ရဟန်းကောင်းများ ပေါ်ထွန်းလာရေးမှာ အဓိက အရေးကြီးသကဲ့သို့ ဘုရားတပည့်တော်မတို့ကြောင့် သံဃာတော်များအား ဆက်ဆံရာတွင် အာပတ်မသင့်ရောက်ဘဲ ဆက်ဆံတက်ရန်မှာ ဆရာတော်ရေးသားသည့် စာအုပ်က များစွာ ထောက်ကူပြုမည် ဖြစ်ပါသည်။

**ဒေါ်မြင့်မြင့်ချို (B.E)**

**ရန်ကုန်**

ရဟန်းသံဃာတော်များနှင့် ပြောဆိုဆက်ဆံရာတွင် တပည့်တော်တို့ဘက်က အမှားမပါအောင် ပြောဆို ဆက်ဆံတတ်သွားပါပြီ။

**မောင်ဥက္ကာ (Grade.II)**
**နေပြည်တော်လယ်ဝေး**

ဝိနည်းဆိုသည်မှာ လူတွေနှင့်မဆိုင် လူတွေသိဖို့ မလိုဟူသော အယူအဆသည် များစွာ မှားယွင်းကြောင်း ထေရဝါဒ ဗုဒ္ဓဘာသာဝင်များကို ပြောပြချင်ပါသည်။

**ဗိုလ်ပြည့်စုံအောင် (D.S.T.A)**
**ပြင်ဦးလွင်မြို့**

လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းကို သိရပြီဖြစ်၍ ရဟန်းသံဃာများနှင့် ဆက်ဆံပြောဆိုသည့်အခါ အလှူဒါနများ ပြုသည့်အခါ ရဟန်းသံဃာတော်များ အာပတ်မသင့်စေရေးအတွက် အထူးသတိပြုပြီး ပြောဆို လုပ်ကိုင်ပါတော့မည်။

**ဒေါ်ခင်ဆွေအေး (Ph.D)**
**ကထိက**

လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းကို သိခွင့်ရပြီဖြစ်လို့ မိမိပတ်ဝန်းကျင်ရှိ မိတ်ဆွေများကို Share လုပ်ပါ့မည်။ မိမိကိုယ်တိုင်လည်း ကျင့်သုံးလိုက်နာသွားပါမည်။

**ဒေါ်စုစုဝင်း (B.Sc. Hons)**

လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းကို ဖတ်ရှု လေ့လာခွင့်ရပါသဖြင့် ဆရာတော် သံဃာတော်များနှင့် ဆက်ဆံရာတွင် ယခင်ထက်ပို၍ ကုသိုလ်တိုးပွားစရာ များပေမည်။

**Dr.မာမာသီ (Ph.D)**

**တွဲဖက်ပါမောက္ခ**

လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းကို လေ့လာစေချင်ပါသည်။ နားလည်စေချင်ပါသည်။ သိစေချင်ပါသည်။ သို့မှသာ Next generation ကို လက်ဆင့်ကမ်းပေးနိုင်မည် ဖြစ်ပါသည်။

**ဒေါ်ရီရီဟန် (M.Sc)**

**သုတေသန အရာရှိ**

ရဟန်းသံဃာများမှာပဲ ဝိနည်းရှိတယ်လို့ သိခဲ့ပါတယ်။ လူတွေနှင့် ဆက်စပ်နေတဲ့ ရဟန်းဝိနည်းရှိတယ်လို့တော့ မသိခဲ့ပါဘူး။ ဆရာတော်စာအုပ်ဖတ်ပြီးနောက်ပိုင်းမှာ လူတွေနဲ့ ဆက်စပ်နေတဲ့ ရဟန်းဝိနည်းတွေကို သိရပြီဖြစ်လို့ လိုက်နာဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

**ဒေါ်ဝေ ( M.Sc)**

**သရုပ်ပြ (သတ္တဗေဒ)**

ဤစာအုပ် ဖတ်ရှုခွင့်ရသဖြင့် သာသနာနှင့် ပတ်သက်၍ မိမိဘက်က ပြုပြင်ရမည့် အကြောင်း အရာများစွာကို သိရှိနားလည်ခွင့် ရရှိပြီး နောင်လာ နောင်သားများကိုပါ ပြောဆို သွန်သင်ဆုံးမခွင့် ရရှိ လာသောကြောင့် တပည့်တော်မသည် ဆရာတော် အား နေ့စဉ် နေ့တိုင်း ကျေးဇူးတင် ကြည်ညိုမိပါသည်။

**ဒေါ်အေးအေးနွယ် (B.A)**

**ရန်ကုန်**

လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်း များကို သိရှိမှတ်သားလိုက်နာမှသာ ရဟန်းတော်များ မိမိကြောင့် အာပတ်မသင့်ရအောင် သတိထား နေထိုင် တတ်မည် ဖြစ်ပါသည်။

**Dr. ဇေယျာအောင် (M.B.B.S)**

**ရန်ကုန်**

လူတို့နှင့် သက်ဆိုင်သည့် ရဟန်းဝိနည်း စာအုပ်ကို ဖတ်ရှုရသဖြင့် ဒါယိကာမများက သံဃာတော်တို့အား အာပတ်မသင့်အောင် မည်သို့ မည်ပုံ ဆည်းကပ်ပြုမူ နေထိုင်ရမည်ကို သိရှိလာရ၍ ကျေးဇူးများလှပါသည်။

**မစီစီလင်း (B.Sc)**

**သရက်ပြ**

လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းကို သိရပြီဖြစ်၍ ရှောင်သင့် ရှောင်ထိုက်သည့်အရာကို ရှောင်ကြဉ်ပြီး ဆောင်သင့်သည်ကို ဆောင်ပါတော့မည်ဘုရား။

**ဒေါ်ချိုဝေလွင် (M.Res.(Chemistry))**
**သရုပ်ပြ၊အေလာသတ္တုသုတေသနဌာန**

ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဗုဒ္ဓသာသနာ အကြောင်းနှင့် လူတို့နှင့်သက်ဆိုင်သည့် ရဟန်းသံဃာများ၏ ဝိနည်းကျင့်ဝတ်များကို အထူးပင် သိသင့်ပါသည်။ သို့မှသာ ဗုဒ္ဓဘာသာဝင်သည် မိမိ၏ သာသနာ့တာဝန်ကို စနစ်တကျ လိုက်နာကျင့်သုံးနိုင်တော့မည် ဖြစ်ပါသည်။

**Dr.စည်စိုးသူရ (M.B.B.S)**
**ရန်ကုန်**

ရဟန်းသံဃာတော်များမှာ ဝိနည်းရှိတယ်လို့တော့ သိထားပါတယ်။ လူတွေနဲ့ ဆက်စပ်နေတဲ့ ရဟန်း သံဃာ ဝိနည်းရှိတယ်ဆိုတာကိုတော့ ခုမှပဲ ဂဃဏန ပြည့်ပြည့်စုံစုံ သိရပါတော့တယ်။

**ဒေါ်အေးအေးသီ(M.Sc)**

ဤစာအုပ်မှာ ဗုဒ္ဓဘာသာဝင်တိုင်း မဖြစ်မနေ ဖတ်ရှုရမည့်စာအုပ်ဖြစ်ကြောင်းနှင့် ဤစာအုပ်မှ အချို့ ဝိနည်းအကြောင်းအရာများကို အစိုးရမူပညာရေးကျောင်း

များ၌ပင် ပြဋ္ဌာန်းကာ သင်ကြားပေးသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူများ ဝိနည်းတော်ကို သိထားမှ သာလျှင် ရဟန်းတော်များ ဗုဒ္ဓသာသနာပြုရာ၌ အထောက်အပံ့ကောင်း ရနိုင်မည်ဟု ယုံကြည်သော ကြောင့်ဖြစ်ပါသည်။

**ကိုနိုင်လင်း (B.A)**

**ရန်ကုန်**

လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းကို သိတန်သရွေ့ သိရပြီဖြစ်၍ လက်တွေ့ကျင့်သုံးမည်ဟု စိတ်ပိုင်းဖြတ်ထားသည်။

**Dr.ဇေယျာမင်းလှိုင် (M.B.B.S)**

**ရန်ကုန်**

လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းကို သိရပြီဖြစ်လို့ သံဃာတော်များကို အပြစ်မဖြစ်အောင် ဆက်ဆံတတ်ပါပြီ။

**ဒေါ်ဆွေဇင်ဒွေး (LL.B)**

**နေပြည်တော်**

လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းကို ဗုဒ္ဓဘာသာဝင်တိုင်း သိကို သိရမည်ဖြစ်ပြီး သိအောင် လည်း ကြိုးစား လေ့လာထားရမည်။

**ဆရာမနန်းခမ်းတစ် (B.N.Sc)**

**သူနာပြု**

ဝိနည်းသည် ရဟန်းတော်တို့နှင့်သာ လုံးလုံး သက်ဆိုင်ပြီး လူတို့နှင့် လုံးဝမပတ်သက်သကဲ့သို့ ထင်ခဲ့ ဖူးပါသည် ဘုရား။ လူတို့နှင့် သက်ဆိုင်သော ရဟန်း ဝိနည်းစာအုပ် ဖတ်ရသောအခါ အချက်အလက် များစွာတို့မှာ မသိသည်ကများပြီး အချို့အချက် အလက်များမှာလည်း ဇဝေဇဝါ သိသလိုလို ကြားဖူး သလိုလို ဖြစ်ခဲ့ပါသည်ဘုရား။

ဤစာအုပ် ဖတ်ပြီးသော် အိပ်ပျော်နေသည် ကို လှုပ်နှိုးခံရသကဲ့သို့ တပည့်တော်မ၏ အသိအမြင် များ နိုးကြားလာပါသည်ဘုရား။

**ဒေါ်သန္တာအုန်း (BE,Civil.)**
**သစ္စာဆောက်လုပ်ရေးနှင့်အင်ဂျင်နီယာလုပ်ငန်း၊**
**ရန်ကုန်**

မိမိနှင့်နီးစပ်ရာ ပတ်ဝန်းကျင်ရှိ မိတ်ဆွေများကို Knowledge မျှဝေပါမည်။ သံဃာတော်များနှင့် ဖူးတွေ့ရသည့်အခါတွင်လည်း အပြစ်မဖြစ်အောင် သတိပြု၍ ဆက်ဆံပါမည်။

**ဒေါ်မိုးဖြူမာအောင် (M.B.A)**
**ရန်ကုန်**

ရဟန်းတော်များ အပြစ်မဖြစ်အောင် ဝိနည်းနှင့် လျော်ညီစွာ ဆည်းကပ်ပါတော့မည်။

**ဒေါ်ခင်စိုးဝင်း (B.Sc)**
**သရုပ်ပြ**

လူ့ဘောင် လူ့လောကတွင် လိုက်နာကျင့်သုံးရသော လူ့ဥပဒေနှင့် မြတ်စွာဘုရားရှင်၏ အဆုံးအမ သံဃာ့ဝိနည်းမှာ များစွာကွာခြားသည်ကို လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်း စာအုပ်ကို ဖတ်ရှုခွင့်ရ၍ သိရသဖြင့် သံဃာတော်များကို ပို၍ကြည်ညို ပါသည်။

**ကိုဝင်းလှိုင် (T.H.S.Ec)**

**ရန်ကုန်**

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် အထောက်အကူပြုနိုင်မည့် စာအုပ်ဖြစ်သဖြင့် အခေါက်ခေါက် အခါခါဖတ်ပါမည်။ လိုက်နာပါမည်။ ကျင့်သုံးပါမည်။

**Dr.ဆုမြတ်ဟန် (M.B.B.S)**

**ရန်ကုန်**

လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းကို သိရပြီဖြစ်၍ ရဟန်းသံဃာများနှင့် ဆက်ဆံရာတွင် တပည့်တော်တို့ အပြစ်လွတ်ကင်းအောင် ဆောင်ရွက်တတ်ပါပြီဘုရား။

**ဦးဝင်းမောင် (B.A .His)**

**နေပြည်တော်ပျဉ်းမနား**

# မာတိကာ


| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| ၁ | မန္တလေးမြို့၊ ရန်ကင်းတောင်၊ ရွှေကျင်မြောက်ကျောင်းဆရာတော်ဘုရားကြီး၏ အာသီသဆုတောင်း | က |
| ၂ | ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ | ခ |
| ၃ | ရွှေဥမင်ဆရာတော်ဘုရားကြီး၏ပုံတော် | ဂ |
| ၄ | ရဟန်းချမ်းသာ | ဃ |
| ၅ | နဘူးကျင်းဆရာတော်ဘုရားကြီး၏ ပုံတော် | င |
| ၆ | ဤကောင်းမှုအတွက် ဆုတောင်း | စ |
| ၇ | စာဖတ်သူအမြင် | ဆ |
| ၈ | လူပါရာဇိက ကျတယ်ဆိုတာ ရှိကောင်းပါသလား။ | ၁ |
| ၉ | ရှင်ရဟန်းမပြုထိုက်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်သူတွေလဲ။ | ၁၉ |
| ၁၀ | အသက်(၂၀)ပြည့်မှပဲ ရဟန်းဖြစ်နိုင်ပါသလား။ | ၂၄ |
| ၁၁ | ဒုလ္လဘရဟန်းပြုရတဲ့အကြောင်းကို သိချင်ပါတယ်။ | ၃၀ |
| ၁၂ | ရှင်သာမဏေပြုရင် ဘယ်အချိန်မှာ ရှင်သာမဏေဖြစ်ပါသလဲ။ | ၃၄ |
| ၁၃ | ရဟန်းခံရင် ဘယ်အချိန်မှာ ရဟန်းဖြစ်ပါသလဲ။ | ၃၆ |
| ၁၄ | အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းတစ်ဦး ခွင့်မယူဘဲရဟန်းခံရင် ရဟန်းဖြစ်နိုင်ပါသလား။ | ၃၉ |
| ၁၅ | ဇနီးမယားက ခွင့်ပြုမှသာ ရဟန်းပြုခွင့်ရှိပါသလား။ | ၄၁ |

| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| ၁၆ | ရဟန်းတော်များ သိက္ခာထပ်ရတဲ့အကြောင်း သိချင်ပါတယ်။ | ၄၇ |
| ၁၇ | ပရိက္ခရာဆိုတာ ဘာတွေပါရသလဲ။ | ၆၂ |
| ၁၈ | ရဟန်းတော်တို့နှင့်သာ သက်ဆိုင်ပြီး လူနှင့် မတူတဲ့ အစားအသောက်ဆိုင်ရာ ဘုရား ဥပဒေကို သိချင်ပါတယ်။ | ၆၇ |
| ၁၉ | ရဟန်းသံဃာ အမြဲတမ်း ဆွမ်းခံခွင့်မရှိတဲ့အိမ် ဆိုတာမျိုး ရှိနိုင်ပါသလား။ | ၈၃ |
| ၂၀ | ပဝါရိတ်သင့်တယ်ဆိုတာ ဘာလဲ။ | ၈၉ |
| ၂၁ | အကပ်ပျက်တယ်ဆိုတာ ဘာလဲ။ | ၉၇ |
| ၂၂ | ကပ္ပိတယ်ဆိုတာ ဘာလဲ။ | ၉၉ |
| ၂၃ | ကပ္ပိယကာရက ဆိုတာကိုလည်း သိချင်ပါတယ်။ | ၁၁၀ |
| ၂၄ | ဗုဒ္ဓသာသနာ အသုံးအနှုန်းကိုလည်း သိချင် ပါတယ်။ | ၁၁၇ |
| ၂၅ | သံဃာတော်များ ရပ်ကွက်ထဲက လူတွေ နေတဲ့အိမ်မှာ ညကျိန်းကောင်းပါသလား။ | ၁၂၃ |
| ၂၆ | တစ်ပါးတည်းနေတာနှင့် အများနှင့်နေတာ ဘယ်ဟာ သင့်တော်ပါသလဲ။ | ၁၃၀ |
| ၂၇ | ရဟန်းသံဃာတော်များအား ဆွေမျိုးအခေါ် အဝေါ် ခေါ်ခွင့်ရှိပါသလား။ | ၁၃၅ |
| ၂၈ | ထိခြင်းငါးဖြာနဲ့ ရှိခိုးတာကိုလည်း သိချင် ပါတယ်။ | ၁၅၀ |
| ၂၉ | ရဟန်းက ကျေးဇူးရှင်မွေးမိဘတို့ကို ရှိခိုးခွင့် ရှိပါသလား။ | ၁၅၄ |

| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| ၃၀ | အသက်ကြီးတဲ့သူနှင့် ဝါကြီးတဲ့သူဘယ်သူကို ရှိခိုးရမလဲ။ | ၁၅၆ |
| ၃၁ | သီလရှင်ထံပါး ဥပုသ်သီလ ခံယူဆောက်တည် ကောင်းပါသလား။ | ၁၆၀ |
| ၃၂ | ဘိက္ခုနီနှင့် သီလရှင် ဘယ်လို ကွာခြား ပါသလဲ။ | ၁၆၅ |
| ၃၃ | မြတ်စွာဘုရားရှင်က အမေ့နို့ဖိုး မကျေဘူး ဆိုတာ ဟုတ်နိုင်ပါသလား။ | ၁၈၆ |
| ၃၄ | ဘုန်းကြီးကျောင်း ဝေယျာဝစ္စလုပ်ရင် ဘယ်လိုကုသိုလ်ရနိုင်သလဲ။ | ၁၉၂ |
| ၃၅ | ဥပုသ်သည် မြေတူးရင်၊ သစ်ပင်ခုတ်ရင် အပြစ်ဖြစ်တယ်ဆိုတာ ဟုတ်ပါသလား။ | ၁၉၈ |
| ၃၆ | လူက ရဟန်းသံဃာကို စေခိုင်းမိရင် အပြစ် ဖြစ်ပါသလား။ | ၂၀၇ |
| ၃၇ | သာသနာ့သမိုင်းဝင် နေရာတွေသွားပြီး ကွယ်လွန်ပြီး မိဘဘိုးဘွားတို့ကို အမျှဝေရင် ကုသိုလ်ပိုရပါသလား။ | ၂၁၃ |
| ၃၈ | မာတုဂါမရဲ့ခေါင်းက ဆံပင်ရှည်ကြီးကိုဖြတ်ပြီး သံဃာလှူရင် ကုသိုလ်ရပါသလား။ | ၂၁၈ |
| ၃၉ | ကျမ်းညွှန်း | ၂၂၁ |

## ၁။ လူပါရာဇိက ကျတယ်ဆိုတာ ရှိကောင်းပါသလား?

ကွန်ပျူတာကျောင်းသားသည် ယခုနှစ်နွေဦး၌ ရဟန်းခံရန် ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် ရဟန်းဘဝကို စိတ်ကူးဖြင့် နေကြည့်ဟန်တူပါသည်။ သူသည် ရံခါ သူ့ပတ်ဝန်းကျင်နှင့် မလိုက်အောင် မမျှော်လင့်သည့် မေးခွန်းများကို မေးမြန်းလေ့ရှိပါသည်။

ကွန်ပျူတာကျောင်းသား။ ။ပါရာဇိက ကျတဲ့ ရဟန်းက ဒီဘဝမှာ နောက်ထပ်တစ်ကြိမ် ရဟန်းမဖြစ်နိုင်တော့ဘူးဆိုတာကို ဘုရားတပည့်တော် စာအုပ်ထဲ ဖတ်ဖူးပါတယ်ဘုရား။ မှန်ပါသလားဘုရား။

ဦးဇင်း ။ ။မှန်ပါတယ်၊ ပါရာဇိက အာပတ်သင့်ထားတဲ့ ရဟန်းက ဒီဘဝမှာ ပြန်ပြီးတော့မှ ရဟန်းမဖြစ်နိုင်တော့ပါဘူး။ သိမ်ထဲမှာ တစ်ရာတစ်ထောင်သော ရဟန္တာမထေရ်မြတ်ကြီးတွေက ဥတ်ကမ္မဝါစာ အကြိမ် တစ်ထောင်မက ဖတ်ပြီး ရဟန်းခံပေးစေကာမူ ရဟန်း

စစ်စစ် မဖြစ်နိုင်တော့ပါဘူး မောင်ကျောင်းသား။ ဥပမာ ပေးပါဦးမယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ဥပမာနဲ့ဆိုရင် ပိုပြီး မှတ်မိတတ်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ။ ခေါင်း ဖြတ်ပြီးတဲ့လူဟာ အဲဒီ ခေါင်းနဲ့ကိုယ်ကို ဆက်ပေးသော်လည်း အသက် မရှင်နိုင်တော့သလို၊ ရင့်ရော်ပြီးတော့မှ အညှာကနေ ကြွေကျသွားတဲ့ သစ်ရွက်ကို ပြန်ဆက်ပေးရင်လည်း ရှင်သန်မလာတော့သလိုပါပဲ။ ပါရာဇိကကျပြီးတဲ့ ရဟန်းလည်းပဲ ဒီတစ်သက် ထပ်ပြီးတော့မှ ရဟန်းမဖြစ် နိုင်တော့ပါဘူး။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ အဲသလိုပဲ ပါရာဇိက ကျတဲ့ရဟန်းက ပြန်ပြီး ရဟန်းမဖြစ်သကဲ့သို့ပဲ ပါရာဇိကကျတဲ့လူကလည်းပဲ ရဟန်းမဖြစ်တာရှိသေးတယ်။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော် တစ်ခါမှ မကြားဖူး ပါဘုရား။ လူပါရာဇိကကျတဲ့လူဆိုတာ ရှိကောင်းပါ သလား။

ဦးဇင်း ။ ။ ဒီဘဝမှာ ရှင်ရဟန်း မဖြစ်ကောင်းတဲ့ ပုဂ္ဂိုလ်ဟာ လူ့ပါရာဇိကပါပဲ။

ကွန်ပျူတာကျောင်းသား။ ။ ဘုရားတပည့်တော် ဒါကို စိတ်ဝင်စားတယ်ဘုရား။ ဘယ်လိုပုဂ္ဂိုလ်မျိုးဟာ ယခုဘဝမှာ ရဟန်း မဖြစ်ကောင်းတာပါလဲ ဘုရား။

ဦးဇင်း ။ ။ ဒီဘဝမှာ ရှင် ရဟန်း ပြုဖို့ မထိုက်တန်တဲ့ ပုဂ္ဂိုလ်ကို ပါဠိစာပေမှာ အဘဗ္ဗပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။

ကွန်ပျူတာကျောင်းသား။ ။ အဲဒီလို ရဟန်းမပြုကောင်းတဲ့ အဘဗ္ဗပုဂ္ဂိုလ် ဘယ်နှစ်ယောက်လောက် ရှိပါသလဲဘုရား။

ဦးဇင်း ။ ။ တစ်ကျိပ်နှင့် တစ်ယောက် ရှိပါတယ်။

အသက် (၂၀) မပြည့်သေးတဲ့သူတစ်ယောက်နှင့် ရဟန်းဘဝမှာ ပါရာဇိကကျပြီးတဲ့သူ တစ်ယောက် ပါပေါင်းရင်တော့ စုစုပေါင်း (၁၃)ယောက်က အကြိမ် (၁၀၀) ရဟန်းခံရင်လည်း ရဟန်းမဖြစ်နိုင်ပါဘူး မောင်ကျောင်းသား။

ကွန်ပျူတာကျောင်းသား။ ။ ဘုရားတပည့်တော် အဲဒီပုဂ္ဂိုလ်တွေကို လည်း ဗဟုသုတအဖြစ် မှတ်သားချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ၊ မှတ်သား ပါ၊ အဘဗ္ဗပုဂ္ဂိုလ် တစ်ကျိပ်တစ်ယောက်ကတော့ (၁) ပဏ္ဍုက်၊ (၂) ဥဘတောဗျည်း၊ (၃)ထေယျသံဝါသကတို့ကို ရှင်ရဟန်း မပြုပေးကောင်းဘူး။ (၄) တိတ္ထိတို့ရဲ့ ဝါဒကို ကြိုက်နှစ်သက်တဲ့အတွက် တိတ္ထိကို ကူးပြောင်းသွားတဲ့ တိတ္ထိယ ပက္ကန္တကကိုလည်း ရှင်ရဟန်းမပြုပေးကောင်းဘူး။ (၅) တိရစ္ဆာန်၊ (၆) အမိကိုသတ်တဲ့ မာတုဃာတက ပုဂ္ဂိုလ်၊ (၇) အဖကိုသတ်တဲ့ ပိတုဃာတက ပုဂ္ဂိုလ်တို့ကိုလည်း ရှင်ရဟန်းမပြုပေး ကောင်းပါဘူး။ (၈) မြတ်စွာဘုရားကို သွေးစိမ်းတည် အောင်ပြုတဲ့ လောဟိတုပ္ပါတကပုဂ္ဂိုလ်၊ (၉) သံဃာ သင်းခွဲတဲ့ ပုဂ္ဂိုလ်၊ (၁၀) အရဟန္တဃာတက ရဟန္တာကို သတ်တဲ့ပုဂ္ဂိုလ်နှင့် (၁၁) ဘိက္ခုနီတို့ကို ဖျက်ဆီးတဲ့ပုဂ္ဂိုလ် အဲဒီ တစ်ကျိပ်တစ်ယောက်သော ပုဂ္ဂိုလ်ဟာ ရှင်ရဟန်းပြုပေးဖို့ လုံးဝ မထိုက်တန်တဲ့ အတွက်ကြောင့် အဘဗ္ဗပုဂ္ဂိုလ်လို့ ခေါ်တယ်။[၁]

ဒေါက်တာအောင်သူ ။ ။ များလွန်းလို့ မှတ်မိဖို့တောင် မလွယ်တော့ ပါဘူးဘုရား။

ဦးဇင်း ။ ။ ကောင်းပြီ။ မှတ်သားရလွယ်ကူအောင် လင်္ကာ လေးတွေရှိတယ်လေ။

---

၁။ ၁၀၉–၁၁၆၊ ပဏ္ဍကဝတ္ထု၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ–၁၁၉–၁၂၄)

ဦးဇင်း MA ။ ။ မှန်ပါဘုရား။ လက်ာနဲ့ မှတ်သားပါရစေဘုရား။

ဦးဇင်း ။ ။ ပဏ်၊ ထေ၊ ပက်၊ ဆန်၊ ပဋ္ဌာနန်၊ ဒူသံ၊ ဥဘောဗျည်း၊ ရှင်ရဟန်းသာ မပြုရာ မှတ်ပါ တစ်ဆယ့်တစ်တဲ့ဗျာ။

ဦးဇင်း MA ။ ။ လက်ာရဲ့အနက်ကို စိတ်ထဲ ဖော်မရပါဘုရား။

ဦးဇင်း ။ ။ ပဏ်က ပဏ္ဍုက်၊ ထေက ထေယျသံဝါသက၊ ပက်က တိတ္ထိဝါဒကို ကူးပြောင်းသွားတဲ့သူ၊ ဆန်က တိရစ္ဆာန်ဆိုတော့ (၄)ဦးရသွားပြီ၊ ပဋ္ဌာနန်က ပဋ္ဌာနန္တရိယကံထိုက်တဲ့ပုဂ္ဂိုလ် (၅)ဦးပေါင်း ပုဂ္ဂိုလ် (၉)ဦးရပြီနော်။

ဦးဇင်း MA ။ ။ မှန်လှပါဘုရား။

ဦးဇင်း ။ ။ ဒူသံကဘိက္ခုနီ ဖျက်ဆီးတဲ့သူနှင့် ဥဘတော ဗျည်းပေါင်းရင် စုစုပေါင်း ပုဂ္ဂိုလ် (၁၁) ဦးရတယ်။

ဦးဇင်း MA ။ ။ မှန်လှပါဘုရား။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော် နားသာထောင်လိုက်

ရတယ်။ တချို့ပါဠိဝေါဟာရတွေတော့ နားလည် သော်လည်း တစ်ချို့ကတော့ နားကိုမလည်ဘူးဘုရား။ ပါဠိစကားလုံးတွေနဲ့ တပည့်တော် မရင်းနှီးဘူးဘုရား။

ဦးဇင်း ။ ။ ပါဠိစကားလုံးတွေနဲ့ မရင်းနှီးလို့ မမှတ်မိ ရင်လည်း ပြန်ပြီး မေးလျှောက်လို့ရပါတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ ပဏ္ဏတ် ဥဘောတို့ ဆိုတာကို တပည့်တော် နားမလည်ပါဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား၊ တပည့် တော်လည်း အဲဒီ စကားလုံးတွေရဲ့ အနက်အဓိပ္ပါယ်ကို သိချင်ပါသေး တယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ၊ ကောင်း ပါပြီ၊ ပဏ္ဏတ်ရဲ့ အဓိပ္ပါယ်ကို လိုရင်းတိုတို ပြောရမယ်ဆိုရင်တော့ လိင်ချို့တဲ့ တဲ့ လူသားလို့ပဲ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဒီလောက်သိရုံနဲ့တော့ မပြည့်စုံနိုင်သေးပါဘူး။ ဒါကြောင့် ပြည့်စုံအောင် ပြောပြပါဦးမယ်။

ဦးဇင်း MA ။ ။ မှန်ပါဘုရား၊ တပည့် တော် ပြည့်ပြည့်စုံစုံ သိချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ၊ပဏ္ဍုက်က ငါးမျိုးတောင်ရှိတယ်။[၁] ငါးမျိုးလုံးဟာ သာသနာနဲ့ မထိုက်တန်သူတွေပါပဲ။ ဘာကြောင့်လဲဆိုရင် ရှင်၊ ရဟန်းမပြုကောင်းလို့ပါ။ စက်ဆုပ်စရာကောင်းတဲ့ ပုဂ္ဂိုလ်တွေပေါ့။ အဲဒီငါးမျိုးထဲက နံပါတ် (၁) အာသိတ္တကပဏ္ဍုက်မျိုး၊ သူက တစ်ပါးသော ယောကျ်ားရဲ့ အင်္ဂါဇာတ်ကို ပါးစပ်နဲ့ စုပ်ပြီးတော့မှ မိမိသုတ်လွှတ်မှုပဲ ကိလေသာ ပူလောင်မှု ငြိမ်းတဲ့ ပဏ္ဍုက်မျိုး ဖြစ်ပါတယ်။ (၂) ဥဿူယပဏ္ဍုက်ဆိုတာကတော့ တစ်ပါးသောသူရဲ့ မေထုန်သံဝါသပြုတာကို ချောင်းမြောင်းကြည့်ရှုရရင် ကိလေသာအပူငြိမ်းတဲ့ ပဏ္ဍုက်ဖြစ်ပါတယ်။ သူတို့ ရဟန်းပြုခွင့်မရှိဘူး။ (၃) ဩပက္ကမိပဏ္ဍုက်လည်းပဲ ရဟန်းပြုခွင့်မရှိပါဘူး။ သူက ဘယ်လိုလဲဆိုရင် ခွေးများ၊ နွားများသင်းကွပ်သလို လို့လ ပယောဂကြောင့် ဝှေးစေ့ထုတ်ခံရတဲ့ ပုဂ္ဂိုလ်ပါပဲ။ နောက်နံပါတ် (၄)က ပက္ခပဏ္ဍုက်တဲ့ တချို့က လဆုတ်ပက္ခမှာ၊ တချို့က လဆန်းပက္ခမှာ ကိလေသာရာဂမီး မခံမရပ်နိုင် ပူလောင်တတ်ကြပါတယ်။ သူတို့လည်း ရှင်ရဟန်းပြုခွင့်မရှိပါဘူး။ (၅) နပုံးသကပဏ္ဍုက်ကတော့ ပဋိသန္ဓေကာလကတည်းက ဣတ္ထိဘာဝရုပ်ရော၊ ပုံးဘာဝရုပ်ပါ မပါလာတာ၊

---

၁။ ၁၀၉၊ ပဏ္ဍကဝတ္ထုကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂအဋ္ဌကထာ။ (နှာ-၂၉၇)

တနည်းပြောရရင် မွေးလာကတည်းက ယောကျ်ားအင်္ဂါဇာတ်ရော၊ မိန်းမအင်္ဂါဇာတ်ရော မပါတဲ့သူမျိုးကိုတော့ နပုံးသကပဏ္ဍုက်လို့ ခေါ်ပါတယ်။

ဦးဇင်း MA ။ ။ အဲဒီ(၅) မျိုးစလုံး ရဟန်းမပြုကောင်း တာလား ဘုရား။

ဦးဇင်း ။ ။ အဲဒီ (၅) မျိုးမှာ နံပါတ် (၁)နဲ့ နံပါတ် (၂)ကိုတော့ ရှင်သာမဏေ ပြုပေးကောင်းပါတယ်။ ရဟန်းတော့ မပြုပေးကောင်းဘူး။ ကျန်တဲ့ ပဏ္ဍုက် (၃)မျိုးကိုတော့ သာမဏေလည်း ပြုမပေးကောင်းဘူး။ ရဟန်းဆိုတာတော့ ပြောစရာကို မလိုတော့ပါဘူး။[၁]

ဒေါက်တာအောင်သူ ။ ။ အဲဒီပဏ္ဍုက် (၂)မျိုး ကိုကျတော့ ဘာကြောင့် ရှင်ရဟန်းပြုခွင့်ရှိတာပါလဲ ဘုရား။

ဦးဇင်း ။ ။ ဘာလို့ ရှင်ရဟန်းပြု ခွင့်ပေးရတာလဲဆို တော့ ကိလေသာ ရာဂစိတ် ထကြွလာတဲ့အခါ ယောနိသော မနသိကာရနှင့် ကိလေသာငြိမ်းပျောက်ကြောင်း တရားဓမ္မကို အကြိမ်ကြိမ် နှလုံးသွင်းပြီး တော့မှ တားဆီးနိုင်တဲ့ အခွင့်အရေးရှိတဲ့အတွက်

၁။ ၁၀၉၊ ပဏ္ဍကဝတ္ထုကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂအဋ္ဌကထာ။ (နှာ-၂၉၇)

ကြောင့် သူ့ကို ရှင်ရဟန်းပြုပေး ကောင်းတယ်လို့ ဆိုပါတယ်။ ကိလေသာရာဂ သောင်းကျန်းလာတာကို မတားဆီးနိုင်တော့လို့ သူတစ်ပါး အင်္ဂါဇာတ်ကို စုပ်တာတို့၊ သူတစ်ပါးအင်္ဂါဇာတ်အပေါ်မှာ ဖိထိုင်တာတို့ အဲဒီလို လွန်ကျူးလို့ရှိရင် ရဟန်း မဟုတ်တော့ဘူးလေ။ ရဟန်းအဖြစ်က ပါရာဇိက ကျသွားပြီ။ သာမဏေဆိုလို့ ရှိရင်လည်း လိင်ကျတယ်။

ဒေါက်တာအောင်သူ ။ ။ တပည့်တော်တို့ ဆေး ပညာအလိုနဲ့ မြတ်စွာဘုရားရဲ့ ဥပဒေတော်က အလွန်ပဲ တိကျလွန်းလှပါတယ်ဘုရား။ ဆေးပညာမှာလဲ တချို့လူတွေဟာ ဒီလို လဆန်း၊ လဆုတ်ရက် ရောက်တဲ့အခါမှာ ကာမစိတ်တွေ သောင်းကျန်းပြီးတော့မှ နေသော်လည်းပဲ ကျန်တဲ့အချိန်မှာ ရာဂစိတ်တွေ ငြိမ်ပြီးတော့မှ လူကောင်းအဖြစ်နှင့်ပဲ ရှိပါတယ်ဘုရား။ တချို့ကျတော့ မွေးရာပါ အင်္ဂါဇာတ် (၂)မျိုးစလုံး မပါသော်လည်းပဲ ကျင်ငယ်စွန့်ဖို့ရာ အဝများသာပါတဲ့ ကလေးတွေလည်း ရှိကြပါတယ်ဘုရား။ ပါဠိလို နာမည်ကိုတော့ အခုမှပဲ ကြားဖူးတာပါဘုရား။

ဦးဇင်း MA ။ ။ ပဏ္ဍုက်တွေကြောင့် အာပတ်သင့်တာတွေကိုလည်း တပည့်တော်စာအုပ်ထဲမှာ ကြိုကြားဖတ်ဖူးတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ပဏ္ဍုက်တွေကြောင့် ရဟန်းမှာ အာပတ်သင့်တာ များလှပါတယ်။ သံဃာဒိသေသ်အာပတ်မှာ ပဏ္ဍုက်က ထုလ္လစ္စည်းဝတ္ထုဖြစ်ပြီးတော့[၁]မှ ပါစိတ်အာပတ်မှာ ပဏ္ဍုက်က ဒုက္ကဋ်ဝတ္ထုဖြစ်ပါတယ်။[၂] သံဃာဥပုသ်ပြုတဲ့အခါမှာ နှစ်တောင့်တစ်ထွာ ဟတ္ထပါသ်အတွင်းကနေ ဖယ်ကြဉ်ရတဲ့ နှစ်ဆယ့်တစ်ယောက်ထဲမှာ ပဏ္ဍုက်ပါဝင်တယ်လေဦးဇင်း။ ပဏ္ဍုက်–သံဃာပရိသတ်အတွင်းမှာ ရှိနေရင် ပါတိမောက်မပြဘဲ ရပ်ထားရတယ်။[၃] ရှိမခိုးထိုက်တဲ့ ပုဂ္ဂိုလ် (၁၂)ယောက်ထဲမှာ ပဏ္ဍုက်က ပါဝင်နေပြန်တယ်။[၄] ရဟန်းတော်များ အကျွမ်းတဝင် မိတ်ဖက်ပေါင်းသင်းခွင့်မရှိတဲ့ ပုဂ္ဂိုလ်များ၊ ဆွမ်းမခံကောင်းတဲ့ အဂေါစရတွေထဲမှာလည်း အဲဒီပဏ္ဍုက်အိမ်က ပါဝင်နေပြန်တယ်။[၅] ဒါတင်ပဲလားဆိုရင် မပြီးသေးဘူးဗျာ။ လျှို့ဝှက်အပ်တဲ့ ပြဿနာတွေကို မတိုင်ပင်သင့်တဲ့ပုဂ္ဂိုလ် (၉)ယောက်ထဲမှာ စိတ်ထားမတည်ကြည်တဲ့အတွက်ကြောင့် ပဏ္ဍုက်ပါလာပြန်တယ်။[၆] မိန်းမရယ်၊ ပဏ္ဍုက်ရယ်၊

---

၁။ ၂၇၃၊ ကာယသံသဂ္ဂ သိက္ခာပဒ ပဒဘာဇနီယ၊ ပါရာဇိကပါဠိ။ (နှာ–၁၇၅)
၂။ ၂၈၆၊ ရဟောပဋိစ္ဆန္နသိက္ခာပဒ၊ အစေလကဝဂ်၊ ပါစိတ္တိယပါဠိ။ (နှာ–၁၂၉)
၃။ ၃၂။ ပါတိမောက္ခဋ္ဌပနာသုတ္တ၊ အင်္ဂုတ္တရပါဠိ (တတိယ)၊ (နှာ–၃၁၂)
၄။ ၃၁၂၊ အဝန္ဒိယာဒိပုဂ္ဂလ၊ သေနသနက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ–၃၁၂)
၄၆၆၊ ကထိနတ္ထာရဝဂ္ဂ၊ ဥပါလိပဉ္စက၊ ပရိဝါရပါဠိ (နှာ–၃၅၇)
၅။ ၈၇၊ အညတိတ္ထိယပုဗ္ဗကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ–၁၀၀)
၆။ မိလိန္ဒနှင့် ရှင်နာဂသေန (၉၉–၁၀၀)

ဥဘတောဗျည်းရယ်၊ အဲဒီ (၃)ယောက်နှင့် ရှည်တဲ့ ခုံတန်းနေရာမှာတောင် ရဟန်းနဲ့ အတူတူထိုင်ခွင့်မရှိပါဘူးဗျာ။[၁] မေးခွန်းတွေ များနေတာနဲ့ပဲ လိုရင်းတောင် မရောက်တော့ဘူး။ ပဏ္ဍုက်နဲ့ ပတ်သက်တာတော့ ဒီလောက်ဆို တော်တော်လေး ပြည့်စုံပြီပဲ။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ ဘုရားတပည့်တော် ရှင်ရဟန်းမပြုကောင်းတဲ့ ဥဘတောဗျည်းဆိုတာလဲ သိချင်ပါသေးတယ်ဘုရား။

ဦးဇင်း ။ ။ ဥဘတောဗျည်းလည်းပဲ လိင်အင်္ဂါနဲ့ ပတ်သက်တာပါပဲ။ ယောက်ျားအင်္ဂါ၊ မိန်းမအင်္ဂါ နှစ်မျိုးပါတဲ့သူကိုခေါ်တာပါ။ ပမာအားဖြင့် ယောက်ျားကိုမြင်ပြီး မိန်းမစိတ်ဝင်တဲ့အခါမှာ မိန်းမအင်္ဂါ ထင်ရှားလာပြီး၊ ယောက်ျားအင်္ဂါ ပျောက်ကွယ်တိမ်မြုပ်ပြီးတော့မှ၊ မိန်းမကိုမြင်ပြီး ယောက်ျားစိတ်ဝင်တဲ့အခါမှာ ယောက်ျားအင်္ဂါ ထင်ရှားလာပြီး မိန်းမအင်္ဂါ ပျောက်ကွယ်သွားတဲ့ ယောက်ျားတလှည့်၊ မိန်းမတလှည့်ဖြစ်တဲ့သူဟာ ဥဘတောဗျည်းပါပဲဗျာ။

ဒေါက်တာအောင်သူ ။ ။ အဲဒါမျိုးလည်း တပည့်တော်တို့ ဆေးပညာ

၁။ ၃၂၀၊ တတိယဘာဏဝါရ၊ သေနာသနက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ–၃၂၀)

မှာ ဖော်ပြတာရှိပါတယ်ဘုရား။ တချို့က မိန်းမအင်္ဂါထင်ရှားပြီး၊ ယောက်ျားနိမိတ်မထင်ရှားဘူး။ တချို့က ယောက်ျားအင်္ဂါထင်ရှားပြီး၊ မိန်းမအင်္ဂါ မထင်ရှားဘူး။

ဦးဇင်း ။ ။ မှန်ပါတယ်၊ အဲဒီမှာ မိန်းမဥဘတောဗျည်းနဲ့ ယောက်ျားဥဘတောဗျည်းဆိုတာ ရှိပြန်ပါသေးတယ်။

ဦးဇင်း MA ။ ။ အဲဒီ နှစ်မျိုးစလုံးဟာ ရှင်ရဟန်းမပြုကောင်းတာလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ အဲဒီ ဥဘတောဗျည်း နှစ်မျိုးစလုံးကို ရှင်ရဟန်းမပြုပေးကောင်းပါဘူး။ ပြုပေးရင်လည်း ရဟန်းမဖြစ်ပါဘူး။ အကယ်၍ မသိလို့ ပြုပေးမိရင် သိတာနှင့် သင်္ကန်းချွတ်ပြီး ရဟန်းအသွင်ကို ဖျက်ပြီး လူဖြစ်စေရပါတယ်။

ဦးဇင်း MA ။ ။ ဘာဖြစ်လို့ သူတို့ဘဝ အဲဒီလိုဖြစ်ရတာလဲဘုရား။

ဦးဇင်း ။ ။ အကုသိုလ်ကံပါပဲ။ ဘဝ၊ ဘဝက ပြုခဲ့တဲ့ သူတို့ရဲ့ အကုသိုလ်ကံသာလျှင် အဖော်သဟဲ ရှိပါတယ်၊ ရာဂစိတ် ဖောက်လွှဲဖောက်ပြန်မှုကြောင့်သာ

လျှင် ယောက်ျားအင်္ဂါ၊ မိန်းမအင်္ဂါ အမျိုးမျိုးပြောင်းလဲခြင်းဖြစ်ပါတယ်ဦးဇင်း။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား၊ ဒါဟာ လူပါရာဇိကကျတဲ့ ဒုတိယအမျိုးအစားပုဂ္ဂိုလ်လို့ တပည့်တော် မှတ်သားပါ့မယ်ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ရှင်ရဟန်းမဖြစ်တဲ့ ထေယျသံဝါသကဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ ဘုရား။

ဦးဇင်း ။ ။ လိင်(အသွင်)ကို ခိုးတာရယ်၊ သံဝါသကို ခိုးတာရယ်လို့ ပုဂ္ဂိုလ် (၂)မျိုးရှိပါတယ်။ ရှင်ရဟန်းအသွင်ကို ခိုးယူတယ်ဆိုတာကို ပထမဦးဆုံး ရှင်းပြပါမယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ မှန်ပါ။

ဦးဇင်း ။ ။ ဆရာသမား ရဟန်းသံဃာများထံပါးမှာ ရဟန်းမပြုဘဲ ကိုယ့်ဘာသာကို သင်္ကန်းကောက်ဝတ်ပြီး ကျောင်းကိုသွားပြီးတော့မှ နေလိုက်တယ်။ အဲဒါမျိုးကို ရှင်ရဟန်းအသွင်ခိုးတာလို့ ခေါ်ပါတယ်။[၁] နောက်တစ်ခုကတော့ ရှင်ရဟန်းတို့ရဲ့ ပေါင်းဖော်မှုကို ခိုးတယ်ဆိုတာကတော့ မဟုတ်မမှန်ဘဲနှင့် ငါးဝါရပြီ၊

---

၁။ ၁၁၀၊ ထေယျသံဝါသကဝတ္ထုကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၂၉၉)

ဆယ်ဝါရပြီ၊ အဲဒီလို လိမ်ပြီးတော့မှ ဉပုသ်ပဝါရဏာ စတဲ့ ကံကြီး၊ ကံငယ်မှာ ပါဝင်တာမျိုးက ရှင်ရဟန်းတို့ရဲ့ ပေါင်းဖော်မှုကို ခိုးတယ်လို့ အဓိပ္ပါယ်ရပါတယ်။ နောက် တစ်မျိုးကတော့ (၂)မျိုးစလုံး ခိုးတာပေါ့။ အဲဒီလို ပုဂ္ဂိုလ်မျိုးကို ရှင်ဟန်းပြုမပေးကောင်းပါဘူး။

ဒေါက်တာအောင်သူ ။ ။ တိတ္ထိဘောင်ကို ပြောင်းရွှေ့သွားတယ်ဆိုတာကို ဘယ်လိုနားလည်ရမလဲဘုရား။

ဦးဇင်း ။ ။ မြင့်မြတ်တဲ့ ရဟန်းဖြစ်ပါလျက် တိတ္ထိတို့ရဲ့ အယူဝါဒကို သဘောကျပြီးတော့မှ ဘာသာကူးပြောင်းသွားသူကို တိတ္ထိယပက္ကန္တကလို့ ခေါ်ပါတယ်။[၁] သူတို့ကိုလည်း နောင်အခါမှာ ရှင်ရဟန်းပြုမပေးရဘူး။

ဦးဇင်း MA ။ ။ တိရစ္ဆာန်ကို ရှင်ရဟန်းပြုမပေးရဘူးဆိုတာကျတော့ ဘာကို ပြောတာလဲဘုရား။ တိရစ္ဆာန်က ရဟန်းပြုလို့မှ မရတာဘဲဘုရား။

ဦးဇင်း ။ ။ ဒီနေရာမှာ နားလည်ဖို့လိုအပ်တာကတော့ တန်ခိုးရှိတဲ့ နဂါးဖြစ်စေ၊ ဂဠုန်ဖြစ်စေ တစ်မျိုးမျိုးသော

---

၁။ ၁၁၀၊ ထေယျသံဝါသကဝတ္ထုကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၁၂၂)

သတ္တဝါအပါအဝင်၊ သကြားမင်းကြီး ဖြစ်စေကာမူ လူဇာတ်မရှိတဲ့ သတ္တဝါမှန်သမျှကို တိရစ္ဆာန်လို့ပဲ မှတ်ယူရမယ်လို့ စာက ဆိုပါတယ်။[၁]

ဒေါက်တာအောင်သူ ။ ။ အဲဒီပုဂ္ဂိုလ်မျိုး ရှင်ရဟန်းပြုလာခဲ့ရင်ရော ဘုရား။

ဦးဇင်း ။ ။ အဲဒါ မသိလို့ ရှင်ရဟန်းပြုပေးထားခဲ့ရင်လည်း သိတဲ့အချိန်မှာတော့ ရှင်ရဟန်းအသွင်ကို ချက်ခြင်း ဖျက်ဆီးရမယ်။ လူထွက်စေရမယ်။

ကွန်ပျူတာကျောင်းသား။ ။ အဲဒီလို ပုဂ္ဂိုလ်တွေ ရှင်ရဟန်းပြုတဲ့ သာဓကကော ရှိဖူးပါသလားဘုရား။

ဦးဇင်း ။ ။ ရှိခဲ့တာပေါ့၊ ရှိခဲ့တာပေါ့။ မြတ်စွာဘုရား လက်ထက်တော်ကာလက နဂါးတစ်ကောင်ဟာ နဂါးဘဝကို စက်ဆုပ်ရွံမုန်းပြီးတော့မှ ရှင်ရဟန်းပြုရရင် ကောင်းမှာပဲ၊ ဒါဆိုရင် နဂါးဘဝလည်း မြန်မြန် လွတ်မယ်၊ လူ့ဘဝကိုလည်း ရနိုင်မယ်လို့ ကြံစည်ပြီးတော့မှ ရှင်ရဟန်းပြုဖို့လာပြီး လျှောက်ထားတယ်။[၂] ရဟန်းတွေက ရဟန်းခံပေးပြီးတော့မှ ကျောင်းတိုက် အစွန်ဖျားက ကျောင်းတစ်ကျောင်းမှာ အဖော်ရဟန်း

---

၁။ ၁၁၁၊ တိရစ္ဆာနဂတ ဝတ္ထုကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၁၂၀)
၂။ ၁၁၁၊ တိရစ္ဆာနဂတ ဝတ္ထုကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၁၂၀)

တစ်ပါးနဲ့ ထားလိုက်တာ၊ တစ်နေ့သောအခါ အဖော် ရဟန်းမရှိတဲ့အချိန် စိတ်ချ လက်ချ အိပ်ပျော်သွားလိုက် တော့ ပကတိ နဂါးအသွင် ဖြစ်ပေါ်လာတယ်။ အဖော် ရဟန်း ပြန်လာတဲ့အခါမှာ ကျောင်းပေါ်မှာ နဂါးကြီး ခွေနေတာကို မြင်လို့ ထိတ်လန့်တကြား အော်ဟစ် တော့မှ အကြောင်းစုံပေါ်ပြီး ဘုရားရှင်သိမြင်တော်မူတဲ့ အတွက် နဂါးကို တရားဓမ္မနဲ့ဆုံးမပြီး နဂါးပြည် ပြန်လွှတ်တော်မူပြီး သိက္ခာပုဒ်ကို ပညတ်တော် မူပါ တယ်။

ကွန်ပျူတာကျောင်းသား။ ။ အိပ်ချိန်မှအပ ကျန် တဲ့အချိန်မှာတော့ နဂါး မှန်းမသိရဘူးလားဘုရား။

ဦးဇင်း ။ ။ ဒီမှာ ဗဟုသုတ မှတ် သားမယ်ဆိုရင်တော့ နဂါးတို့ရဲ့ ပင်ကိုယ်သဘော ဖုံးကွယ်မရနိုင်တဲ့ အကြောင်း ငါးပါးရှိတယ်တဲ့ဗျာ။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ ဗဟုသုတ သိပါရစေ။

ဦးဇင်း ။ ။ (၁) ပဋိသန္ဓေနေတဲ့ အခါရယ်၊ (၂) အရေ ဟောင်းကိုစွန့်ပြီး အရေသစ်လဲတဲ့အခါရယ်၊ (၃) နဂါးမ နဲ့ မေထုန်မှီဝဲတဲ့အခါရယ်၊ (၄) လွတ်လွတ်ကျွတ်ကျွတ်

စိတ်ချလက်ချ အိပ်ပျော်တဲ့ အခါရယ်နှင့် (၅) စုတေတဲ့ အခါရယ်မှာတော့ နဂိုပင်ကိုယ်သဘောအတိုင်း ဖြစ်တယ်တဲ့။ ကျန်တဲ့အချိန်မှာတော့ သူ့အနေနဲ့ လိုသလို ဖန်ဆင်းလို့ ရနိုင်တယ်လို့ စာမှာ ပြပါတယ်။[၁]

ကွန်ပျူတာကျောင်းသား။ ။ဒါဆိုရင် ဘုရား တပည့်တော် မှတ်မိ

သလောက် လျှောက်ထားပါရစေဘုရား။ (၁)ပဏ္ဍုက်ကို ရှင်ရဟန်းပြုမပေးကောင်းဘူး။ (၂) ယောကျ်ားအင်္ဂါ၊ မိန်းမအင်္ဂါ နှစ်မျိုးရှိတဲ့ပုဂ္ဂိုလ်ကိုလည်း ရှင်ရဟန်းပြုမပေးကောင်းဘူး၊ (၃) ရဟန်းအသွင် ခိုးယူထားခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ကိုလည်း ရှင်ရဟန်းပြုမပေးကောင်းဘူး။ (၄) ရဟန်းဖြစ်ပြီးတော့မှ တိတ္ထိဘာသာ အယူဝါဒကို ယူတဲ့ ပုဂ္ဂိုလ်ကိုလည်း ရှင်ရဟန်းပြုမပေးကောင်းဘူး။ (၅) ဂဠုန်၊ နဂါး အသီးသီးသော တိရစ္ဆာန်တွေကိုလည်း သိကြားမင်းပင် ဖြစ်စေကာမူ ရှင်ရဟန်းမပြုပေးကောင်းဘူး။ (၆)အဖကိုသတ်တဲ့သူ၊ (၇) အမိကိုသတ်တဲ့သူတို့ကိုလည်း ရှင်ရဟန်းပြုမပေးကောင်းဘူး။ (၈)ပြီးတော့ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင် ပြုခဲ့ဖူးသူ၊ (၉) သံဃာသင်းခွဲတဲ့သူ၊ (၁၀) ရဟန္တာကို သတ်တဲ့သူ၊ (၁၁) ဘိက္ခုနီကို ဖျက်ဆီးတဲ့သူတွေကို ရှင်ရဟန်းပြု

---

၁။ ၁၁၁၊ တိရစ္ဆာနဂတ ဝတ္ထုကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၃၄၀)

မပေးကောင်းဘူးဆိုတာ တပည့်တော် မှတ်သားမိပါပြီ ဘုရား။ သို့သော် ဒီနေ့ ဘိက္ခုနီသာသနာမရှိတော့တာမို့ ဘိက္ခုနီဖျက်ဆီးတဲ့သူဆိုတာတော့ မရှိကောင်းတော့ဘူးလို့ ထင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ဘုရားလက်ထက်တော် အခါကတော့ ဘိက္ခုနီတွေရှိပြီး ယခုအခါကတော့ ဘိက္ခုနီသာသနာ မရှိသော်လည်းပဲ သီလနဲ့ပြည့်စုံတဲ့ သီလရှင်တွေကို ပစ္စည်းလာဘ်လာဘနဲ့ ဖြားယောင်းပြီးတော့မှ ဖျက်ဆီးလို့ရှိရင်လည်း ကာမေသုမိစ္ဆာစာရကံထက် အပြစ်ပိုကြီးပါတယ်။ ဗလက္ကာရ အနိုင်ကျင့်ပြီးတော့မှ ဖျက်ဆီးတာဆိုရင်တော့ ဆိုဘွယ်မရှိဘူးပေါ့။ အဲဒီလို ပုဂ္ဂိုလ်တွေလည်း ရှင်ရဟန်းပြုခွင့် မရှိတော့တဲ့ပုဂ္ဂိုလ်များပဲ ဖြစ်နိုင်ပါလိမ့်မယ်။ တနည်းပြောရရင် လူ့ပါရာဇိက ကျနေတဲ့ ပုဂ္ဂိုလ်များလို့ ခေါ်နိုင်မည်လို့ထင်ပါတယ်။

ဒေါက်တာအောင်သူ ။ ။ နက်နဲလှပါတယ်ဘုရား။ ရဟန်းသည်သာ ပါရာဇိကကျတာမဟုတ်ဘဲ လူလည်းပဲ ပါရာဇိကကျတတ်တယ်ဆိုတာကို အံ့ဩဖွယ် မှတ်သားပါ့မယ်ဘုရား။

## ၂။ ရှင်ရဟန်း မပြုထိုက်တဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်သူတွေလဲ?

ဦးဇင်း MA ။ ။ ရှင်ရဟန်း မပြုထိုက်တဲ့ ပုဂ္ဂိုလ်တွေထဲ ခြေပြတ်လက်ပြတ်တဲ့သူတွေ၊ အနာဆိုးရောဂါ ရှိတဲ့သူတွေလည်း ပါတယ်လို့ ဖတ်ဖူးပါတယ်ဘုရား။ အဲဒါ ဘယ်လိုပုဂ္ဂိုလ်များဟာ ရှင်ရဟန်း မပြုထိုက်ပါသလဲ ဆိုတာ ပြည့်ပြည့်စုံစုံ သိပါရစေဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော်လည်း ရှင်ရဟန်း မပြုထိုက်တဲ့ပုဂ္ဂိုလ်များ ဖြစ်နေမလားလို့ အဲဒါ အသေးစိတ် သိချင်ပါတယ်ဘုရား။ စောစောက လူ့ပါရာဇိကထဲက ရဟန်းမပြုထိုက်တဲ့ပုဂ္ဂိုလ် (၁၁)ပါးထဲမှာ တပည့်တော် လွတ်တယ်ဘုရား။ နောက်ထပ် မလွတ်နိုင်တာ ရှိသေးရင်လည်း သိပါရစေဘုရား။

ဦးဇင်း ။ ။ နောက်ထပ် သုံးကျိပ်နှစ်ယောက် ရှိသေးတယ်ဗျာ။

ဦးဇင်း MA ။ ။ ရှင်ရဟန်း မပြု ထိုက်တဲ့ပုဂ္ဂိုလ် (၃၂) ယောက်လားဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ (၃၂) ယောက်သောပုဂ္ဂိုလ်က ရှင်ရဟန်းမပြုကောင်းဘူး။

ကွန်းပျူတာကျောင်းသား။ ။ ဘုရားတပည့်တော် အဲဒီ ပုဂ္ဂိုလ်တွေ အကြောင်း အသေးစိတ် သိပါရစေဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ၊ အဲဒါတွေကတော့–

၁။ လက်ပြတ်တဲ့သူ

၂။ ခြေပြတ်တဲ့သူ

၃။ လက်ရော ခြေရော ပြတ်တဲ့သူ

၄။ နားရွက်ပြတ်တဲ့သူ

၅။ နှာခေါင်းပြတ်တဲ့သူ

၆။ နားရွက်ရော နှာခေါင်းရော ပြတ်တဲ့သူ

၇။ လက်ချောင်း ခြေချောင်း ပြတ်တဲ့သူ

ဒီနေရာမှာတော့ လက်ချောင်း ခြေချောင်းများ ပြတ်ပြီးနေသော်လည်းပဲ ချည်မျှင်တစ်ခုစာလောက် လက်သည်း ခြေသည်း ထင်ရှားနေရင် သူ့ကို ရှင်ရဟန်း ပြုပေးကောင်းပါတယ်။

၈။ လက်မ၊ ခြေမ ပြတ်တဲ့သူ

၉။ ဖနှောင့် စတဲ့ အကြောမကြီး ပြတ်နေတဲ့သူ

ခြေဖဝါးကို အညီအမျှ မနင်းနိုင်ပဲ ခြေဖဝါး ထောက်ပြီးတော့မှဖြစ်စေ၊ ခြေဖျားကိုထောင်ပြီးတော့မှ ဖနှောင့်နဲ့ သွားရတဲ့သူဖြစ်စေ ရှင်ရဟန်းမပြုကောင်းဘူး။

၁၀။ လက်ချောင်း၊ ခြေချောင်းများ တွဲကပ်နေတဲ့သူ

သူ့ကိုတော့ လက်ဖပြင်း၊ ခြေဖပြင်းလို့ ခေါ်တာ ပေါ့၊ လက်ချောင်း၊ ခြေချောင်း အပိုရှိနေရင်လည်းပဲ အပိုတွေကို ဖြတ်တောက်ပစ်ရတယ်။

၁၁။ ကုန်းနေတဲ့သူ၊ ရင်ဘတ်တို့ ကျောကုန်းတို့ နံရိုးတစ်ဘက်ကို စူထွက်နေတဲ့သူကိုလည်း ရဟန်းမပြု ကောင်းဘူး။

၁၂။ ပုက္ကနေတဲ့သူ၊ ခြေသလုံး ပုတိုပြီးတော့ အောက်ပိုင်းတိုတဲ့သူ၊ ခါးတိုပြီးတော့မှ အထက်ပိုင်း တိုတဲ့သူ၊ နှစ်မျိုးလုံး တိုပြီး အထက်ပိုင်း အောက်ပိုင်း တိုတဲ့သူ၊ အဲဒါတွေကိုလည်းပဲ ပုက္ကတဲ့သူလို့ပဲ ခေါ်ပါ တယ်။

၁၃။ လည်ပင်းကြီးတဲ့သူ

၁၄။ သံပြား အမှတ်တံဆိပ် အရိုက်ခံထားရတဲ့သူ

၁၅။ ကြိမ်ဒဏ်ရိုက်ဖို့ အမိန့်ထုတ် ခံထားရတဲ့သူ

၁၆။ သတ်မိန့်ဝရမ်း အထုတ်ခံထားရတဲ့သူ

၁၇။ ခြေထောက်လေးလံပြီး ခြေမမြောက်နိုင် ခြေဒရွတ်ဆွဲနေတဲ့သူ

၁၈။ သည်းခြေနာ၊ သလိပ်နာ၊ ချောင်းဆိုးနာ၊ မြစ်ခြောက်နာ၊ ဆေးကုသော်လည်း မရတဲ့ စက်ဆုပ်ရွံရှာဖွယ်ရာကောင်းတဲ့ မနှစ်မြို့ဖွယ်ရာ နူနာစတဲ့ ရောဂါရှိတဲ့သူကိုလည်း ရှင်၊ ရဟန်းမပြုပေးရပါဘူး။

၁၉။ ပရိသတ်ကို ဖျက်ဆီးနိုင်တဲ့ သွင်ပြင်ချို့တဲ့သူကိုလည်း ရှင်ရဟန်း မပြုပေးကောင်းဘူး။

၂၀။ မျက်စိတစ်ဘက် ကန်းတဲ့သူ

၂၁။ လက်၊ ခြေ ကောက်တဲ့သူ

၂၂။ လက်၊ ခြေ ခွင်တဲ့သူ

၂၃။ ကိုယ်တစ်ခြမ်း သေတဲ့သူ

၂၄။ ဆွံ့အနေတဲ့သူ

၂၅။ ကိုယ့်ကိုကိုယ် မသုတ်သင်နိုင်တဲ့ထိကို အိုမင်းမစွမ်း ဖြစ်နေတဲ့သူ။

၂၆။ မွေးရာပါ မျက်စိကန်းနေတဲ့သူ

၂၇။ စကား ဆွံ့အတဲ့သူ

၂၈။ နားပင်းတဲ့သူ

၂၉။ ကန်းလည်းကန်း၊ အလည်းအတဲ့သူ

၃၀။ ကန်းလည်းကန်း၊ နားလည်းပင်းတဲ့သူ

၃၁။ အ လည်း အ၊ နားလည်းပင်းတဲ့သူ

၃၂။ ကန်းလည်းကန်း၊ အလည်းအ၊ နားလည်း ပင်းတဲ့သူ

အဲဒီလိုလူတွေကို ရှင်၊ ရဟန်း မပြုပေးရဘူး။ မြတ်စွာဘုရား မိန့်တော်မူထားတာရှိတယ်[၁] မောင်ကျောင်းသားတို့။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ကံကောင်းလို့ အဲဒီ (၃၂) ပါးထဲမှာ မပါပါဘူးဘုရား။ ဒါကြောင့် ဒီနေ့ရာသီမှာတော့ ရဟန်းပြုခွင့်ရတော့မှာပါဘုရား။

ဦးဇင်း ။ ။ သာဓုပါဗျာ။

---

၁။ ၁၁၉၊ န ပဗ္ဗာဇေတဗ္ဗ ဒွတ္တိံသံဝါရ၊ မဟာခန္ဓက၊ မဟာဝဂ္ဂဋ္ဌကထာ (နှာ–၁၂၆)

## ၃။ အသက် (၂၀)ပြည့်မှပဲ ရဟန်းဖြစ်နိုင်ပါသလား?

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော် စာအုပ်ကပ်လှူရင်း ဒီနေ့ အစောကြီး ရောက်လာတာပါဘုရား။

ဦးဇင်း ။ ။ ဘာစာအုပ်များ ကပ်မှာပါလိမ့်။

ဒေါက်တာအောင်သူ ။ ။ ဦးဇင်း MA က ဝိသုဒ္ဓိမဂ် ဖတ်ချင်တယ်လို့မိန့်တာနဲ့ ဝိသုဒ္ဓိမဂ်ရယ် ဓမ္မပဒ အဋ္ဌကထာလည်း ကိုယ်ပိုင်စာအုပ် မရှိသေးဘူးလို့မိန့်တာနဲ့ အဲဒီကျမ်းစာအုပ်တွေ ကပ်ပို့လာခဲ့တာပါဘုရား။

ဦးဇင်း ။ ။ ဦးဇင်းလေးကို စာအုပ်တွေ လှူပြီးပြီလား။?

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ ဘုရားတပည့်တော် စာအုပ်တွေ လှူဒါန်းပြီးတော့ အခုလာခဲ့တာပါဘုရား။ မေးလျှောက်ချင်တာလေး တစ်ခုလည်း ရှိနေသေးလို့ပါဘုရား။

ဦးဇင်း ။ ။ မေးလျှောက်ပါ၊ မေးလျှောက်ပါ၊

ဘာများပါလိမ့်။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော့် သားကရဟန်းပြု

သွားတော့ သူ့ရဲ့ ဝမ်းကွဲညီတွေလည်း ရဟန်းပြုချင်စိတ်တွေ ပေါက်လာကြဟန် တူပါတယ်ဘုရား။ တပည့်တော် တူလေးတစ်ယောက်က မနှစ်ကမှ တက္ကသိုလ် စတက်တာပါဘုရား။ ဒီနှစ်စာမေးပွဲ ပြီးတဲ့အခါမှာ သူရဟန်းခံချင်တယ်လို့ ပြောတယ်ဘုရား။ သူတို့မိဘတွေကလည်း ကောင်းတဲ့အလုပ် လုပ်တာပဲ လုပ်ပါစေလို့ပြောပြီး ဘုရားတပည့်တော်ကို လာပြီး တိုင်ပင်ကြပါတယ်ဘုရား၊ တပည့်တော်လည်း အသက်ဘယ်လောက်ရှိပြီလဲလို့ မေးလိုက်တော့ မနေ့ကမှ ၁၉ နှစ် ပြည့်တယ်လို့ပြောတယ်။ မနေ့ကဆိုတာ ပြီးခဲ့တဲ့ ၁၂ ရက်လောက်ရဲ့ မနေ့ကပေါ့ဘုရား။ အခုဆိုရင်တော့ ၁၉နှစ်နဲ့ ၁၃ ရက်လောက် ရှိပြီထင်ပါတယ်ဘုရား။ ဒါနဲ့ တပည့်တော်လည်း အသက် ၂၀ ပြည့်မှပဲ ရဟန်းဖြစ်တယ်လို့ ကြားဖူးတယ်။ ၁၉ နှစ် ကျော်ရုံနဲ့တော့ ရဟန်းဖြစ်ပါ့မလား မသိဘူး။ သိပ်မသေချာလှဘူး။ ဒါကြောင့် ဆရာတော်နဲ့ကြုံတဲ့အခါ မေးလျှောက်ပေး

မယ်လို့ ပြောထားခဲ့တာ အဲဒါ ချုကြုံလို့ မေးလျှောက်တာပါဘုရား။

ဦးဇင်း ။ ။ (၁၉) နှစ်နဲ့ (၁၃) ရက်ပြည့်တာနှင့်တော့ ရဟန်းမဖြစ်နိုင်ပါဘူး။ ပဋိသန္ဓေကာလ (၁၀)လ အပြည့်ကို ယူမယ်ဆိုရင်တော့ (၁၉)နှစ်နဲ့ (၂)လနဲ့ ရဟန်းဖြစ်ကောင်းပါတယ်။

ဒေါက်တာအောင်သူ ။ ။ (၁၀)လနဲ့ချည်း အားလုံး မွေးဖွားတာတော့ မဟုတ်ပါဘူးဘုရား။ တချို့လည်းပဲ (၉)လနဲ့ ဖွားတာလည်းရှိတယ်။ (၈)လ (၇)လနဲ့ မွေးဖွားတာလည်း ရှိတတ်ပါသေးတယ်ဘုရား။

ဦးဇင်း ။ ။ စာပေမှာတော့ ပဋိသန္ဓေကာလကို အနည်းဆုံး (၇)လ ယူရတဲ့အတွက်ကြောင့် ပကတိအသက် (၁၉)နှစ်နဲ့ (၅)လဆိုလို့ရှိရင် ပဋိသန္ဓေကာလ (၇)လပေါင်းတော့ အသက် (၂၀)ပြည့်ပြီမို့ ရဟန်းခံပေးရတာ ပိုပြီးစိတ်ချရတယ်လို့ ဆိုပါတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ ပဋိသန္ဓေကာလကို အနည်းဆုံး (၇)လနဲ့ မွေးဖွားလို့ရှိရင်တော့ (၇)လနဲ့ ရဟန်းလောင်း အသက် (၁၉)နှစ်နဲ့ (၅)လနဲ့ ပေါင်းလို့

ရှိရင် (၁၂)လ ဖြစ်သွားတော့ အသက် (၂၀)ယူတဲ့ သဘောမျိုးနဲ့ တူပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ၁၉နှစ်နဲ့ (၅)လယူတာကတော့ မယုတ်မလွန် ဒါကတော့ မှားစရာမရှိဘူးလို့ ရှေးဆရာတော်ကြီးများလည်း မိန့်တော်မူကြပါတယ်။ အကယ်၍ (၁၀) လတင်းတင်းနဲ့ပဲ ဖွားမြင်ခဲ့တယ်ဆိုရင် (၁၉) နှစ်နှင့် (၂)လမှာ အသက် (၂၀) ပြည့်ပါပြီ။ ဒါပေမယ့် (၁၉)နှစ်နဲ့ (၅)လထက်တော့ မယုတ်စေရဘူးလို့ အဋ္ဌကထာ ဆရာများကလည်း ဆိုပါတယ်။ ''ပိုသာလျှင် ပိုစေရမယ်လို့ ငါတို့ ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီး မိန့်တော်မူတယ်'' လို့ လယ်တီဆရာတော်ဘုရားကြီးကလည်း ရေးသားထားခဲ့ပါသေးတယ်။

ဦးဇင်း MA ။ ။ မှန်ပါဘုရား၊အသက် (၂၀) မပြည့်သော်လည်း ပြည့်တယ်လို့ အမှတ်မှားပြီးတော့ ရဟန်းခံရင် ရဟန်းမဖြစ်ဘူးလို့ သိရပါပြီ။ သို့သော်လည်း အဲဒီပုဂ္ဂိုလ်က မိမိကိုယ်ကို ရဟန်းဖြစ်တယ်ဆိုတဲ့ အမှတ်သညာနဲ့ နေလို့ရှိရင်တော့ အပြစ်တော့ မရှိတန်ကောင်းပါဘူး။[၁]

---

၁။ ၄၀၆၊ ဦးနဝိသတိ၀ဿသိက္ခာပဒ၀ဏ္ဏနာ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ–၁၃၆)

ကွန်ပျူတာကျောင်းသူ ။ ။ ဒါဆိုရင် ရဟန်း မဖြစ်တဲ့အတွက်ကြောင့် သူဟာ သိက္ခာပုဒ်တွေဆိုင်ရာနဲ့ အာပတ်သင့်တာတွေ၊ အာပတ်မသင့်တာတွေ ရှိနိုင်ပါသေးလားဘုရား။

ဦးဇင်း ။ ။ အဲဒါကတော့ ... ရဟန်းမှမဖြစ်ဘဲဘာလို့ သိက္ခာပုဒ်ဆိုင်ရာ အာပတ်သင့်ရမှာလဲ။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ ဒါဆိုလို့ရှိရင် သူက အသက်ပြည့်တဲ့အချိန်မှာ ထပ်မံပြီးတော့မှ ရဟန်းခံမယ်ဆိုလို့ရှိရင်တော့ ပိုကောင်းမွန်ပြည့်စုံမယ်လို့ ထင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ အဲဒီလို အသက်ပြည့်တဲ့အခါကျမှ ရဟန်းခံမယ်ဆိုရင် ရဟန်းစစ်စစ် ဖြစ်နိုင်တာပေါ့။ မြတ်စွာဘုရားရဲ့ ဝိနည်းတော်မှာလည်း အသက်(၂၀)မပြည့်တဲ့သူကို ရဟန်းခံမပေးရဘူးဆိုတာကို အတိအကျ ပညတ်ထားတာရှိပါသေးတယ်။[၁]

ဒေါက်တာအောင်သူ ။ ။ ဒါဆိုရင် ဘုရားတပည့်တော် ညီမ

---

၁။ ၄၀၆၊ ဦးနဝီသတိဝဿသိက္ခာပဒ၊ ပါစိတ္တိယပါဠိ။

တွေကို ရှင်းပြပါဦးမယ်ဘုရား။ ကျောင်းပိတ်တာနဲ့ မဖြစ်မနေ ဝတ်ချင်တယ်ဆိုရင်တော့ ဘယ်လိုလုပ်ပေးရင် ကောင်းမလဲဘုရား။

ဦးဇင်း ။ ။ မဖြစ်မနေ ဝတ်ချင်တယ်ဆိုရင်တော့ ကိုရင်ဝတ်နဲ့ပဲနေတာ ရပါတယ်။ ကိုရင်ကြီးအဖြစ်နဲ့ နေရင်းနဲ့ပဲ (၁၉) နှစ်နဲ့ (၅) လပြည့်သွားလို့ရှိရင်လည်းပဲ ရဟန်းပြုလို့ ရပြီပေါ့။ သို့သော် သူ့ရဲ့မိခင်က (၁၀)လ ပြည့်ပြီးတော့မှ ဖွားတယ်ဆိုတာကို သေသေချာချာ လျှောက်ထားနိုင်မယ် ဆိုလို့ရှိရင်လည်းပဲ (၁၉)နှစ်နဲ့ (၂)လလောက်စွန်းစွန်းဆိုလို့ရှိရင် ရဟန်းခံပေးလို့ရပါတယ်။ မိခင်ဖြစ်တဲ့သူကလည်းပဲ မရေမရာဖြစ်နေတယ်။ (၈)လလိုလို (၉)လလိုလို ဆိုလို့ရှိရင်တော့ တင်းတင်းရင်းရင်းလေး (၁၉)နှစ်နဲ့ (၅)လလောက်က အသင့်တော်ဆုံးပါပဲ။

ဒေါက်တာအောင်သူ ။ ။ မှန်လှပါဘုရား။ ဘုရားတပည့်တော် ညီမတွေကို ခုလိုပဲ သေသေချာချာ ပြည့်ပြည့်စုံစုံ ပြောပြလိုက်ပါ့မယ်ဘုရား။

## ၄။ ဒုလ္လဘရဟန်းပြုရတဲ့အကြောင်းကို သိချင်ပါတယ်

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော်ရဲ့ သူငယ်ချင်း တစ်ယောက် ခွင့်တစ်လယူပြီး ဒုလ္လဘရဟန်းခံမယ့် အကြောင်း ဆရာတော်ထံ လျှောက်ထားလိုက်ပါတယ် ဘုရား။ ဒုလ္လဘရဟန်း မဝတ်ခင် ဘာတွေကြိုတင်ပြီး ပြင်ဆင်ထားရမှာလဲဘုရား။

ဦးဇင်း ။ ။ ဒုလ္လဘရဟန်း မဝတ်ခင် သင်္ကန်း တောင်းတို့၊ သရဏဂုံ ခံယူတာတို့ကို ကြိုတင်ပြီးတော့မှ သင်ကြားရင် ပိုကောင်းတယ်။ ရဟန်းဘဝနဲ့ နေရမှာ ဆိုတော့ ပစ္စဝေက္ခဏာ ဆင်ခြင်တာတွေ၊ အရေးကြီးတဲ့ အာပတ်တွေ ပါဝင်ဒေသနာကြား၊ ဒေသနာခံတာတွေ လည်းပဲ ကြိုတင်ပြီးတော့မှ သိထားသင့်တာပါပဲ။ ဒါကြောင့် ရဟန်းမခံခင် (၅) ရက် တစ်ပတ်လောက် ဖြစ်ဖြစ် ဒါတွေကို သင်ကြားပြီးတော့မှ ရဟန်းဘဝ ရောက်ရင် ပိုပြီးကောင်းတာပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ ဒုလ္လဘဆိုတာက ဘယ်လို အဓိပ္ပါယ်ရပါသလဲဘုရား။

ဦးဇင်း ။ ။ ရခဲတာကို ဒုလ္လဘလို့ ခေါ်တာပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆိုရင် ရဟန်းဘဝ ရခဲတာကို ဒုလ္လဘရဟန်းခံတာလို့ ဆိုတာပါလားဘုရား။

ဦးဇင်း ။ ။ ဒါလေးကို ရွှေဥမင်ဆရာတော်ဘုရားကြီး ဩဝါဒလေး နားထောင်ကြည့်ပေါ့။ ဆရာတော်ဘုရားကြီးက "ဒုလ္လဘဆိုတာဘာလဲ၊ သိကြရဲ့လား" လို့ မေးခွန်းမေးတော်မူပြီးတော့မှ ဖြေကြားတော်မူခဲ့တယ်။ "အေး‥ ဒုလ္လဘဆိုတာ ခဏတဖြုတ် ခုလိုဝတ်တာကို ဒုလ္လဘဝတ်တာလို့ အများက မှတ်နေကြတယ်။ ဒါဖြင့် ဒို့များတောင် သင်္ကန်းပြန်ဝတ်ရမလိုဖြစ်နေပြီ။ "အေး‥ စင်စစ်ကတော့ လောဘ ဒေါသ မောဟ ကင်းတာ ဒုလ္လဘကွဲ့" အဲဒါမှတ်ထားကြလို့ မိန့်တော်မူဖူးပါတယ်။[၁]

ဦးဇင်း MA ။ ။ တချို့ဆရာတော်ကြီးများရဲ့ စာတွေ

၁။ ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ။

ကို ကြည့်တဲ့အခါမှာ ဒုလ္လဘရဟန်းနဲ့ ပတ်သက်လာလို့ သိပ်ပြီး နှစ်နှစ်ခြိုက်ခြိုက်မရှိတဲ့သဘောကို ဖတ်ရပြီး၊ တချို့ဆရာတော်ဘုရားကြီးများကြတော့လည်း နှစ်နှစ်ခြိုက်ခြိုက် ခွင့်ပြုတော်မူတာကို ဖတ်ရတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါတယ်။

သာသနာတော်မှာ ထင်ရှားတဲ့ ဆရာတော်ဘုရားကြီးတစ်ပါး သက်ရှိထင်ရှားရှိစဉ် အခါကာလက လူတစ်ယောက်က ဒုလ္လဘရဟန်းဝတ်မယ်လို့ လာပြီးလျှောက်ထားတယ်။ ဆရာတော်ဘုရားကြီးကလည်း ''အေး. . သင့်တော်တယ်၊ ကောင်းတယ်၊ ဝတ်ပါ''လို့ မိန့်တော်မူလိုက်တယ်။ ဒါပေမယ့် ရဟန်းဝတ်မယ့်နေ့ကျတော့ မနက်ခင်း ဝတ်မှာ မရောက်လာဘူး။ နေ့လယ်ကျမှ ရောက်လာတော့လည်း မူးပြီးရောက်လာတယ်။ ကျောင်းမှာရှိတဲ့ တိုက်အုပ်ဦးဇင်းက မူးတဲ့သူကို ကြိမ်းမောင်းနေတာကို ဆရာတော်ဘုရားကြီး ကြားတော်မူပြီး ''သူ့ကို အခန်းတစ်ခုပေးပြီး အိပ်ခိုင်းလိုက်ပါ။ ညနေကျတော့မှပဲ ဝတ်ပေးလိုက်ကြတာပေါ့'' လို့ မိန့်တော်မူဖူးတယ်။ ညနေအမူးပြေတဲ့အခါမှာပဲ ရေမိုးချိုးခေါင်းရိတ်ပြီးတော့မှ ဒုလ္လဘရဟန်း ဝတ်ပေးတော်မူတယ်။

ဒေါက်တာအောင်သူ ॥ ॥ ဘာဖြစ်လို့လဲဘုရား॥
ဦးဇင်း ॥ ॥ ဒါက သတ္တဝါတွေမှာ ကုသိုလ်ဖြစ်ချင်

စိတ်က ပေါ်ခဲ့ပါဘိတဲ့။ ခုလို တခဏတာလေး ကုသိုလ်စိတ်အကြံ ဖြစ်တာကကို အကျိုးကျေးဇူးများလှပါပြီလို့ မြတ်စွာဘုရား ဟောတော်မူတာရှိတယ်။ ''စိတ္တုပ္ပါဒမတ္တံပိ ကုသလေသု ဓမ္မေသု ဗဟူပကာရံ ဝဒါမိ''တဲ့။ ဒါကြောင့် ဆရာတော်ဘုရားကြီးများအနေနဲ့ လူသားတွေကို သနားငဲ့ညှာတော်မူပြီးတော့မှ ရဟန်းခံချင်ရင် မတားမြစ်ပဲ ရဟန်းခံပေးတော်မူကြတယ်။ ဒါပေမယ့် ရဟန်းဘဝမှာ ပေါ့ပေါ့ဆဆလေးနေတာတော့ မကောင်းဘူးပေါ့။ သိသင့်သိထိုက်တဲ့ ဝိနည်းတော်များကို လေ့လာပြီးတော့မှ စူးစမ်းပြီးတော့မှ တရားဓမ္မများကို အားထုတ်ပြီးတော့မှ ဘယ်နှစ်ရက်ပဲနေနေ ဝိနည်းတော်များနဲ့အညီ နေတာတော့ အတိုင်းထက်အလွန်ပိုကောင်းတာပေါ့။ ကျေးဇူးများတာပေါ့။ ရဟန်းခံပေးတဲ့ဆရာတော်၊ သံဃာတော်များအနေနဲ့လည်း ဝမ်းမြောက်ရတာပေါ့။

## ၅။ ရှင်သာမဏေပြုရင် ဘယ်အချိန်မှာ ရှင်သာမဏေ ဖြစ်ပါသလဲ?

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ထပ်ပြီး သိချင်သေးတာက ရှင်ပြုတဲ့နေရာမှာ ဘယ်အချိန်ကလေးမှာ ရှင်သာမဏေဖြစ်သွားသလဲဆိုတာကို တိတိကျကျ သိပါရစေဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ. . . ရှင်သာမဏေပြုတဲ့နေရာမှာ ဆံချရမယ့်အပိုင်းရယ်၊ သင်္ကန်းဝတ်ရမယ့် အပိုင်းရယ်၊ ပြီးတော့ သရဏဂုံ ခံယူဆောက်တည်ရမယ့်အပိုင်းရယ်ဆိုပြီး သုံးပိုင်းရှိပါတယ်။ ဒါကြောင့်မို့ ရှင်ဖြစ်ဖို့ရာ အင်္ဂါသုံးပါးရှိတယ်လို့ ဦးစွာ မှတ်သားထားပါနော်။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ ဒီနေရာမှာ သတိထားစရာက–

(က) ဆံမချဘဲ သင်္ကန်းဝတ်ပေးပြီးတော့မှ သရဏဂုံ ပေးရင်လည်း သာမဏေမဖြစ်ဘူး။

(ခ) ဆံချသော်လည်း သင်္ကန်းမဝတ်ဘဲ သရဏဂုံ ပေးရင်လည်း သာမဏေမဖြစ်ဘူး။

(ဂ) ဆံချတယ်၊ သင်္ကန်းဝတ်တယ်၊ သရဏဂုံ မပေးရင် သာမဏေ မဖြစ်ဘူး။

(ဃ) ဆံလည်းချတယ်၊ သင်္ကန်းလည်းဝတ်တယ်။ ပြီးရင် သရဏဂုံလည်း ပေးမှသာလျှင် သာမဏေဖြစ်ပါတယ် မောင်ကျောင်းသား။[၁]

ဦးဇင်း MA ॥ ॥ ဘယ်အချိန် တခဏ တာလေးအတွင်းမှာ သာမဏေဖြစ်တာပါလဲဘုရား။

ဦးဇင်း ॥ ॥ ဆရာက တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ အက္ခရာအဆုံးမှာ သာမဏေ ဖြစ်တယ်လို့ တိတိကျကျ မှတ်သားပါ မောင်ကျောင်းသား။[၂]

ကွန်ပျူတာကျောင်းသား ॥ ॥ ဘုရားတပည့်တော်လည်း အဲဒီလို အင်္ဂါပြည့်စုံတဲ့ သာမဏေဖြစ်ချင်ပါတယ်ဘုရား။ ကိုရင်ကြီးနှင့် ရက်တော်တော်ကြာ ဝိနည်းတွေ လေ့လာရင်းနေပြီးမှ ရဟန်းခံပါ့မယ်ဘုရား။

ဦးဇင်း ॥ ॥ ကောင်းပါတယ်ဗျာ။

---

၁။ ၃၄၊ ပဗ္ဗဇ္ဇူပသမ္ပဒါ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ–၂၉)
၂။ ၃၄၊ ပဗ္ဗဇ္ဇကထာ၊ မဟာဝဂ္ဂအဋ္ဌကထာ (နှာ–၂၅၁)

## ၆။ ရဟန်းခံရင် ဘယ်အချိန်မှာ ရဟန်းဖြစ်ပါသလဲ?

ဦးဇင်း MA ။ ။ ဘုရားတပည့်တော်များ မနေ့က သိမ်ထဲမှာ ဥပသမ္ပဒ ကမ္မဝါစာကို ရဟန်းလောင်းအတွက် ဖတ်ခဲ့ကြပါတယ်ဘုရား။ လျှောက်ထားစရာက ခုမှ သတိရလာလို့ပါဘုရား။

ဦးဇင်း ။ ။ ဘာများမရှင်းလို့လဲ။

ဦးဇင်း MA ။ ။ အဲဒီ ကမ္မဝါစာကို သုံးပါးတစ်တွဲ သုံးပါးတစ်တွဲနဲ့ (၃)ကြိမ်၊ (၃)ခါဆိုတာ (၉)ကြိမ်တောင် ဖတ်လိုက်ရတယ်ဘုရား။ အဲဒီတော့ တပည့်တော်စိတ်ထဲမှာ (၉)ကြိမ်ဖတ်မှပဲ ရဟန်းဖြစ်တာလား။ စိတ်ထဲမှာ မရှင်းလို့ပါဘုရား။ ပြီးတော့ ဟိုးတစ်ခေါက်က ဆရာတော်ဘုရားကြီး ကြွလာတဲ့အခါမှာကျတော့ ဆရာတော်ဘုရားကြီး တစ်ပါးတည်းပဲ ကမ္မဝါစာကို တစ်ကြိမ်ထဲ ဖတ်ပေးတော်မူတာလည်း ကြုံရပြန်ပါ

တယ်ဘုရား။ အဲဒါကြောင့် ဘယ်လိုအချိန်မှာ ရဟန်း ဖြစ်တာလည်းဆိုတာကို ဘုရားတပည့်တော် သိလိုရင်း နဲ့ မေးလျှောက်တာပါဘုရား။

ဦးဇင်း ॥ ॥ ကမ္မဝါစာကို ဖတ်တဲ့အခါမှာ ကမ္မဝါစာကို ဖတ်တဲ့ရဟန်းက ကမ္မဝါစာမှာပါရှိတဲ့ ဌာန်ကရိုဏ်း၊ နိဂ္ဂဟိတ် စတာတွေကို ပီပီသသ မှန်မှန်ကန်ကန် ရွတ်ဖတ်လို့ရှိရင် တစ်ပါးတည်း၊ တစ်ခေါက်တည်း၊ တစ်ကြိမ်တည်း ရွတ်ဖတ်လို့ရှိရင်လည်း ကမ္မဝါစာ အဆုံးမှာ ရဟန်းလောင်းက ရဟန်းဖြစ်ပါတယ်။[၁]

ဦးဇင်း MA ॥ ॥ ဒါဆိုလို့ရှိရင် ဘာဖြစ်လို့များ သုံးပါး၊ သုံးကြိမ်ထိ ဖတ်ရတာလဲဘုရား။

ဦးဇင်း ॥ ॥ ပိုပြီးသေချာအောင် ပိုပြီးစိတ်ချရအောင် တစ်စုံတစ်ခုခု တစ်ပါးပါးက ချို့ယွင်းလို့ရှိရင်လည်းပဲ စိတ်ချရအောင်ဆိုတဲ့သဘောမျိုးနဲ့ သုံးပါးတစ်တွဲ၊ သုံးပါးတစ်တွဲ၊ တစ်ကြိမ်မကာ၊ နှစ်ကြိမ်မကာ၊ သုံးကြိမ်၊ လေးကြိမ် အထပ်ထပ် ဖတ်ရခြင်း ဖြစ်ပါတယ်။ ကမ္မဝါ ဖတ်တဲ့အချိန်မှာ ဌာန်ကရိုဏ်း ပီပီသသ မှန်ကန်အောင်

---

၁။ ဗြ၊ ပဏ္ဍာမိတကထာ၊ မဟာဝဂ္ဂပါဠိ (နှာ–၅၁)

ဖတ်နိုင်ဖို့သာလျှင် ပဓါနဖြစ်ပါတယ်။ ဒါဆိုရင်တော့ တစ်ကြိမ်ဖတ်ရုံနဲ့လည်းပဲ ကမ္မဝါစာအဆုံးမှာ ရဟန်း ဖြစ်တာပါပဲ။

ဦးဇင်း MA ။ ။ မှန်ပါဘုရား။

## ၇။ အစိုးရဝန်ထမ်း ကုမ္ပဏီဝန်ထမ်းတစ်ဦး ခွင့်မယူဘဲ ရဟန်းခံရင် ရဟန်းဖြစ်ပါသလား?

ဦးဇင်း MA ။ ။ ဘုရားတပည့်တော်တို့ ခမည်းတော်ဟာ အခုတလော ရဟန်းပြုချင်စိတ် ရှိလာဟန်တူပါတယ် ဘုရား။ သို့သော် ခမည်းတော်ကြီးက တစ်ဘက်က ဝန်ထမ်းဖြစ်နေတယ်။ တစ်ဘက်ကလည်းပဲ ကုမ္ပဏီမှာ အချိန်ပိုင်း ဆေးခန်းထိုင်ရတာတွေရှိတော့ နှစ်ဘက်စလုံးဟာ သူ့အတွက်က မင်းခယောကျ်ားလို ဖြစ်နေရှာပါတယ်ဘုရား။

ဦးဇင်း ။ ။ ဒါကြောင့် ရဟန်းလောင်းကို သိမ်ထဲမှာ မေးစစ်တဲ့အခါမှာ ဦးဇင်း မမှတ်မိဘူးလား။ ''မင်းခစားယောကျ်ား မဟုတ်ဘဲ ရှိပါ၏လော'' ဆိုတဲ့ အချက်တစ်ချက်ပါတယ်လေ။

ဦးဇင်း MA ။ ။ မှန်ပါဘုရား။ . . . တပည့်တော် မှတ်မိပါတယ်ဘုရား။ အဲဒီ မင်းခစား ယောကျ်ားက ခွင့်ယူပြီးတော့မှဖြစ်ဖြစ် အထက်တာဝန်ရှိတဲ့ပုဂ္ဂိုလ်ကနားလည်မှုနဲ့ ခွင့်ပြုလို့ပဲဖြစ်ဖြစ် အဲဒါမျိုး ရဟန်းပြုလာရင်ကော ရဟန်းဖြစ်ကောင်းပါသလားဘုရား။

ဦးဇင်း ။ ။ အဲဒါက မြတ်စွာဘုရား လက်ထက်တော် အခါ ကာလက ဘုရင့်တာဝန် ထမ်းဆောင်နေကြတဲ့ ပုဂ္ဂိုလ် တွေ တာဝန်ချိန်အတွင်းမှာ လာပြီးရဟန်းပြုကြတဲ့ အတွက်ကြောင့် ဘုရင်မင်းအမိန့်နဲ့ ဖမ်းဆီးခေါ်ဆောင် တာမျိုးတွေ ရှိတဲ့အတွက်ကြောင့် အခုလို မင်းခစား ယောကျ်ား ဟုတ်မဟုတ်ဆိုတာကို မေးရခြင်း ဖြစ်ပါတယ်။

ဦးဇင်း MA ။ ။ ဒါဆို တာဝန်ကနေ ခေတ္တခဏ ခွင့်ပန်ကြား ထားရင်ရောဘုရား။

ဦးဇင်း ။ ။ တာဝန်ကနေ ခေတ္တ ခဏ ခွင့်ပန်ကြားထား ပြီးတော့မှဖြစ်စေ၊ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များရဲ့ တရားဝင် ခွင့်ပြုချက်ရှိထားရင်တော့ ရဟန်းခံလို့ရှိရင် အပြစ် မရှိပါဘူး။ ရဟန်းဖြစ်ထိုက်ပါတယ်။ ရဟန်းလည်း ခံခွင့်ရှိပါတယ်။[၁]

ဦးဇင်း MA ။ ။ ခမည်းတော်ကြီးကို သေသေချာချာ ပြောပြ ပါ့မယ်ဘုရား။

---

၁။ ၉၀၊ ရာဇဘဋ္ဌဝတ္ထုကထာ၊ မဟာဝဂ္ဂဋ္ဌကထာ (နှာ-၂၇၈)

## ၈။ ဇနီး မယားက ခွင့်ပြုမှသာ ရဟန်းပြုခွင့် ရှိပါသလား?

ဒေါက်တာအောင်သူ၏သား ဦးဇင်း MA သည် ရဟန်း ၂ ဝါအတွင်းသို့ပင် ရောက်ရှိလာပြီ ဖြစ်ပါသည်။ ဦးဇင်း၏ ခမည်းတော်ဖြစ်သူ ဒေါက်တာ အောင်သူလည်း သူ့သား ရဟန်း၏ဘဝကို အားကျ နေသလော (သို့) သတိသံဝေဂများ ရနေသလော တိတိကျကျ မသိရှိရသော်လည်း ကျောင်းကို အလာ စိတ်နေသည်။ ရုံခါ ဆေးရုံဆေးခန်းသို့ပင် မသွား တော့ဘဲ ကျောင်း၌ တစ်ညအိပ် နှစ်ညအိပ်ပင် နေလေ့ ရှိပါသည်။ ယနေ့ လျှောက်ထားလာသော စကားအရ ဆိုလျှင် ဒေါက်တာအောင်သူ ရဟန်းပြုရန်ပင် စိတ်ဆန္ဒ ဖြစ်နေသည်ဟူ၍ ခန့်မှန်းရပါသည်။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော် မရှင်းလင်းလို့ တစ်ခု လျှောက်ထားပါရစေဘုရား။

ဦးဇင်း ။ ။ မေးလျှောက်ပါ။

ဒေါက်တာအောင်သူ ။ ။ သာသနာမှာ ရဟန်း ပြုတယ်ဆိုတာ လူ လွတ်ကိုတော့ မိဘနှစ်ပါးလုံးက ခွင့်ပြုမှပဲ ရဟန်း

ဖြစ်တာလား၊ အိမ်ထောင်သည်ကိုကျတော့ ဇနီးမယားက ခွင့်ပြုမှ ရဟန်းပြုရတာပါလားဘုရား။

ဦးဇင်း ။ ။ မိဘအုပ်ထိန်းသူကသာ ခွင့်ပြုရတာပါ။

ဒေါက်တာအောင်သူ ။ ။ ရှင်သာမဏေပြုတာကိုရော မိဘက ခွင့်ပြုရတာလား၊ ဇနီးမယားက ခွင့်ပြုရပါသလားဘုရား။

ဦးဇင်း ။ ။ အဲသလို မဟုတ်ပါဘူး။ ရှင်ပြုပြု ရဟန်းပြုပြု မိဘတို့ကို ခွင့်ပန်ရမယ်ဆိုတဲ့ အဆုံးအဖြတ်ရှိပါတယ်။[၁]

ဒေါက်တာအောင်သူ ။ ။ မိဘနှစ်ဦးစလုံးကို ခွင့်တောင်းရတာလားဘုရား။

ဦးဇင်း ။ ။ မိဘနှစ်ဦးလုံးရှိရင် နှစ်ဦးစလုံးကို ခွင့်တောင်းရပြီး အကယ်၍ အမိသော်လည်းကောင်း၊ အဖသော်လည်းကောင်း တစ်ဦးတည်းရှိမယ်ဆိုလို့ရှိရင်လည်းပဲ တစ်ဦးကို ပန်ကြားရင် လုံလောက်ပါတယ်။[၁]

---

၁။ ၁၀၅၊ ရာဟုလာဝတ္ထု၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ–၁၁၆)

ဒေါက်တာအောင်သူ ။ ။ နှစ်ဦးစလုံးမရှိတော့ ရင်ရောဘုရား။

ဦးဇင်း ။ ။ နှစ်ဦးစလုံးမရှိတော့ ရင်တော့ မိထွေး၊ ဘထွေးကို ပန်ကြားအပ်တယ်၊ မပန်ကြားဘဲနဲ့ ရဟန်း သာမဏေပြုလို့ရှိရင် အာပတ်တွေ မသင့်သော်လည်းပဲ အဋ္ဌကထာမှာတော့ ပန်ကြားအပ်တဲ့အကြောင်း ပြထား ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဇနီး၊ မယားကိုလည်း ပန်ကြားရမယ်လို့ တပည့်တော် မှတ်သားထားဖူးပါတယ်ဘုရား။

ဦးဇင်း ။ ။ ဘယ်လို မှတ်သား ထားဖူးတာလဲ။

ဒေါက်တာအောင်သူ ။ ။ သား ဦးဇင်းက တပည့်တော်ကို စွန်းလွန်း ဆရာတော်ကြီးရဲ့အကြောင်း ရေးထားတဲ့ စာကို ပေးဖတ်တယ်ဘုရား။ အဲဒီစာအုပ်ထဲမှာ စွန်းလွန်းဆရာတော် အလောင်းလျာ ဦးကျော်ဒင်ရဲ့ ဒကာမကြီးက ဒေါ်ရွှေရည်တဲ့ဘုရား။ ဒေါ်ရွှေရည်က ရဟန်းပြုခွင့် မပေးလို့ ဦးကျော်ဒင် ရဟန်းမပြုရတဲ့ အတွက်ကြောင့် စိတ်ဆင်းရဲနေရတယ်လို့ ဖတ်ရပါ တယ်ဘုရား။ ‘‘ဘုန်းကြီးဝတ်ကြီးနဲ့ ကျွန်မမြင်တိုင်း

စိတ်ချမ်းသာရမှာ မဟုတ်ဘူး''လို့ ဆိုပြီးတော့မှ ခွင့်မပြု တာလို့ စာအုပ်မှာ ရေးထားတယ်ဘုရား။ ဒီအထောက် အထားကိုကြည့်ပြီး ဇနီး၊ မယားက ခွင့်ပြုမှပဲ ရဟန်း ဖြစ်နိုင်တယ်လို့ မှတ်သားထားမိတာပါဘုရား။[၁]

ဦးဇင်း ။ ။ ဇနီး၊ မယားကို ခွင့်တောင်းရမယ်

ဆိုတာတော့ ဝိနည်းစည်းကမ်းလမ်းကြောင်းမှာ မရှိပါ ဘူး။ ပန်ကြားအပ်တဲ့ကိစ္စနဲ့ပတ်သက်လို့ ဒီမှာ သာဓက တစ်ခုကတော့ စက္ခုပါလဝတ္ထုမှာ မြတ်စွာဘုရားရှင်က ''ပန်ကြားစရာ တစ်စုံတစ်ယောက် ရှိပါသလား'' လို့ မိန့်တော်မူတဲ့အခါ ''ညီငယ်စူဠပါလရှိကြောင်း'' လျှောက်ထားတဲ့အတွက် ''သွားပြီးတော့ ညီငယ်ကို ပန်ကြားပါဦး'' လို့ မိန့်တော်မူခဲ့ပါတယ်။[၂] ဒါကြောင့် မိဘကို ပန်ကြားရမယ်။ ဆွေမျိုးဉာတိဖြစ်တဲ့ ညီအကို တွေရှိလို့ရှိရင်လည်း ပန်ကြားရမယ်လို့ မှတ်သား ရပါမယ်။ ဇနီးမယားကိုတော့ ပန်ကြားစရာ မလိုပါဘူး။ ဇနီးမယားကို စွန့်ခွာပြီးတော့မှ ရဟန်းဝတ်သွားကြတဲ့ သာဓကတွေလည်းပဲ သာသနာ့သမိုင်းမှာ မရေမတွက် နိုင်လောက်အောင် များပြားလှပါတယ်။ စွန်းလွန်း ဆရာတော်လောင်းလျာရဲ့ ဒါယိကာမ ဒေါ်ရွှေရည်က မသိလို့ အကျပ်ကိုင်သလို ဆရာတော်လောင်းလျာ

---

၁။ ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ–၁၃၉)
၂။ ၁၊ စက္ခုပါလတ္ထေရဝတ္ထု၊ ယမကဝဂ္ဂ၊ ဓမ္မပဒ (နှာ–၄)

ခမျာလည်း သိတော်မမူရှာလို့ မယားခွင့်မပြုလို့ဆိုပြီး စိတ်မကောင်းဖြစ်နေရှာတာပါ။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ မှန်လှပါဘုရား။ တပည့်တော်မှာ စိတ်ကူးတစ်ခု ရှိနေလို့ပါဘုရား။

ဦးဇင်း ။ ။ ဘယ်လိုစိတ်ကူးများ ရှိနေလို့လဲ။

ဒေါက်တာအောင်သူ ။ ။ (အတန်ကြာ စဉ်းစားပြီးမှ) ဘုရား တပည့်တော် ရဟန်းဝတ်ပြီး နေချင်တာပါဘုရား။ ဒါပေမယ့် ဒကာမကြီးက ''ကျွန်မ ခွင့်မပြုနိုင်သေးဘူး။ သားကလည်း ဘုန်းကြီးဝတ်၊ အဖေကလည်း ဘုန်းကြီးဝတ်ရင်တော့ ကျွန်မတစ်ယောက်ထဲ ဘယ်လိုနေရတော့မလဲ''လို့ ပြောပြီး ခွင့်မပြုဘူးဘုရား။ ဘုရားတပည့်တော်လည်း တပည့်တော် ဒကာမက ခွင့်မပြုလို့ရှိရင် တပည့်တော်တော့ ဒီတစ်သက် ရဟန်းပြုခွင့်မရတော့ဘူးလို့ ထင်ထားတာပါဘုရား။ တပည့်တော်သူငယ်ချင်း ဆရာဝန်တွေကို မေးကြည့်တော့လည်း ဇနီးမယားက ခွင့်ပြုမှသာလျှင် ရဟန်းဖြစ်တယ်၊ ဇနီးမယားက ခွင့်မပြုဘဲနဲ့ ရဟန်းပြုလို့ မရဘူးလို့ တစ်ထပ်တည်း ပြောကြတယ်ဘုရား။

ဦးဇင်း ။ ။ လူတွေ အများမှာ ဒီလိုပဲ ထင်ကြတာ ရှိပါလိမ့်မယ်။ ဒါဟာ သူတို့အထင်နဲ့ သူတို့ပြောတာပါ။ ဘုရားဟောစာပေနဲ့ မကိုက်ညီပါဘူး။ ဇနီးမယားရဲ့ ခွင့်ပြုချက်ကို ရှင်ရဟန်းပြုဖို့ကိစ္စမှာ တောင်းဆိုစရာ မရှိပါဘူး။ အဲသလို တောင်းဆိုရရင်လည်း သာကီဝင် မင်းသားငါးရာ ရဟန်းဘယ်ဖြစ်တော့မလဲ ဒကာကြီး။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား. . . ဘုရားတပည့်တော် သဘောပေါက်ပါပြီဘုရား။

## ၉။ ရဟန်းတော်များ သိက္ခာထပ်ရတဲ့ အကြောင်း သိချင်ပါတယ်

ဒေါက်တာအောင်သူနှင့် သူ၏ဒကာမကြီးတို့သည် ကျောင်းသို့အတူတကွ မလာစဖူး ရောက်ရှိလာပါသည်။ သား ရဟန်းဖြစ်ကတည်းက ကျောင်းသို့ အလာကျဲနေသည့် ဒကာမကြီးသည် ယနေ့မှာမူ ရွှင်ရွှင်ပျပျမျက်နှာဖြင့် ရောက်ရှိလာပါသည်။ သား ရဟန်းအတွက်လည်း ဖတ်ရှုစရာ လယ်တီ ဒီပနီပေါင်းချုပ်နှင့် ဦးရွှေအောင်၏ ဓမ္မပဒစာအုပ်များကို လှူဒါန်းရန် ယူလာပါသည်။ ထို့နောက် ဒေါက်တာအောင်သူက စတင်လျှောက်ထားသည်မှာ–

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော် ဒီနေ့ ရုံးဆင်းဆင်းချင်း ဆေးခန်းမသွားဖြစ်ဘဲ ကျောင်းကိုအရင်လာလိုက်တာပါဘုရား။

ဦးဇင်း ။ ။ ဘာများ အရေးတကြီး ရှိလို့ပါလဲ။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော်များမှာ အနည်းငယ် လျှောက်ထားစရာလေးတွေ ရှိလာလို့ပါဘုရား။

ဦးဇင်း ။ ။ လျှောက်ပါ၊ လျှောက်ပါ။

ဒေါက်တာအောင်သူ ။ ။ ဒကာမကြီးက သူ့သား ရဟန်းဘွဲ့နှင်းသဘင် အခမ်းအနားလည်း မတက်လိုက်ရဘူး။ ရဟန်းခံတဲ့ အခါမှာလည်း ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မလုပ်လိုက်ရလို့ဆိုပြီး စိတ်မကောင်းဖြစ်နေရှာတယ် ဘုရား။ အဲဒါနဲ့ ခုတော့ အလိုဆန္ဒပြည့်သလို ဖြစ်သွားတာပေါ့ဘုရား။

ဦးဇင်း ။ ။ ဘာများ အလိုဆန္ဒပြည့်သွားသလဲ။

ရဟန်းမယ်တော် ။ ။ ဘုရား တပည့်တော်မရဲ့ ညီမ နိုင်ငံခြားမှာသွားပြီး အလုပ်လုပ်တာ ကြာပြီဘုရား။

ဒေါက်တာအောင်သူ ။ ။ မိစုကို ပြောတာပါဘုရား။

ဦးဇင်း ။ ။ အင်း. . . အင်း . . .။

ရဟန်းမယ်တော် ။ ။ သူ့မှာက သားသမီးလည်း မရှိရှာဘူး။ လူလွတ်ဘုရား။ အဲဒါနဲ့ သူ့တူ ဦးဇင်းလေးက ရဟန်း အပြီး အပိုင်ဝတ်သွားတယ်လို့ ကြားလိုက်တော့ သူလည်း ဝမ်းနည်းဝမ်းသာပေါ့ဘုရား။ အဲဒါနဲ့ သူက အကုန်ကျ အများကြီးခံပြီး ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ရဟန်းခံပေးချင်တယ်လို့ ပြောပါတယ်ဘုရား။

ဒေါက်တာအောင်သူ ။ ။ သားက ရဟန်းသာဖြစ်သွားတာဘုရား၊ ခမ်းခမ်း

နားနား မဖြစ်လိုက်ရတာကို တပည့်တော်တို့လည်း သိပ်အားမရဘူးဘုရား။ ဒါကြောင့် တပည့်တော် တို့ မိသားစုက ဒီကျောင်းမှာပဲ အရှင်ဘုရားကိုရော ဦးဇင်းလေးကိုရော တခမ်းတနားကြီးကြီးကျယ်ကျယ် ဖြစ်အောင် ဂုဏ်သရေရှိတဲ့လူတွေလဲ အများကြီးဖိတ် မယ်။ သံဃနာယက ဆရာတော်များအပါဝင် နာမည်ကြီး ဓမ္မကထိကများလည်း ပင့်မယ်ပေါ့ဘုရား၊ အငြိမ့်လည်း ငှားမယ်ဘုရား၊ ကုန်ချင်သလောက် ကုန်ပါစေ။

ဦးဇင်း ။ ။ အဲသလိုပင့်ပြီး ဘာလုပ် မှာလဲ။

ရဟန်းမယ်တော် ။ ။ အရှင်ဘုရားနဲ့ သားရဟန်း ကို ဒီတောကျောင်းမှာ သိက္ခာထပ်မယ်ဘုရား။

ဦးဇင်း ။ ။ ဦးဇင်းလေး ရဟန်းဖြစ် တာတောင် နှစ်ဝါရှိပြီပဲ။ စာသင်တိုက်လည်း ပို့ထားတယ်။ စာလည်း သင်နေ တယ်။ ဝိနည်းကိုလည်း လေးစားပြီး ရဟန်းကောင်း တစ်ပါးဖြစ်ဖို့အတွက် သူကြိုးစားနေတယ်။ ဒီတော့ သူ့ရဲ့စာသင်သားဘဝ ရေရှည်အတွက်ကို ရည်မျှော်မှန်း ပြီးတော့မှ လိုအပ်တာတွေ လှူဒါန်း ထောက်ပံ့နိုင်ဖို့ အတွက် ဆောင်ရွက်တာဆိုရင်တော့ ရည်ရွယ်ချက် ကောင်းပါတယ်။

ရဟန်းမယ်တော် ။ ။ မဟုတ်ဘူးဘုရား။အရှင်ဘုရားကိုလည်း သိက္ခာထပ်မှာဘုရား။ သားကိုလည်း သိက္ခာထပ်မှာဘုရား။ ရည်ရွယ်ထားတာက နှစ်ပါးဘုရား။ အဲဒါဖြစ်နိုင်မလားဘုရား။ ဖြစ်နိုင်ရင်တော့ တပည့်တော်တို့ ရက်သတ်မှတ်ပြီး စီစဉ်စရာရှိတာတွေ အမြန်ဆုံးပဲ စီစဉ်တော့မလို့ပါဘုရား။

ဦးဇင်း ။ ။ ကံထပ်တယ် သိက္ခာထပ်တယ် ဆိုတာက ရည်ရွယ်ချက်ရှိရသေးတယ်လေ။

ရဟန်းမယ်တော် ။ ။ ဘုရားတပည့်တော်တို့လည်း ရည်ရွယ်ချက်ရှိပါတယ်ဘုရား။ သားငယ်ရဟန်းဖြစ်တဲ့အခါမှာ ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ပေါ်ပေါ်ထင်ထင် မဖြစ်ခဲ့လို့မို့ အခု ကြီးကြီးကျယ်ကျယ် လုပ်ချင်တာပါဘုရား။ ဒံပေါက်ကျွေးမယ်ဘုရား. . .။

ဦးဇင်း ။ ။ အဲဒါပြောတာမဟုတ်ဘူး။ ရည်ရွယ်ချက်ဆိုတာ ရှိရသေးတယ်။

ဒေါက်တာအောင်သူ ။ ။ ရည်ရွယ်ချက်ဆိုတာ သိပါရစေဘုရား။

ဦးဇင်း ။ ။ ရဟန်းဖြစ်တဲ့အခါမှာ ဝတ္ထုကမ္မဝါ၊ သီမာနှင့် ဥတ်၊

ပရိသတ်၊ ငါးရပ် ပြည့်စုံရာလို့ စာမှာပြပါတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ မူလရဟန်းခံတဲ့အခါမှာ ရဟန်းလောင်းက အသက် (၂၀) ပြည့်၏ မပြည့်၏ဆိုတဲ့ သံသယကိစ္စရယ်၊ သန့်ရှင်းစင်ကြယ်တဲ့ သိမ်ဖြစ်ဖို့ ကိစ္စရယ်၊ ဉတ်နဲ့ကမ္မဝါ မှန်ကန်မှုရှိဖို့၊ ကာရကသံဃာနဲ့ ပတ်သက်လို့ ပြည့်စုံ စင်ကြယ်တဲ့ သံဃာတွေဖြစ်ဖို့[၁] အဲဒါကို သံသယရှိရင် တော့ သိမ်ထပ်တဲ့ ကံထပ်တဲ့ရည်ရွယ်ချက်က အင်မတန် ကို ကောင်းပါတယ်။ ဒါပေမဲ့ မူလ ရဟန်းခံစဉ်မှာ ကံဆောင်မှုနဲ့ ပတ်သက်ပြီး သံသယမရှိဘဲနဲ့တော့ ကံထပ်တာဟာ အဓိပ္ပါယ်တစ်မျိုး ဖြစ်တာပေါ့။ ဒါလေး ဆိုလိုတာပါ။

ရဟန်းမယ်တော် ။ ။ တပည့်တော် အဲဒါတွေ ကိုတော့ နားမလည်ပါဘူး ဘုရား။ တပည့်တော် လုပ်ချင်တာကို လျှောက်ထား တာပါဘုရား။

ဦးဇင်း ။ ။ ဦးဇင်းလေးအတွက်က တော့ ကောင်းပါတယ်။ သူက စာသင်သားဘဝရောက်နေတော့ စာသင်သား

---

၁။ ဘိက္ခုပ္ပဒဘာဇနီယဝဏ္ဏနာ၊ ပထမပါရာဇိက၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ (နှာ–၂၀၈)
ပါတိမောက်ဘာသာဋီကာ (နှာ–၃၂၄)

ရဟန်း ငယ်မှာက စာသင်ရာမှာ အထောက်အပံ့ ဖြစ်နိုင်တော့ သင့်တော်ပါတယ်။

ဒေါက်တာအောင်သူ ။ ။ မသင့်တော်တာများ ရှိပါသလားဘုရား။

ဦးဇင်း ။ ။ ဦးဇင်းအတွက်ကတော့ မသင့်တော်ဘူး။

ဒေါက်တာအောင်သူ ။ ။ ဘယ်လိုကြောင့်များပါလဲဘုရား။ တပည့်တော် ဗဟုသုတမရှိလို့ မေးလျှောက်တာပါဘုရား။

ဦးဇင်း ။ ။ အခုလို သိက္ခာထပ်တာ ကံထပ်တာတော့ ဘုရားရှင် လက်ထက်မှာတော့ ပြုလုပ်ခဲ့တယ်လို့ စာပေအထောက် အထားတွေမရှိဘူး။

ဒေါက်တာအောင်သူ ။ ။ မြန်မာနိုင်ငံသာသနာမှာ ရော ရှိခဲ့ပါသလားဘုရား။

ဦးဇင်း ။ ။ မြန်မာနိုင်ငံသာသနာမှာ ကတော့ ဒါရှိခဲ့တယ်။ ပုဂံ ခေတ်က ရဟန်းသံဃာများအနေနဲ့ သီဟိုဠ်ကျွန်းကို ကြွပြီးတော့မှ သိက္ခာထပ်တယ်ဆိုတာကို မှတ်သား ရတယ်။

ပတ်ကုံးထိုထို
မြို့သိဃ်ိုဠ်တွင်
ကုသိုလ်ပျော်ပါး

သခင်များတို့
စကားမြွက်ဆို
တို့သိယိုင်ဦးမှာ
ကြည်ညိုနှလုံး
သီတင်းသုံးမူ
ထုံးစံကျမ်းလာ
တို့သိက္ခာကို ထပ်ရပါမည် မိန့်ရှိသည်၌[၁] ...။

ပုဂံခေတ် နရပတိစည်သူ (တရုတ်ပြေးမင်း) လက်ထက်မှာလည်း ပေါင်းလောင်ရှင်မဟာကဿပ သီဟိုဠ်ကျွန်းကို ကြွတော်မူပြီးတော့မှ သီဟိုဠ်ရဟန်းတော်များက ထပ်မံသိမ်ထပ် (ကံထပ်)ရန် လျှောက်ထားခဲ့ကြောင်း မိန့်ခဲ့တဲ့မှတ်တမ်းတွေ ရှိပါတယ်။ ပြီးတော့ ဓမ္မစေတီမင်းလက်ထက် မြန်မာရဟန်းတော် များ သီဟိုဠ်ကျွန်းကို ကြွပြီး သိက္ခာသစ်တင်သကဲ့သို့ အမရပူရခေတ်မှာကျတော့ သီဟိုဠ်ရဟန်းတော်များ မြန်မာနိုင်ငံကို ကြွလာပြီး သိက္ခာတင်တယ်ဆိုတာ သာသနာဝင်မှတ်တမ်းတွေမှာ အတိအကျရှိပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဘာဖြစ်လို့ ကံထပ်ခဲ့တာလဲဘုရား။

ဦးဇင်း ။ ။ ခုန အချက်ငါးချက်ထဲက တစ်ခုခုကို သံသယရှိတော်မူလို့ပါပဲ။

---

၁။ ရွှေပေါင်းလောင်သမိုင်းပျို့

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ နှောင်းခေတ် ဆရာတော်များရောဘုရား။

ဦးဇင်း ။ ။ နှောင်းခေတ် ဆရာတော်များနဲ့ ပတ်သက်ပြီးတော့ မှတ်သားစရာကောင်းတာကတော့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအနေနဲ့ ဘယ်လို မိန့်ခဲ့သလဲဆိုရင် "ရဟန်း ဒကာ၊ ဒကာမ ပွားများရုံ အတွက် ကံထပ်တာကတော့ သံယောဇဉ်ပွားစေတဲ့ အလုပ်ပဲ" လို့ မိန့်တော်မူဖူးတယ်။[၁]

ကျေးဇူးရှင်တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက "သိမ်ထပ်တယ်ဆိုတာ ဘာမှထူးတာ မဟုတ်ဘူး။ ရင်းနှီးတဲ့ ဒကာ၊ ဒကာမ ပိုလာခြင်းသာလျှင် အကျိုးရှိတယ်။ ဦးဇင်းက သာသနာတော်ရဲ့ နောင်ရေးကို ဘယ်လိုပြုခွင့်ရှိမယ်ဆိုတာ မသိနိုင်ဘူး။ ပြုပြင်ချင်တာတွေ တော်တော်များများ ရှိနေတယ်။ အဲဒီအခါမှာ ဦးဇင်းကို ဘုန်းကြီးအောင်၊ ဒကာ ဒကာမ ပေါအောင် ပထမကျော်အောင်ပြီး ကြီးတောင့်ကြီးမှ မြေပိုင်ရှင် ရဟန်းအမအသစ်နဲ့ သိမ်ထပ်တယ်လို့ အပြောခံရလိမ့်မယ်။ ဒါကြောင့် သိမ်မထပ်ပါရစေနဲ့လို့ ပြောခဲ့တယ်" လို့ ဆရာတော်ဘုရားကြီး စာမှာ ဖော်ပြတယ်။[၂]

---

၁။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိနယဝိနိစ္ဆယသင်္ဂဟကျမ်း (နှာ–၂၇၈)
၂။ တောင်မြို့ဆရာတော်ဘုရား၏ တစ်ဘဝသာသနာ (နှာ–၃၄၄)

ဒေါက်တာအောင်သူ ။ ။ ဩော်. . . သာသနာမှာ အဲသလိုလည်း ရှိတာပဲ

ဘုရား။ သာသနာထိပ်တန်းမှာရှိကြတဲ့ ပုဂ္ဂိုလ်များ အနေနဲ့ အခုလို Good Example စံနမူနာကောင်း အနေနဲ့နေပြတာဟာ တကယ်ပဲ မှတ်သားစရာ ကောင်းလှပါတယ်ဘုရား။ တပည့်တော် ဒါတွေမသိ ဘူးဘုရား။ နှောင်းခေတ်ဆရာတော်များ ရှိရင်လည်း ဘုရားတပည့်တော် မှတ်သားချင်ပါသေးတယ်ဘုရား။

ဦးဇင်း ။ ။ ရှိပါသေးတယ်၊ ကျေးဖူးရှင် ဓမ္မဒူတဆရာတော်ဘုရား

ကြီးက ရဟန်းဒကာလို့ ခုခေတ်မှာ ခေါ်ကြတာ ပထမ ဦးဆုံး ရဟန်းပြုပေးသူကို ရဟန်းဒကာ၊ ဒကာမ ခေါ်ကြပါတယ်။ အဲဒီ ဒကာ ဒကာမတွေက ရှင်ဘဝ ကနေ ရဟန်းဘဝရောက်အောင် ရဟန်းသိက္ခာတွေ တည်အောင် ပရိက္ခရာရှစ်ဖြာလှူပြီး ရဟန်းခံပေးလို့ ဓမ္မာနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟရယ်လို့ နုဂ္ဂဟနှစ်ပါးဖြင့် အကျိုးများပါတယ်တဲ့။ နောက်ထပ် သိမ်ထပ်တဲ့ ဒကာ၊ ဒကာမအနေနဲ့ကတော့ ပစ္စယာနုဂ္ဂဟဒကာပဲ ဖြစ်နိုင် တယ်။ ဓမ္မာနုဂ္ဂဟ ဒကာတော့ မဖြစ်နိုင်တော့ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုရင် ပစ္စယာနုဂ္ဂဟက အချိန်မရွေး ပြုလုပ်နိုင်သော်လည်း ဓမ္မာနုဂ္ဂဟက အချိန်မရွေး

မပြုလုပ်နိုင်ဘူးတဲ့။ ဒီနေရာမှာ အကျဉ်းအားဖြင့် (၂၂ရ)သွယ်၊ အကျယ်အားဖြင့် ကုဋ္ဌေကိုးထောင်ကျော်တဲ့ ရဟန်းသိက္ခာတွေကိုတော့ ဓမ္မလို့ခေါ်ပါတယ်တဲ့။ အဲဒီသိက္ခာတွေကို ရဟန်းရဲ့ သဏ္ဍာန်မှာတည်အောင် ချီးမြှောက်တာကို ဓမ္မာနုဂ္ဂဟ ခေါ်ပါတယ်တဲ့။ နောက်ပြီး ရှင်ဘဝတုန်းက မရှိသေးတဲ့ရဟန်းသိက္ခာတွေ၊ ဓမ္မတွေဟာ ပထမရဟန်းခံကတည်းက တည်သွားပြီ၊ နောက်ထပ် ရဟန်းခံသော်လည်းပဲ နှစ်ပြန်၊ သုံးပြန်ထပ်ပြီး မတိုးလာပါဘူးတဲ့။ မပြည့်လာပါဘူးတဲ့[၁] ဒကာ။

ဒေါက်တာအောင်သူ ။ ။ ဒါဆို ဘုရားလက်ထက်ကလည်း မပြုခဲ့တော့ အစဉ်အလာမရှိတဲ့ သဘောများဖြစ်နေရော့သလား ဘုရား။

ဦးဇင်း ။ ။ စောစောက ပြောသလိုပဲ။ အစဉ်အလာကတော့ ရှိခဲ့တယ်။ ပုဂံခေတ်၊ အင်းဝခေတ်ကတည်းက ရှိခဲ့တာပဲ။ သို့သော် အကြောင်းကရှိနေတယ်လေ။ အကြောင်းရှိရင်တော့ ဒါကို ဆောင်ရွက်ကြတယ်။ ကျေးဇူးရှင်တောင်မြို့ဆရာတော်ဘုရားကြီးရဲ့ တစ်ဘဝသာသနာမှာ ဘယ်လိုဖော်ပြသေးသလဲဆိုတော့ သိမ်ထပ်တယ်

---

၁။ မြစကြာကျောင်းတိုက်၏ (၁၆) နှစ်ပြည့် အထိမ်းအမှတ်စာစောင် (နှာ-၃၃၃)

ဆိုတာ ရဟန်းထပ်ခံခြင်းကို ဆိုလိုတာပါပဲတဲ့။ ဆရာတော်ကြီးဟာ လုပ်ငန်းတိုင်းမှာ အလွန် စေ့စပ်သူဖြစ်တော့ သာမဏေငယ်အရွယ် အလတ်တို့မှ စပြီး ကျွေးမွေးစောင့်ရှောက် ပြုစုလာခဲ့ရတဲ့ တပည့်တွေ အသက်စေ့လို့ အခြားဒေသမှာ ရဟန်းခံခွင့်ကြုံရသော် မိမိ၏ရှေ့မှောက်မဟုတ်တဲ့အတွက် အားမရဘူးတဲ့။ ရှေ့မှောက်မှာကို ဆရာတော်ဘုရားကိုယ်တိုင် ပီပီသသ ကမ္မဝါ ဖတ်ပေးရမှ အားရကျေနပ်ပါတယ်တဲ့ဗျာ။ ဒါမှမဟုတ် ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးရှင်ဆရာတော်ကြီး ကိုယ်တိုင်ဖတ်ပေးမှ ကျေနပ်တယ်တဲ့။ ဒါကြောင့် သူ ကိုယ်တိုင် ကမ္မဝါဖတ်မပေးရသေးတဲ့ တပည့်ရဟန်းငယ်များကို ဆရာတော်ကြီးကြွလာပြီဆိုရင် သိမ်ထပ်ပေးတော်မူတာပေါ့။ သိမ်ထပ် ရဟန်းခံတယ်ဆိုသော်လည်း ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား စီစဉ်ရတာ မဟုတ်ပါဘူးတဲ့။ မိမိတို့ဆွမ်းခံနေကျ ကိုယ်ပိုင်သပိတ်ကို သိမ်ထဲသို့ပွေ့ယူလာပြီး ဆရာတော်ကြီးနားချရတယ်။ ပြီးရင် ပထမရဟန်းခံစဉ်က ပါခဲ့တဲ့ နှစ်ထပ်သင်္ကန်းကြီးကို ယူလာပြီး သပိတ်ပေါ်တင်ရတယ်။ သင်းပိုင်ကေသီတို့ကတော့ ခါးမှာဝတ်မြဲ၊ ကိုယ်မှာ ရမ်းမြဲအတိုင်းဖြစ်တယ်။ အမွှမ်းအမံ အပြင်အဆင်က ဒီလောက်ပဲတဲ့။ ဒကာ ဒကာမတစ်ယောက်မှ မပါပါဘူး။ ကျောင်းတိုက်တွင်းရှိတဲ့ ရဟန်းသံဃာဟူသမျှ

ဗဟုသုတအဖြစ် မြင်ရ၊ တွေ့ရ ဩဝါဒခံယူဖို့ရန် အကုန်လာရတယ်။ သံဃာစုံတဲ့အခါ မြောင်းမြဆရာတော် ဘုရားကြီးတစ်ပါးတည်း ဥတ္တိစတုတ္ထဥပသမ္ပဒကမ္မဝါစာကို ဖြည်းဖြည်းအေးအေး တစ်ခေါက်ဖတ်တာ ပါပဲတဲ့ဗျာ[၃]။ ဒါကံထပ်တာပဲလေ။ လိုအပ်တယ် ထင်လို့ လုပ်ရတာပါ။

ဒေါက်တာအောင်သူ ။ ။ မှန်လှပါဘုရား။ ဒါဆိုလို့ ရှိရင် ရည်ရွယ်ချက်အဓိကက သံသယရှိနေတဲ့ ပုဂ္ဂိုလ်များအတွက်သာလျှင် အခုလို ဆောင်ရွက်တယ်ဆိုတာကို နားလည်ပါပြီဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။ သပြေကန် ဆရာတော်ဘုရားကြီးကတော့ ''သိက္ခာထပ်တယ်ဆိုတာက အကျိုးမယုတ်ပါဘူးတဲ့။ အရင်တုန်းက ရဟန်းမဖြစ်ရင်လည်း ရဟန်းဖြစ်တယ်။ ရဟန်းဖြစ်ပြီး သားဆိုရင်လည်းပဲ ဒဠှီကမ္မမြဲမြံခိုင်မာတယ်။ အဲဒီ အကြောင်းကို သိတော်မူကြတဲ့ ရှေးဆရာတော်မြတ်ကြီးတွေက မိမိတို့တပည့်တွေကို ဒကာ၊ ဒကာမတွေနဲ့ မဟုတ်ဘဲ ကျောင်းတိုက်ထဲမှာ ရဟန်းခံရှိရင် ကမ္မဝါစာဖတ်ပေးလေ့ရှိကြတယ်လို့ ဝိနယသံခိပ်ကျမ်းမှာ ကျေးဖူးရှင်လယ်တီဆရာတော်ဘုရားကြီးက မိန့်ကြားထားတာရှိတယ်။ ဘုန်းကြီးရဲ့ ကျေးဇူးရှင် ပထမ သပြေကန်ဆရာတော်ဘုရားကြီး

ကလည်း တိုက်ကိုရောက်လာတဲ့ အချို့ရဟန်းသစ်တွေကို ရဟန်းခံချင်ရင် ဒီလိုပဲ ရဟန်းခံပေးလေ့ရှိတယ်။ ဒါကြောင့် သိမ်ထပ်တယ်ဆိုတာ အထူးအဆန်းတော့ မဟုတ်ပါဘူး။ ရှေးရှေးတုန်းက ဆရာတော်ကြီးတွေ ဆောင်ရွက်ခဲ့တဲ့ကိစ္စပါပဲ''။[၁]

ဒေါက်တာအောင်သူ ။ ။ မှတ်သားစရာ ကောင်းလှပါတယ်ဘုရား။

ဦးဇင်း ။ ။ ကျေးဇူးရှင် နဘူးကျင်း ဆရာတော်ဘုရားကြီး ထံပါး ရဟန်းတစ်ပါးလာပြီးလျှောက်တယ်။ ဘုရားတပည့်တော် ရှမ်းပြည်နယ်မှာ ရဟန်းဖြစ်လာတာပါဘုရား။ ခု ဆရာတော်ဘုရားခြေတော်ရင်းကို ရောက်လာပြီး ဝိနည်းဆိုင်ရာ လေ့လာခွင့်ရတော့ ဘုရားတပည့်တော် ရဟန်းဖြစ်တာ သံသယရှိတယ်ဘုရားလို့ လျှောက်တယ်။ ဆရာတော်ဘုရားကြီးက ''ဘာကို သံသယဖြစ်တာလဲ'' လို့မေးတော်မူပါတယ်။ ရှမ်းပြည်နယ်က ရဟန်းက ''တပည့်တော်ရဟန်းခံတုန်းက ကမ္မဝါဖတ်ချိန်မှာ သိမ်ထဲကို သံဃာလေးပါးပဲကြွလာတယ်ဘုရား။ ဒါကြောင့် တပည့်တော်တို့ ရှေ့မှာရှိတဲ့ ကျောက်ဆင်းတုတော်ကိုပဲ သံဃာတစ်ပါးပေါ့လို့ သဘောထားပြီး ကမ္မဝါဖတ်ခဲ့ပါတယ်ဘုရား။ ဒါကြောင့် ဘုရားတပည့်တော်

၁။ မြစကြာကျောင်းတိုက်၏ (၁၆) နှစ်ပြည့် နှစ်ပတ်လည်စာစောင် (နှာ–၃၃၄)

ရဟန်းဖြစ်ခဲ့ရဲ့လားလို့ သံသယရှိပါတယ်ဘုရား'' လို့ လျှောက်တော့ နဘူးကျောင်းဆရာတော်ဘုရားကြီးက သံဃာအပါး(၂၀)ကျော်နှင့် ထန်းတပင်သိမ်မှာ ကမ္မဝါ ဖတ်ပေးတော်မူတာ သတိရနေသေးတယ်။ ဒါက သံသရာရှိလို့လေ။

ဒေါက်တာအောင်သူ ။ ။ မှတ်သားထားပါ့မယ်ဘုရား။

ဦးဇင်း ။ ။ (AD–၁၆၄၈) ခု တောင်ဖီလာဆရာတော်ဘုရားကြီး ပြုစုတော်မူတဲ့ ဝိနယလင်္ကာရဋီကာကျမ်းမှာတော့ ဗုဒ္ဓ ရုပ်ပွားတော်များဟာ အထပ်ထပ် အနေကဇာတင်က ဗုဒ္ဓ၏ဂုဏ်တော် တန်ခိုးတော်များ ပိုမိုတိုးတက်လာနိုင် သလိုပဲ ရဟန်းတော်များမှာလည်း အထပ်ထပ် သိက္ခာ ထပ်ခြင်းကြောင့် ရဟန်းမဖြစ်ခဲ့ရင်လည်း ရဟန်းဖြစ်၊ ဖြစ်ခဲ့ရင်လည်း တန်ခိုးအရှိန်အဝါ တိုးတက်ခြင်းများ ဖြစ်နိုင်ကြောင်း[၁] ပြပါတယ်ဒကာ။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ တပည့်တော် နားလည်ပါပြီ ဘုရား။

ဦးပဇင်းလေးအတွက်တော့ စာသင်ကြားရေးအတွက် အထောက်အပံ့ ရစေနိုင်ခြင်းအလို့ငှာ တပည့်တော်တို့ ဆောင်ရွက်ခွင့်ရနိုင်ရင် ဆောင်ရွက်ပါ့မယ်ဘုရား။

---

၁။ ဝိနယလင်္ကာရ ဋီကာ (AD–၁၆၄၈)

ဦးဇင်း ။ ။ ကောင်းပါတယ်၊ ကောင်းပါတယ်။ ဆောင်ရွက်သင့်ပါတယ်။ ဆောင်ရွက်ခြင်းကြောင့် ကျေးဇူးလည်းများမှာပါ။ ဒကာမကြီးမှာလည်း သပိတ် သင်္ကန်းတွေ လှူဒါန်းရတာ ကျွေးမွေးညှော်ခံရတာ ဒါန ကုသိုလ်ဖြစ်တာပေါ့။

ရဟန်းမယ်တော် ။ ။ ဒါဆို တပည့်တော်တို့ ရက်သတ်မှတ်ပြီးတော့မှ ဒါလေးကိုဆောင်ရွက်ပါရစေဘုရား။

ဦးဇင်း ။ ။ အင်း ့ တတ်နိုင်သလောက် အကျဉ်းခြုံးပြီးတော့မှ ဆောင်ရွက်နိုင်ရင် ပိုကောင်းပါတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ မှန်ပါဘုရား တပည့်တော်တို့ တတ်နိုင်သလောက် အကျဉ်းခြုံးနိုင်အောင် တိုင်ပင်ပြီးတော့မှ ဆောင်ရွက်ပါ့မယ်ဘုရား။

## ၁၀။ ပရိက္ခရာ ဆိုတာမှာ ဘာတွေပါရသလဲ?

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော်ရဲ့ တူနဲ့တူမနှစ်ယောက် စလုံး ဒီနှစ်ဘွဲ့ရတယ်ဘုရား။ ဘွဲ့ရပြီး လုပ်ငန်းခွင် သင်တန်းမတက်သေးခင် အလုပ်ထဲကို မရောက်သေး ခင်မှာ ဒုလ္လဘရဟန်းဝတ်ဖို့ သီလရှင်ဝတ်ဖို့ စီစဉ် စိတ်ကူးထားတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းတာပေါ့။ ရဟန်းဝတ်ရုံမဟုတ် ဘဲ တရားအားထုတ်တာလည်း အစီအစဉ်ထဲပါသင့် တယ်နော်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ တရား အားထုတ်တဲ့ အစီစဉ် လည်းပါမယ်ဘုရား။ ခုတော့ တပည့်တော်ရဲ့ညီက လည်း ဝိပဿနာ တရားအားထုတ်မှုဟာ ဘဝမှာ သေသေချာချာလိုအပ်တယ် ဆိုတာကို သူနည်းနည်း နားလည်လက်ခံစပြုလာပြီဘုရား။

ဦးဇင်း ။ ။ အင်းကောင်းပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော် သိချင်တာက ရဟန်း ဝတ်လို့ရှိရင် ပရိက္ခရာရှစ်ပါးလိုတယ်လို့ ကြားဖူးပါတယ်။ အဲဒီပရိက္ခရာရှစ်ပါးကက ဘာတွေလဲဆိုတာ ဘုရားတပည့်တော် သေသေချာချာ ကွဲကွဲပြားပြား မသိဘူးဘုရား။ အဲဒါ ဘာတွေပါသလဲဆိုတာ သိချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ပရိက္ခရာ ရှစ်ပါးကို အင်္ဂုတ္တိုရ်အဋ္ဌကထာ နဲ့ မူလပဏ္ဏာသ အဋ္ဌကထာတွေမှာတော့ ခုလိုပြတယ်။

တိစီဝရဉ္စ ပတ္တော စ၊
ဝါသိ သူစိ စ ဗန္ဓနံ။
ပရိဿာဝနေန အဋ္ဌေတေ၊
ယုတ္တယောဂဿ ဘိက္ခုနော။

အဓိပ္ပါယ်ကတော့ တိစီဝရိတ်ဆိုတာက နံပါတ် (၁) သင်းပိုင်၊ (၂) ကေသီ၊ (၃) နှစ်ထပ်သင်္ကန်း(ဒုကုဋ်) ပါဝင်ပြီး၊ (၄) သပိတ်၊ (၅) သင်တုန်းဓါး၊ (၆) အပ်နဲ့အပ်ချည်၊ (၇) ခါးပန်းကြိုး၊ (၈) ရေစစ်တွေပါပဲ။ အဲဒါကို ပရိက္ခရာ (၈)ပါးလို့ ခေါ်ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ယပ်တွေ၊ ဖိနပ်တွေ၊ ထီးတွေ မပါဘူးလား ဘုရား။

ဦးဇင်း ။ ။ ဒီ Comentry မှာ တော့မပြဘူး။ အခြား တစ်နေရာမှာ ပြတာကတော့ရှိတယ်။ ပရိက္ခာရာကိုးပါး၊ ပရိက္ခာရာဆယ်ပါး၊ ပရိက္ခာရာဆယ့်တစ်ပါး၊ ပရိက္ခာရာ တစ်ဆယ့်နှစ်ပါးထိ ပြပါတယ်။

ဒေါက်တာအောင်သူ ။ ။ တင်ပါ့ဘုရား။ အဲဒါ တွေက ဘာတွေပါလဲ ဘုရား။

ဦးဇင်း ။ ။ (၁) သင်းပိုင်၊ (၂) ကောသီ၊ (၃) ဒုကုဋ္ဋ (ခေါ်) နှစ်ထပ်သင်္ကန်း၊ (၄) သပိတ်၊ (၅) သင်တုန်းဓါး၊ (၆) အပ်နှင့်အပ်ချည်၊ (၇) ခါးပန်းကြိုး၊ (၈) ရေစစ်၊ (၉) အိပ်ရာလိပ်၊ (၁၀) နိသီဒိုင် သားရေနွယ်၊ (၁၁) တောင်ဝှေး၊ (၁၂) ထီး၊ ဖိနပ်တွေပါပါတယ်။[၁]

ဒေါက်တာအောင်သူ ။ ။ အဲဒါတွေ မပါရင်ကော ရသလားဘုရား။

ဦးဇင်း ။ ။ ပရိက္ခရာရှစ်ပါးကိုပဲ အထူးသဖြင့် ဂရု ထားကြပါတယ်။ ဒါမှငှက်များလို ပေါ့ပါးတဲ့ ရဟန်းလို့ စာမှာရှိပါတယ်။

၁။ မူလပဏ္ဏာသပါဠိ (နှာ–၁၁၆)
၁။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ မဟာဝဂ္ဂ အတ္တန္တပယုတ္တဝဏ္ဏနာ (ဒုတိယတွဲ) (နှာ–၃၈၀)
၁။ ပါရာဇိကအဋ္ဌကထာ (ပထမတွဲ) (နှာ–၂၀၁)

ဒေါက်တာအောင်သူ ။ ။ တပည့်တော်လျှုမဲ့လျှု တော့လည်း ပြည့်စုံ
အောင် လျှုဒါန်းချင်တယ်ဘုရား။ ဒါကြောင့် သင်တုန်း ဓါးဆိုတဲ့နေရာမှာ ဘလိပ်ဓါးရော ရသလားဘုရား။

ဦးဇင်း ။ ။ ဘလိပ်ဓါးဆိုတာထက် ဂျုတ်ဗူးပေါ့။ မုတ်
ဆိတ်ရိတ်လို့ရတဲ့ ဂျုတ်ဗူးတွေရှိတာပဲ။ အဲဒါပို အဆင်ပြေတာပေါ့။ မုတ်ဆိတ်ရှိလည်း ရိတ်လို့ရတယ်၊ ခေါင်းလည်းရိတ်လို့ရတယ်။ ကိုယ်ပိုင်ဓါးနဲ့ဆိုတော့ ကျန်းမာရေးအတွက်လည်း ပိုသင့်တော်တာပေါ့။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ မှန်ပါ ဘုရား။ ကိုယ်ပိုင်ဓါး
မဟုတ်ဘဲနဲ့ အများရဲ့ဓါးနဲ့စုပေါင်းပြီးတော့မှ ခေါင်းရိတ် လို့ရှိရင်တော့ မလိုလားအပ်တဲ့ ရောဂါကူးတာတွေ လည်း အလွန်ဖြစ်နိုင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဒါကြောင့် ကိုယ်ပိုင်ဓါးပဲ သုံးတာ
ကောင်းတယ်။ ကြီးကျယ်တဲ့ ရောဂါတွေတင်မဟုတ် ဘဲ ခေါင်းမှာပေါက်တတ်တဲ့ ဒက်တို့၊ ပွေးတို့လည်းပဲ ဓါးတစ်ချောင်းထဲနဲ့ အများကို ခေါင်းရိတ်လိုက်ရင် ကူး တတ်တာပဲလေ။

ဒေါက်တာအောင်သူ ॥ ॥ တင်ပါ့ဘုရား။ တူ၊ တူမတွေအတွက်ကို

တပည့်တော် သင်တုန်းဓါးတွေ ကိုယ်စီ၊ ကိုယ်စီဝယ်ပြီး လှူဖို့ သေသေချာချာ ပြောပြပါ့မယ်ဘုရား။

ဦးဇင်း ॥ ॥ သပိတ်က ပလပ်စတစ်သပိတ်၊ ဓါးက ပလပ်

စတစ်ဓါး၊ သင်္ကန်းက ကိုရင့်ဝမ်းဗိုက်တောင် မလုံတာတော့ မလုပ်ပါနဲ့။ အတုမဖြစ်စေနဲ့၊ အစစ်နဲ့ပဲ ရှင်ရဟန်းဖြစ်စေချင်တာ။

ဒေါက်တာအောင်သူ ॥ ॥ မှန်လှပါဘုရား။

## ၁၁။ ရဟန်းတော်တို့နှင့်သက်ဆိုင်ပြီး လူနဲ့မတူတဲ့ အစားအသောက်ဆိုင်ရာ ဘုရားဥပဒေကို သိချင်ပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော်ရဲ့ အန်တီက ဦးဇင်း MA ကို ငှက်ပျောသီးတစ်ဖီးလှူခိုင်းလို့ ကပ်လိုက်ပါတယ် ဘုရား။

ဦးဇင်း ။ ။ အဲဒါကို ဒီနေ့နေ့လည် မွန်းမတည့်ခင် အပြီး ကုန်အောင် ဘုဉ်းပေးရမယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဖျော်ရည်တစ်ဗူးလည်း ဘုရားတပည့်တော် ကိုယ်တိုင်ဝယ်ပြီး လှူလိုက်ပါတယ်ဘုရား။ ခုနက ကပ်ခဲ့ပြီးပါပြီဘုရား။

ဦးဇင်း ။ ။ အဲဒီဖျော်ရည်ကိုတော့ မနက်ဖြန်မနက် အာရုံမတက်ခင် ကုန်အောင်ဘုဉ်းပေးရမယ်။

ကွန်ပျူတာကျောင်းသား ။ ။ စတုမဓုတစ်ပုလင်းလည်း မေမေကလှူခိုင်းလို့ ကပ်လိုက်ပါသေးတယ်ဘုရား။

ဦးဇင်း ॥ ॥ အဲဒါကိုတော့ အကပ် ခံတဲ့နေ့ကနေစပြီးတော့ (၇) ရက်အတွင်း ကုန်အောင်သုံးဖို့ပဲ။

ကွန်ပျူတာကျောင်းသား ॥ ॥ ပြီးတော့ လျှက်ဆား တစ်ပုလင်းလည်း လှူ လိုက်ပါသေးတယ်ဘုရား။

ဦးဇင်း ॥ ॥ အဲဒါကတော့ မကုန် မချင်း ဘုဉ်းပေးသုံး ဆောင်လို့ရပါတယ်။

ကွန်ပျူတာကျောင်းသား ॥ ॥ ဘုရားတပည့်တော် ကပ်လှူလိုက်တာက တပြိုင်တည်း ကပ်လှူတာဘုရား။ ဘာဖြစ်လို့ အချို့က မနက်ဖြန်မနက်အရုဏ်တက်၊ တချို့က ဒီနေ့ နေမွန်း မတည့်ခင်၊ တချို့က (၇) ရက်၊ တချို့က မကုန်မချင်း ဘုဉ်းပေးရတာလဲဘုရား၊ တပည့်တော် စိတ်ထဲမှာ မရှင်းပါဘုရား။

ဦးဇင်း ॥ ॥ အေး. . . အဲဒါကို နားလည်ဖို့ လိုပါတယ်။

ပထမဦးဆုံး ဒီနေ့အရုဏ်တက်ချိန်ကစပြီး နေမွန်း မတည့်မီကာလအတွင်း ဘုဉ်းပေးသုံးဆောင်ကောင်းတဲ့ အရာတွေကို ပြောပြမယ်။ အဲဒါတွေကို ပါဠိလို ယာဝကာလိကဝတ္ထုလို့ခေါ်တယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား. . . ယာဝကာလိကဝတ္ထု ဆိုတာကို သိပါရစေဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ။ ယာဝကာလိကဝတ္ထုထဲ ဆွမ်းပါတယ်။ ဆွမ်းဟင်း၊ ဆွမ်းကျော်၊ မုန့်ဟင်းခါးဆွမ်း၊ ခေါက်ဆွဲဆွမ်း၊ အသီးသီး လူတွေစားနေကြ အစားအစာအားလုံးပါတယ်။ သစ်သီးတွေ၊ သစ်ရွက်တွေ၊ သစ်မြစ်တွေ၊ သစ်ဖု၊ ခဲဖွယ်၊ စားဖွယ်အကုန်လုံးဟာ အရုဏ်တက်ပြီးတဲ့ အချိန်ကနေပြီးတော့မှ မွန်းမတည့်မချင်း သုံးဆောင်ကောင်းတဲ့ အစာအဟာရတွေဖြစ်တယ်။[၁] ဒီလို မွန်းတည့်ကျော်ရင်တော့ မသုံးဆောင်ရတော့ပါဘူး။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆိုလို့ရှိရင် ဘုရားတပည့်တော် ကပ်လိုက်တဲ့ ငှက်ပျောသီးက အသီးထဲမှာပါတယ်ဘုရား။ ဒီနေ့မွန်းမတည့်မချင်းပဲ သုံးဆောင်ကောင်းတာပါလား ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ မှန်ပါတယ်။

---

၁။ ၂၄၈–၉၊ ဝိကာလဘောဇန သိက္ခာပဒ ဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိ အဋ္ဌကထာ။ (နှာ–၉၉)

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆို ပိုတဲ့ငှက်ပျောသီးကို ဘာလုပ်ရမလဲ ဘုရား။

ဦးဇင်း ။ ။ ပိုတဲ့ဟာကို အာလယပြတ် စွန့်ပစ်လိုက်ရုံပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ ဘယ်စွန့်ပစ်ရမလဲ ဘုရား။

ဦးဇင်း ။ ။ ဘယ်စွန့်ပစ်၊ စွန့်ပစ်ပေါ့။ သုံးဆောင်လို့မှ မရတာ၊ မသုံးကောင်းတဲ့ပစ္စည်း ဖြစ်သွားပြီလေ။ လွှင့်ပစ်လိုက်ရုံပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆိုလို့ရှိရင် တစ်နေ့တာအတွက်ငှက်ပျောသီးနှစ်လုံး၊ သုံးလုံးကပ်ရင်ရော သုံးဆောင်ကောင်းပါသလားဘုရား။

ဦးဇင်း ။ ။ အင်း‥ အဲဒါတော့ သုံးဆောင်ကောင်းပါတယ်။ ရဟန်းအကပ်ခံပြီးသားဖြစ်ရင်တော့ နေ့လည်မွန်းမတည့်မချင်းထိပဲ သုံးရတယ်။[၁] နေ့လည် မွန်းတည့်ပြီးပြီဆိုရင် ကျန်တဲ့ဟာ လုံးဝသုံးခွင့်မရှိတော့ပါဘူး။

---

၁။ ၂၄၈၊ ဝိကာလဘောဇနသိက္ခာပဒ၊ ဘောဇနဝဂ်၊ ပါစိတ္တိယပါဠိ။ (နှာ–၁၁၅)

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော် ဒါဆိုရင် ရှင်းပြီဘုရား။ နောက်နောင် တပည့်တော်ဘာသာ ငှက်ပျောသီးယူလာပြီး ကြွက်မကိုက်တဲ့ နေရာလေးတစ်နေရာမှာ ထားပြီးတော့မှ နေ့တိုင်း၊ နေ့တိုင်း အရှင်ဘုရားကိုရော၊ ဦးဇင်း MA ကိုရော တစ်လုံး၊ နှစ်လုံး လောင်းလှူရင်ကော ရပါသလားဘုရား။

ဦးဇင်း ။ ။ ရပါတယ်၊ ရပါတယ်။ အဲဒါ ဘာမှအပြစ်မရှိပါဘူး။ လောင်းသူလည်း ကုသိုလ်ရ၊ အလှူခံပုဂ္ဂိုလ်မှာလည်း ဘုဉ်းပေးရတာ အဆင်ပြေတာပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ မနက် ဖြန် မနက် အရုဏ်မတက်မချင်း သုံးခွင့်ရှိတဲ့ကိစ္စက မရှင်းသေးပါဘူးဘုရား။

ဦးဇင်း ။ ။ အကပ်ခံတဲ့ နေ့ရဲ့ အရုဏ်ချိန်ကနေပြီးတော့ မနက်ဖြန်မနက် အရုဏ်မတက်မချင်း သုံးကောင်းတာကတော့ အပ်စပ်တဲ့ ဖျော်ရည်တွေပဲ ဖြစ်ပါတယ်။ ဒါကိုတော့ ယာမကာလိကဝတ္ထုလို့ ခေါ်ပါတယ်။[၁]

---

၁။ ၂၅၆၊ သန္နိဓိကာရက သိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ–၁၁၇)

ဒေါက်တာအောင်သူ ။ ။ အပ်စပ်တဲ့ဖျော်ရည်ဆိုတော့ မအပ်စပ်တဲ့ဖျော်ရည်တွေ ရှိပါသေးသလားဘုရား။

ဦးဇင်း ။ ။ မအပ်စပ်တဲ့ဖျော်ရည်တွေရှိတယ်ဒကာကြီး။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော်ဒါလေးလည်း သိပါရစေဘုရား။ မအပ်စပ်တာသိထားတော့ လှူဒါန်းတဲ့နေရာ သတိထားနိုင်တာပေါ့ဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ၊ မအပ်စပ်တဲ့ ဖျော်ရည်ဆိုတာက စပါး(၇)မျိုးကနေ ရတဲ့အရည်၊ အသီးကြီး (၉) မျိုးကနေရတဲ့အရည်၊၊ ပဲမျိုးအရည်လို့ခေါ်တဲ့ အသီးအရည်၊ သစ်နွယ်၊ အညွန့်၊ အပွင့်၊ အရည်၊ ဟင်းရွက်ကျက်လို့ရတဲ့ အရည်မှန်သမျှဟာ ဖျော်ရည် လုပ်ဖို့ မအပ်ဘူး။[၁] အသီးကြီး ကိုးမျိုးရှိသေးတယ်။ အဲဒါကတော့ (၁) ထန်းသီး၊ (၂) အုန်းသီး၊ (၃) အိမ်ပိန္နဲသီး၊ (၄) တောင်ပိန္နဲသီး၊ (၅) ဗူးသီး၊ (၆) ဖရုံသီး၊ (၇) သခွားငရုတ်သီး၊ (၈) သခွား ငကြောင်သီး၊ (၉) သခွားဆေစ်သီး၊ အဲဒီအသီးကိုးမျိုးကနေ ဖြစ်ပေါ်တဲ့ အရည်

၁။ ၃၀၀၊ ကေဏိယဇဋိလဝတ္ထု၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၃၄၄)

တွေလည်း မအပ်စပ်ဘူး။ အဲဒါတွေထဲ မပါဝင်တဲ့ အသီးတွေ၊ အရွက်တွေ၊ အပွင့်တွေ မှန်သမျှကနေ လုပ်လို့ရတဲ့ ဖျော်ရည်ကတော့ အပ်စပ်ပါတယ်။ ပမာဆိုပါစို့ မန်ကျည်းဖျော်ရည်၊ ဇီးဖျော်ရည်၊ သံပုရာရည်၊ ရှောက်ရည်၊ လိမ္မော်ရည် စတာတွေကတော့ အပ်စပ်ပါတယ်။ သုံးဆောင်ကောင်းပါတယ်။ အုန်းနို့၊ ပိန္နဲသီးဖျော်ရည်၊ ဖရဲသီးဖျော်ရည်၊ သခွားသီးဖျော်ရည် စတာတွေကတော့ ရဟန်းအနေနှင့် ညနေပိုင်း သုံးဆောင်ဖို့ မသင့်တော်ပါဘူး။ ဒါပေမယ့် ဖျော်ရည်ကို သုံးဆောင်တဲ့နေရာမှာ ဆာလောင်မွတ်သိပ်မှုသာလျှင် သုံးဆောင်ကောင်းတယ်နော်။[၁] ဆာလောင်မွတ်သိပ်မှု မရှိဘဲနဲ့ သက်သက်အာဟာရဖြစ်အောင် သုံးဆောင်လို့ရှိရင်တော့ အပြစ်ရှိပါတယ်။

ဒေါက်တာအောင်သူ ။ ။ အဲသလို အကပ်ခံကောင်းတာတွေကို ကျတော့ ကနေ့အကပ်ခံထားပြီး မနက်ဖြန်မနက် အရုဏ်မတက်မချင်း သုံးခွင့်ရှိတာလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ကနေ့ အကပ်ခံထားပြီးရင် မနက်ဖြန်မနက် အရုဏ်မတက်မချင်း သုံးခွင့်ရှိပါတယ်။ အရုဏ်တက်ပြီးရင်တော့ အာလယပြတ်စွန့်လိုက်ရုံပါပဲ။

၁။ ၂၅၀၊ ဝိကာလဘောဇနသိက္ခာပဒ၊ ပါစိတ္တိယပါဠိ (နှာ–၁၄၄)

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် မှတ်သားထားပါ့မယ်

ဘုရား။ အဲဒါကို ယာမကာလိက ခေါ်တယ်လို့လည်း မှတ်မိပါပြီဘုရား။ နောက်တစ်ခုက စတုမဓူကို (၇) ရက်ပြည့်ရင် စွန့်ပစ်ရမယ်ဆိုတာကျတော့ တပည့်တော် မရှင်းသေးပါဘူးဘုရား။

ဦးဇင်း ။ ။ အေး ၊ ၊ အဲဒါကတော့ ထောပတ်၊ ဆီဦး၊

နှမ်းဆီ၊ ပျားရည်နှင့် တင်လဲတို့ လေးမျိုးရောစပ်ထားတဲ့အရာကို စတုမဓုလို့ခေါ်တယ်။ အဲဒါတွေကတော့ (၇) ရက်ထိ သုံးခွင့်ရှိပါတယ်။ (၇) အရုဏ်ပေါ့။ ကနေ့ အရုဏ်တက်ကနေစပြီး အကပ်ခံယူထားရင် နောက်ထပ် (၇) အရုဏ်ထိ အကပ်မခံဘဲ သုံးဆောင်ခွင့်ရှိပါတယ်။ (၇) အရုဏ်ကျော်ရင်တော့ သုံးခွင့်မရှိတော့ဘူး။ စွန့်ပစ်ရပါမယ်။ ဒါလည်း ဆာရုံနဲ့ မစားကောင်းပါဘူး။ အားနည်းတဲ့ရောဂါရှိမှသာ စားကောင်းပါတယ်။ အစာအိမ်ရောဂါရှိလို့ လေနာထရင် စားကောင်းပါတယ်။ အင်္ဂလိပ်ဆေးက အစာခံပြီးမှ ဘုဉ်းပေးရတာမို့ အနာရောဂါအကြောင်းပြုပြီး ဆေးဘုဉ်းဖို့ စတုမဓု ဘုဉ်းတာ ဘုဉ်းပေးကောင်းပါတယ်။ နို့မဟုတ်ရင် မအပ်ဘူး။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ကပ်လိုက်တာက

စတုမဓုက တစ်ပုလင်းလုံးဘုရား။ အဲဒါ (၇) ရက်နဲ့ ကုန် ပါ့မလားမသိဘူး။

ဒေါက်တာအောင်သူ ။ ။ အိုး. . . ဒါကတော့ ဘုဉ်းပေးတဲ့ပုဂ္ဂိုလ်ပေါ်မူတည်မှာပေါ့။ ကုန်အောင်ဘုဉ်းပေးရင် ကုန်မှာပေါ့။ ကုန်အောင် မဘုဉ်းပေးရင် မကုန်ဘူးပေါ့။

ဦးဇင်း ။ ။ အကပ်ခံပြီးနောက် ခုနစ်ရက်ထားခွင့် ရှိတာကို သတ္တာဟကာလိကဝတ္ထုလို့ ခေါ်ပါတယ်။[၁] နောက်ဆုံးတစ်ခုကတော့ ယာဝဇီဝိကဝတ္ထုဆိုတာ ရှိပါသေးတယ်။ ဒီမှာ မှတ်ထားရမှာက လူတို့ စားသုံးနေကြဖြစ်တဲ့ အာဟာရဆွမ်းတွေကို ယာဝကာလိကလို့ ခေါ်ပါတယ်။ အပ်စပ်တဲ့ ဖျော်ရည်တွေရယ်က ယာမကာလိကပါ။ သတ္တာဟကာလိကလို့ခေါ်တဲ့ ဆီ၊ ထောပတ်၊ တင်လဲ၊ ပျားရည်က စတုမဓု အပါအဝင်ရေနဲ့ ဒန်ပူမှကြွင်းတဲ့ဆေးအဖြစ် အသုံးပြုတဲ့ သစ်ဥတွေ၊ သစ်ဖုတွေ၊ ပင်စည်၊ အပွေး၊ အခေါက်၊ အကာ၊ အနှစ် အမျိုးမျိုးသော ယနေ့ ပေါ်ပေါက်နေတဲ့ အင်္ဂလိပ်ဆေးတွေ၊ အမျိုးမျိုးသော မြန်မာဆေးတွေဟာလည်းပဲ ယာဝဇီဝိကထဲမှာ အကျုံးဝင်ပါတယ်။ သူက တစ်ခါ

---

၁။ ၆၂၂၊ ဘေသဇ္ဇာတွဲပါ သိက္ခာပဒ၊ ပတ္တဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ။ (နှာ–၃၆၃)

အကပ်ခံထားပြီးရင် အသက်ထက်ဆုံး အနာရောဂါအကြောင်းရှိလို့ရှိရင် ထပ်မံပြီးတော့ အကပ်မခံဘဲဘုဥ်းပေးသုံးဆောင်ခွင့် ရှိပါတယ်။[၂]

ထိုအချိန်တွင် ဦးဇင်း MA အနားသို့ ရောက်ရှိနေပါသည်။

ဦးဇင်း MA ။ ။ အရှင်ဘုရား။ အဲဒါဆိုရင် တပည့်တော်အနေနဲ့ အာလယပြတ်စွန့်လိုက်တဲ့ စားစရာတခုခုကိုကျတော့ ဘယ်လိုသဘောထားရမလဲဘုရား။

ဦးဇင်း ။ ။ အာလယပြတ်လူကိုစွန့်ရင် လူ့ပစ္စည်းဖြစ်သွားပြီ။ သာမဏေကိုစွန့်ရင် သာမဏေပစ္စည်းဖြစ်သွားပြီ။ သီလရှင်ကို စွန့်ရင် သီလရှင်ပစ္စည်းဖြစ်သွားပြီ။ အဲဒီတော့ သူတို့ပစ္စည်းအနေနဲ့ သိုမှီးသိမ်းဆည်းပြီးတော့မှ နောက်ရက်တွေ၊ နောက်ရက်တွေ သူတို့သဒ္ဓါတရားနဲ့ သူတို့ကပ်လို့ရှိရင်လည်း သူတို့သဘောပဲ။ သူတို့အပိုင်ဖြစ်သွားပြီလေ။ မျှော်လင့်နေရင်အာလယမပြတ်ဘူးနော်။

ကွန်ပျူတာကျောင်းသား ။ ။ ပြန်ပြီးမကပ်ဘဲထားလိုက်ပြီး သူတို့စားရင်ကောဘုရား။

---

၂။ ၂၆၃၊ မူလာဒိ ဘေသဇ္ဇကထာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။(နှာ-၂၉၂)

ဦးဇင်း ။ ။ သူတို့ပစ္စည်း သူတို့ စားတာ ဘာဖြစ်စရာ ရှိမလဲ။

ဒေါက်တာအောင်သူ ။ ။ ဘုရားဥပဒေတော်က သိပ်ကို ကြည်ညိုစရာ ကောင်းတာပဲဘုရား။ ဒါနဲ့သတိရလို့ လျှောက်ထားပါရစေဘုရား။ ဘုရားတပည့်တော်အိမ်မှာ ဦးဇင်း MA ကို ဆွမ်းကပ်တဲ့နေ့က သပိတ်မှာ ဆီတွေနည်းနည်းလေး မစင်ကြယ်လို့ဆိုပြီး ဒုတိယအကြိမ် ပြန်ဆေးတာကို တွေ့ရတယ်ဘုရား။ သပိတ်မှာ ဆီပေကျံရင်လည်း အပြစ်ဖြစ်တာပဲလားဘုရား။

ဦးဇင်း ။ ။ သပိတ်မှာ ဆီပေရုံနှင့်တော့ အပြစ်မရှိသေးပါဘူး။ ဘုဉ်းပေးပြီးရင် စင်ကြယ်အောင် ဆေးဖို့ပဲ အရေးကြီးပါတယ်။ သပိတ်မှာ အက်ကြောင်းတွေရှိရင် ဆီ၊ ထောပတ် စတာတွေ စိမ့်ဝင်ပြီး ကပ်ငြိပြီးမှ နေတတ်တယ်။ အဲဒီလို သပိတ်ထဲကျန်ခဲ့တဲ့ဟာနဲ့ ဒီနေ့ ဆွမ်းခံလို့ရတဲ့ ယာဝကာလိကနဲ့ ပေါင်းမိလို့ရှိရင်တော့ ရဟန်းရဲ့ ခံတွင်းကိုရောက်တာနဲ့ အာပတ်သင့်ပါတယ်။[၁] ဒါကြောင့်သပိတ်တွေ ပန်းကန်တွေကို သေချာ စင်ကြယ်အောင် ဆေးဖို့လိုတယ်၊ သပိတ်ဆိုရင် စင်ကြယ်အောင်

၁။ ၂၅၃၊ သန္နိဓိကာရက သိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိဋ္ဌကထာ (နှာ–၁၀၄)

ဆေးရုံတင်မကဘူး၊ ဆေးပြီးလို့ရှိရင် သုတ်ရတယ်။ သုတ်ပြီးရင် ခဏလောက် နေပြရတယ်။ ပြီးတော့မှ သိမ်းရပါတယ်။ နောက်နေ့မနက် သုံးရာမှာလည်း ဒီတိုင်းသုံးမရသေးပါဘူး။

ဒေါက်တာအောင်သူ ။ ။ ဘာလုပ်ရဦးမလဲ ဘုရား။

ဦးဇင်း ။ ။ ရေနှင့် သေချာကျင်းပစ်ပြီးမှ သပိတ်ကို သုံးရပါတယ်။

ဒေါက်တာအောင်သူ ။ ။ အံ့သြစရာကောင်းသလို သေချာတိကျတဲ့ ဘုရားဥပဒေပါပဲဘုရား။ အဲဒီလို တိကျတဲ့ ဥပဒေတော်ကို လိုက်နာနေကြတဲ့ ဘုရားရဲ့ တပည့်သား သံဃာကို ဦးမညွတ်ပဲ မနေနိုင်တော့ပါဘူးဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ဒီလိုလူတွေနှင့် ဆက်နွယ်ပြီး ရဟန်းတော်များလိုက်နာရတဲ့ သိက္ခာပုဒ်တွေရှိသလို လူတွေမသိနိုင်တဲ့ သိက္ခာပုဒ်တွေလည်း အများကြီးရှိမယ်ထင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ တချို့ သိက္ခာပုဒ်တွေက လူတွေသိလွယ်တဲ့ သိက္ခာပုဒ်တွေရှိတယ်။ ဥပမာအားဖြင့် ရဟန်းညစာမစားရဆိုတာမျိုးတွေ၊ အဲဒါတွေကို

ကျူးလွန်ကြတော့ လူတွေက ပိုပြီး ကြီးကြီး ကျယ်ကျယ် ကဲ့ရဲ့စရာဖြစ်တာကို တွေ့ရပြီး၊ လူတွေ သိပ်ထင်ထင်ရှားရှားမသိတဲ့ သံဃာဒိသိသ်လို အာပတ်တွေ၊ ထုလ္လစဥ်းအာပတ်တွေကတော့ လူတွေ မသိကြပါဘူး။ ဒါနဲ့ ပတ်သက်လို့ ရဟန္တာလို့ သာသနာမှာ ထင်ရှားကျော်ကြားတော်မူခဲ့တဲ့ ဘုန်းတော်ကြီး ဦးသီလထံပါး ရဟန်းတစ်ပါးချဉ်းကပ်ပြီးတော့မှ ဝိနည်းသိက္ခာပုဒ် ကျင့်သုံးရေးနဲ့ ပတ်သက်ပြီးတော့ လျှောက်ထားခဲ့တာ မှတ်သားစရာလည်း အလွန်ကောင်းတယ်။

ဦးဇင်း MA ။ ။ မှန်လှပါဘုရား။ ဘုရားတပည့်တော်လည်း မှတ်သားပါရစေဘုရား။

ဦးဇင်း ။ ။ ဘုန်းတော်ကြီးဦးသီလက ''လူတွေသိတဲ့ သိက္ခာပုဒ်ကို ရဟန်းတော်များက အထူးသတိထားကြတဲ့။ အဲဒီ သိက္ခာပုဒ်မျိုးပျက်လို့ရှိရင် အကဲ့ရဲ့ခံရပြီးမှ ကုစားရတယ်တဲ့။ လူတွေမသိတဲ့ သိက္ခာပုဒ်တွေက အကဲ့ရဲ့မခံရဘဲ ကုစားလို့ရတယ်'' လို့ မိန့်တော်မူဖူးပါတယ်။[၁]

ကွန်ပျူတာကျောင်းသား ။ ။ ညနေပိုင်း ထန်းလျက်ခဲလေးတောင် စားခွင့်မရှိဘူးလို့ ဦးဇင်းလေးက မိန့်ပါတယ်ဘုရား။

---

၁။ ဦးအရိယ၏ ဘုန်းတော်ကြီးဦးသီလ ထေရုပ္ပတ္တိ (နှာ-၉၃)

ဦးဇင်း ။ ။ မကျန်းမာတဲ့ သူက တော့ စားခွင့်ရှိပါတယ်။ ကျန်းမာနေရင်တော့ ထန်းလျက်ခဲကို စားခွင့်မရှိပါဘူး။ မှတ်သားစရာ သာဓကတစ်ခုတော့ ရှိပါသေးတယ်။

ဦးဇင်း MA ။ ။ မှန်ပါဘုရား။ သာဓက နဲ့ပဲ ဘုရားတပည့်တော် တို့ကို အမိန့်ရှိပေးတော်မူပါဘုရား။

ဦးဇင်း ။ ။ ရွှေကျင်နိကာယ နဝမ သာသနာပိုင် စကင်း ဆရာတော်ဘုရားကြီးဟာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် ထေရာသနတိုက်အထက်ထပ်မှာ သီတင်း သုံးတော်မူစဉ် အခါတုန်းက ည(၇) နာရီလောက်အချိန် မှာ ဆရာတော်ဘုရားကြီးကို စောင့်ရှောက်နေတဲ့ ကိုရင်တစ်ပါးက စာအံနေပါတယ်။ အဲဒီလို အမှောင်ထဲ မှာ ကိုရင်စာအံနေရင်း ရုတ်တရက် လန့်အော်လိုက် တဲ့အတွက်ကြောင့် ဆရာတော်ဘုရားကြီးက ''ဟဲ့. . . ကိုရင် ဘာဖြစ်တာလဲ'' လို့မေးတော်မူပါတယ်။

ဦးဇင်း MA ။ ။ ဘာဖြစ်လို့လဲဘုရား။

ဦးဇင်း ။ ။ အဲဒီကိုရင်လေးက ''ဘုရားတပည့်တော် ကို လက်နဲ့တို့ခံလိုက်ရလို့ လန့်အော်မိတာပါဘုရား'' လို့ လျှောက်လိုက်ပါတယ်။ ဒါနဲ့ ဆရာတော်ဘုရားကြီး က ''ဘယ်သူက တို့တာတုန်း'' လို့ မေးတော်မူမှ

ကိုရင်က ''ညဘုရားဝတ်တက်ပြီးချိန်မှာ ထန်းလျက်ခဲလာဝေတာ ဘုရားတပည့်တော်က အမှောင်ထဲမှာ ဆိုတော့ လက်နဲ့တို့ပြီးတော့မှ ပေးခဲ့လို့ လန့်အော်မိတာပါဘုရား'' လို့ လျှောက်လိုက်ပါတယ်။

ဦးဇင်း MA ။ ။ မှန်ပါဘုရား။ ထန်းလျက်ခဲကို ညမှာ ကိုရင်လေးက ဘုဉ်းပေးတာလားဘုရား။

ဦးဇင်း ။ ။ မဘုဉ်းရသေးဘူး။ ဆရာတော်ဘုရားကြီးက ''မင်းတို့ ဝါဆိုကျောင်းက ဒီအချိန်ထန်းလျက်ဘယ်ကရသလဲ'' လို့မေးစစ်တော်မူပါတယ်။ ကိုရင်ကလည်း ''ဘုရားဝတ်တက်ပြီးချိန်တိုင်းမှာ ထန်းလျက်ဝေတာပါဘုရား''လို့ လျှောက်ထားတယ်။ ဆရာတော်ဘုရားကြီးက ''မင်းတို့တစ်ကျောင်းလုံး ထန်းလျက်ခဲတွေစားကြတာပေါ့'' လို့ မိန့်တော်မူတော့ ကိုရင်လေးကလည်း ''မှန်ပါဘုရား'' လို့ လျှောက်လိုက်ပါတယ်။ ''ကဲ. . . ကိုရင် မင်းတို့ ဘုန်းကြီးကို လျှောက်လိုက်၊ မနက်ဖြန်တစ်ကျောင်းလုံး ဒဏ်ထမ်းကြ၊ ဦးဇင်းတွေကဒေသနာကြားကြ'' လို့ မိန့်တော်မူပါတယ်။[၁]

ဦးဇင်း MA ။ ။ မှန်ပါ့ဘုရား၊ မှတ်သားပါ့မယ်ဘုရား။

---

၁။ ဥူးမာနိတသိရီဘိဝံသ စံကင်းဆရာတော်၊ စံကင်းရာပြည့်မော်ကွန်း(နှာ-၁၀၆)

ဦးဇင်း ။ ။ မကျန်းမာတဲ့ပုဂ္ဂိုလ် ကတော့ နေ့လွဲတဲ့ အခါမှာ ထန်းလျက်ခဲစားကောင်းတယ်တဲ့၊ ကျန်းမာတဲ့ ရဟန်းသာမဏေက ထန်းလျက်ခဲမစားကောင်းဘူး။ ထန်းလျက်အရည်သာ သောက်ကောင်းပါတယ်။ အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ၊ အဂိလာနဿ ဂုဠောဒကံ။[၁]

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော် နောက်ဆိုရင် ဂျင်းနဲ့ ထန်းလျက်ပြုတ်ပြီး ကပ်မယ်ဘုရား။

ဦးဇင်း ။ ။ သာဓုပါ၊ သာဓု၊ သာဓု။

၁။ ၂၈၄၊ ဗေလဋ္ဌကစ္စာနဝတ္ထု၊ ဘေသဇ္ဇက္ခန္ဓက မဟာဝဂ္ဂပါဠိ (နှာ–၃၂၀)

## ၁၂။ ရဟန်းသံဃာ အမြဲတမ်း ဆွမ်းခံခွင့် မရှိတဲ့အိမ်ဆိုတာမျိုးရှိပါသလား?

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် မသိလို့မေးလျှောက်ပါရစေဘုရား။

ဦးဇင်း ။ ။ ရဟန်းလည်းပြုကာနီးပြီဆိုတော့ များများမေးလျှောက်လေ ကောင်းလေပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် နားမရှင်းတာက တပည့်တော်တို့နဲ့ တစ်အိမ်ကျော်မှာရှိတဲ့ အန်တီအပျိုကြီးက တပည့်တော်တို့ ငယ်ကတည်းက ကျောင်းသွားရင် မုန့်ဖိုးတွေပေးတယ်။ တခါတလေ ရုပ်ရှင်ကြည့်ဖို့ အဖော်ခေါ်တယ်။ တပည့်တော်တို့လည်း အမျိုးမတော်သော်လည်း အဒေါ်အရင်းတစ်ယောက်လိုပဲ ရင်းရင်းနှီးနှီးကြီး ခင်မင်နေကြပါတယ်ဘုရား။

ဦးဇင်း ။ ။ အဲဒါ အခုဘယ်လိုကြောင်းရှိလာလို့လဲ?

ကွန်ပျူတာကျောင်းသား ။ ။ ဦးဇင်း MA က ဘုရား
တပည့်တော် ရဟန်း
ဖြစ်ပြီးလို့ရှိရင် အဲဒီအိမ်ကို အကျွမ်းတဝင် မရှိကောင်း တော့ဘူးလို့ မိန့်ပါတယ်ဘုရား။ တပည့်တော်တို့က ရပ်ဆွေရပ်မျိုးလို ဖြစ်နေတယ်၊ သွေးသား မတော်တာ ဘဲရှိတယ်။ အလွန် ရင်းရင်းနှီးနှီးပါဘုရား။ ရဟန်းဖြစ်ပြီး လို့ရှိရင် သူကလည်း တပည့်တော်တို့ကို ဆွမ်းတွေ လောင်းဦးမယ်။ သူ့အိမ်မှာ ထိုင်ဆွမ်းလည်း ပင့်မယ်လို့ ပြောထားပါတယ်ဘုရား။ အဲဒီအိမ်ကို တပည့်တော် ရဟန်းဖြစ်ပြီးရင် မသွားရတော့ဘူးလားဘုရား။

ဦးဇင်း ။ ။ ရဟန်းအနေနဲ့ အမြဲ
တမ်း အကျွမ်းတဝင်
မဖြစ်ရတဲ့ အိမ်(၆)မျိုးရှိပါတယ်။ ဆွမ်းမခံရဘူးဆိုသော် လည်းပဲ တခါတလေ ဆွမ်းရပ်ခွင့်တော့ ရှိပါတယ်။ အကယ်၍ သူတို့အနေနဲ့ လမ်းဆုံလမ်းခွကိုထွက်ပြီး တော့မှ လောင်းလို့ရှိရင်လည်းပဲ ဆွမ်းခံခွင့်ရှိပါတယ်။ ကျောင်းကိုလာပြီး ဆွမ်းပို့ရင်လည်း ခံယူသုံးဆောင် ကောင်းပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ အဲဒီအိမ်က ဘာဖြစ်
လို့လဲဘုရား။

ဦးဇင်း ။ ။ အဲဒီအိမ်က အပျိုကြီး
အိမ်ဖြစ်လို့ပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ အပျိုကြီးအိမ်ဆိုတာ နှင့် အရောတဝင်မနေ ရတော့ဘူးလားဘုရား။

ဦးဇင်း ။ ။ အပျိုကြီးတင်မက ဘူး၊ အကျွမ်းတဝင် မဖြစ်ဖို့အတွက်ကို ပညတ်တားမြစ်ထားတဲ့အိမ် (၆)မျိုး တောင် ရှိသေးတယ်။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော် အဲဒါကို လည်း သိပ်သိချင်ပါ သေးတယ်ဘုရား။

ဦးဇင်း ။ ။ အကျွမ်းတဝင် မရှိရ တဲ့အိမ် (၆)မျိုးထဲက နံပါတ် (၁) အရက်ဆိုင်ဖြစ်ပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဟာ. . . တပည့်တော် တို့အိမ်နဲ့ မျက်စောင်း ထိုးမှာ စားသောက်ဆိုင်ရှိတယ်ဘုရား။ အဲဒီမှာ အရက် လည်းရောင်းတယ်။ သူတို့ကလည်း တပည့်တော် ရဟန်းခံပြီးလို့ရှိရင် ဆိုင်မှာ ဆွမ်းထိုင်ဖို့ လျှောက်ဦး မယ်လို့ ပြောတယ်ဘုရား။

ဦးဇင်း ။ ။ အင်း. . . အဲလို အိမ် မျိုးကို အကျွမ်းတဝင် မနေရဘူးတဲ့။ အဲဒီပုဂ္ဂိုလ်မျိုးကို အဲဒါရဟန်းကောင်း မခေါ်ဘူးလို့ စာမှာပြပါတယ်။ နောက်ဆုံး ရဟန္တာပင်

ဖြစ်စေကာမူတဲ့ ယုတ်မာတဲ့ရဟန်း၊ ရှုံ့ရှာအပ်တဲ့ ရဟန်း လို့ ယုံမှားသံသယ ဖြစ်ခံရတတ်တယ်တဲ့။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားရဲ့အမိန့်တော် ဆိုရင် တပည့်တော် လိုက်နာပါ့မယ်ဘုရား။ ကျန်တဲ့အိမ်တွေကိုလည်း ဆက်ပြီးသိပါရစေဘုရား။

ဦးဇင်း ။ ။

နံပါတ် ၁။ ။ ပြည့်တန်ဆာမအိမ်
၂။ ။ မုဆိုးမအိမ်
၃။ ။ အပျိုကြီးအိမ်
၄။ ။ မိန်းမလျှာ (ပဏ္ဍုက်)အိမ်
၅။ ။ ဘိက္ခုနီမကျောင်း
၆။ ။ သေတင်းကုတ် (အရက်ဆိုင်)
တို့ ဖြစ်ပါတယ်။

အဲဒါကို မှတ်သားရလွယ်အောင် လင်္ကာလေး စီထား တာရှိပါတယ်။

သုရာ သောက်တုတ် ၊ သေတင်းကုတ်
ပဏ္ဍုက် ဘိက္ခုမ ၊ ပျိုကြီးဂေဟာ
ပြည့်တန်ဆာ ၊ လင်ကွာမုဆိုးမ
ဤခြောက်အိမ်တွင် အမြဲပင် ဆွမ်းဝင်မခံရ[၁]တဲ့။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ရဟန်းဖြစ်ပြီးရင် အဲဒီ

---

၁။ ၁၊ ပထမဂါထာဝဏ္ဏနာ၊ ခုဒ္ဒကပါဌဌကထာ (နှာ-၂၀၂)

(၆)အိမ်ကို ရှောင်ကြဉ်ပြီး နေပါ့မယ်ဘုရား။ ဒါပေမဲ့ ဘုရားတပည့်တော်ရဲ့ ကျောင်းနေဖက် သူငယ်ချင်း တစ်ယောက်က အခြောက်လိုလို၊ မိန်းမလျှာလိုလို ဖြစ်နေတာဘုရား။ သူ့ကိုလည်း ရင်းရင်းနှီးနှီး ပေါင်းလို့ မသင့်တော်တော့ဘူးလားဘုရား။

ဦးဇင်း ။ ။ အဲဒီ ပုဂ္ဂိုလ်မျိုးကို ရဟန်းတစ်ပါးအနေနဲ့ အကျွမ်းတဝင် မပေါင်းကောင်းဘူးလို့ ဘုရားက ဟောတော်မူထားတယ်။ ဒါကြောင့် အကျွမ်းတဝင် မရှိတာ အကောင်းဆုံးပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။ အဲဒါကိုလည်း တပည့်တော် လိုက်နာနိုင်အောင် ကြိုးစားပါ့မယ်ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်ကို မေမေက မီးဖွားတဲ့အိမ်တွေ၊ အသုဘအိမ်တွေမှာလည်းပဲ ဆွမ်းမခံရဘူးလို့ ပြောပြဖူးတယ်ဘုရား။ အဲဒီအိမ်တွေက မသန့်ရှင်းဘူးလို့ ဆိုပါတယ်ဘုရား။ အဲဒါ ဟုတ်ပါသလားဘုရား။

ဦးဇင်း ။ ။ မီးဖွားတဲ့အိမ်ကိုဆွမ်းမခံရဘူးဆိုတာ မရှိပါဘူး။ အသုဘအိမ်မှာလည်း ဆွမ်းမခံကောင်းဘူးဆိုတာလည်း မရှိပါဘူး။ အဲဒီမှာ သပိတ်ဆွမ်းသွပ်တယ်ဆိုတဲ့ ကိစ္စတောင် ရှိနေတာပဲ။ ဒီမေးခွန်းက မေးစရာတောင်

သိပ်ပြီး မလိုအပ်တဲ့မေးခွန်းပဲ မောင်ကျောင်းသားရဲ့။ မီးဖွားတဲ့ အိမ်ကိစ္စကတော့ မြတ်စွာဘုရား လက်ထက်တော် အခါကာလကပဲ အရှင်သီဝလိ လောင်း ဖွားတော်မူစက ရှင်သာရိပုတ္တရာစတဲ့ ရဟန္တာ မထေရ်မြတ်ကြီးတွေ အိမ်ကိုပင့်ပြီးတော့မှ ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့တာတွေ တိဿသာမဏေ အလောင်းလျာ ဖွားမြင်တဲ့အခါမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို ပင့်လျှောက်ပြီးတော့မှ နို့ဃနာ ဆွမ်းတွေ ကပ်ခဲ့တဲ့ အစဉ်အလာတွေ ရှိပါတယ်။[၁] ဒါကြောင့် မီးဖွားတဲ့အိမ်ဟာ မီးမထွက်မချင်း မသန့်ရှင်း လို့ ဆွမ်းခံမကြွရဘူးဆိုတဲ့ ကိစ္စကတော့ စာမှာ လာတဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါကြောင့် ဒီစကားဟာ မှားယွင်းတဲ့ စကားပါပဲ။ မြတ်စွာဘုရားရဲ့ တရားတော်နဲ့ လည်း မလျှော်ညီပါဘူး။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။ ဘုရား တပည့်တော် ခုမှ အမှန်သိရတော့တယ်ဘုရား။ အမေ့ကို ပြောပြရဦးမယ် ဘုရား။

---

၁။ ၁၅၊ ဝနဝါသီတိဿသာမဏေရဝတ္ထု၊ ဗာလဝဂ္ဂ၊ ဓမ္မပဒ ပဌမတွဲ(နှာ-၃၃၄)

## ၁၃။ ပဝါရိတ် သင့်တယ်ဆိုတာ ဘာလဲ။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် မသိလို့ လျှောက်ထားပါရစေဘုရား။ ဦးဇင်း MA လူ့ဘဝတုန်းက အလွန်ကြိုက်လှပါတယ်ဆိုတဲ့ ကောက်ညှင်းပေါင်းကို တနေ့မနက်က သူ့သပိတ်ထဲလောင်းတာ သိပ်နှစ်သက်တဲ့ သဘောမျိုးမရှိဘူး ဘုရား။ ဒါကြောင့် ဆွမ်းဘုဉ်းပြီးတဲ့အခါမှာ မကောင်းလို့လား။ အရင်ကတော့ သိပ်ကြိုက်တယ်ကော။ အခုမကြိုက်တော့ဘူးလားလို့ မေးလျှောက်တော့၊ သူက ''ကြိုက်တယ် မကြိုက်ဘူးတော့ မဟုတ်ပါဘူးတဲ့၊ ပဝါရိတ် သင့်မှာစိုးလို့တဲ့''။ အဲဒါ ပဝါရိတ်က ဘာမှန်းလည်း တပည့်တော် မသိဘူးဘုရား။ သူ့ကိုမေးတော့လည်း သေချာတော့ ရှင်းပြနေတာပဲ။ တပည့်တော် နားမလည်ခဲ့ပါဘူး ဘုရား။ အဲဒါကို သိချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ သိသင့်ပါတယ်။ သိဖို့လည်းလိုအပ်ပါတယ်။ ရဟန်းက ဆွမ်းခဲဖွယ် ဘောဇဉ်ဘုဉ်းပေး

သုံးဆောင်နေတုန်းမှာ ဒါယကာက ရဟန်းရဲ့ နှစ်တောင့် တစ်ထွာ အတွင်းကိုလာပြီး လောင်းလှူတာကို ရဟန်းက လက်ကာပြီးဖြစ်စေ၊ လက်ခါပြီးဖြစ်စေ၊ မလိုအပ်တော့ဘူး၊ တော်ပြီလို့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ တနည်းနည်းနဲ့ ပယ်ရှားတားမြစ်လိုက်မိလို့ရှိရင် ပဝါရိတ်သင့်ပါတယ်။ ပဝါရိတ်သင့်တဲ့ ရဟန်းမှာ အာပတ်သင့်ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော် တစ်ခါမှ မကြားဖူးဘူး ဘုရား။

ဦးဇင်း ။ ။ လူတွေအနေနဲ့ ဒါကြားမိဖို့ မလွယ်ပါဘူး။ ဒါရဟန်း ကိစ္စတွေဖြစ်တယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆို ဆွမ်းဘုဉ်းနေတုန်းမှာ ရဟန်းက ထပ်ပြီး ဘာမှမတောင်းရတော့ဘူးလို့ မှတ်ရမှာလား ဘုရား။

ဦးဇင်း ။ ။ အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး။ဟောဒီ အင်္ဂါ(၅)ပါးနှင့် ပြည့်စုံမှသာလျှင် ပဝါရိတ်သင့်တာပါ။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား တပည့်တော် ဒါကို သိချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ၁။ ရဟန်းက ဘောဇဉ် (၅) ပါး အနက် တစ်ပါးပါးကို ဘုဉ်းပေးနေဆဲအချိန် ဖြစ်ရမယ်။

၂။ ရဟန်းဖြစ်စေ၊ သာမဏေဖြစ်စေ၊ လူဖြစ်စေ တစ်ဦးဦးက ဘုဉ်းပေးသုံးဆောင်နေတဲ့ ရဟန်းထံပါးကို ရှေးရှုဆောင်ယူလာတာဖြစ်စေရမယ်။

၃။ ဆက်ကပ်လှူဒါန်းဖို့ ဆောင်ယူလာတဲ့ ဝတ္ထုကလည်းပဲ ဘောဇဉ်ငါးပါး တစ်ပါးပါးဖြစ်ရမယ်။

၄။ ဆက်ကပ်လှူဒါန်းလိုတဲ့ ပုဂ္ဂိုလ်ဟာ ဘုဉ်းပေးသုံးဆောင်နေတဲ့ ရဟန်းရဲ့ ဟတ္ထပါသ်အတွင်းမှာ ရှိနေရမယ်။

၅။ ရဟန်းက ကိုယ်နှင့် ဖြစ်စေ၊ နှုတ်နှင့်ဖြစ်စေ၊ တစ်ခုခုနှင့် တားမြစ်ရမယ်၊ ပယ်မြစ်ရမယ်၊ ဒါဆိုရင် ပဝါရိတ် သင့်ပါတယ်။[၁]

ဒေါက်တာအောင်သူ ။ ။ ဘောဇဉ် ငါးပါးဆိုတာ ပါနေပါတယ် ဘုရား။ အဲဒီ ဘောဇဉ်ငါးပါးဆိုတာ ဘာတွေပါလဲ ဘုရား။

ဦးဇင်း ။ ။ ဒါလည်းသိဖို့လိုတာပဲ။

---

၁။ ၂၃၈၊ ပဉ္စမပဝါရဏာ သိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ (နှာ-ပါစိတ်-၁၁)
ရ၄၊ ပဝါရဏာနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာ ဘာသာဋီကာ (နှာ-၁၂၀)

နံပါတ်(၁) ။ ဩဒန – ဆန်ကဖြစ်လာတဲ့ထမင်း
(၂) ။ သတ္တု – ဆန်ကိုထောင်းထားတဲ့ မုန့်မှုန့်၊ မုန့်လုံးတွေ
(၃) ။ ကုမ္မာသ – ဂျုံကလုပ်တဲ့ မုန့်
(၄) ။ မစ္ဆ – ငါးဟင်းစတာတွေ
(၅) ။ မံသ – အသားဟင်းတွေပါပဲ။[၁]

ဒေါက်တာအောင်သူ ။ ။ ဒါဆိုလို့ရှိရင် ဟတ္ထပါသ် အပြင်ဘက်ကနေ ရှိနေတုန်းမှာ တားမိရင်တော့ ပဝါရိတ်မသင့်ဘူးလားဘုရား။

ဦးဇင်း ။ ။ အင်း ... ရဟန်းတစ်ပါးကဖြစ်စေ၊ လူကဖြစ်စေ ဆက်ကပ်ဖို့ ဟန်ပြင်နေသော်လည်းပဲ ဟတ္ထပါသ် အပြင်ဘက်မှာ ရှိနေတုန်းမှာ တားမြစ်လို့ရှိရင်တော့ ပဝါရိတ် မသင့်ပါဘူး။ ဆက်ကပ်လှူဒါန်းလိုတဲ့ ပုဂ္ဂိုလ်ကလည်း ဟတ္ထပါသ် အပြင်ဘက်ကနေပြီးတော့မှ ဆိုပါစို့ ဟတ္ထပါသ် နှစ်တောင့်တစ်ထွာဆိုတော့ သုံးလေးပေလောက်အကွာ လွတ်လွတ်ကျွတ်ကျွတ်ကနေပြီးမှ ဆွမ်းအုပ်စသည်ကို မပြီးတော့မှ ''ဆွမ်းထည့်တော်မူဦးမလားဘုရား'' လို့ လျှောက်နေစဉ် တားမြစ်ရင်

၁။ ၂၃၈၊ ပဌမပဝါရဏာ သိက္ခာပဒ၊ ဘောဇနဝဂ်၊ ပါစိတ္တိယပါဠိ။ (နှာ–၁၁)

လည်းပဲ ပဝါရိတ် မသင့်နိုင်ဘူး။ နောက်တစ်ခုရှိသေးတယ်။ ဟတ္ထပါသ်အတွင်းကိုတော့ ရောက်ပြီ၊ ဒါပေမယ့် လှူဒါန်းမည့် ပုဂ္ဂိုလ်က ဆွမ်း ဘောဇဉ်စသည်ကို လက်နဲ့မကိုင်ပဲ နှုတ်သက်သက်နဲ့ ''ဆွမ်းလောင်းပါဦးမယ်ဘုရား'' လို့ လျှောက်ထားတာကို တားမြစ်မိရင်လည်း ပဝါရိတ်မသင့်သေးပါဘူး။ လက်ထဲမှာ ကိုင်ထားလျှက် ဟတ္ထပါသ်အတွင်းကို ဝင်ပြီး လျှောက်တာကို တားလို့ရှိရင်တော့ ပဝါရိတ်သင့်ပါတယ်။[၁]

ဒေါက်တာအောင်သူ ॥ ॥ အတော်နက်နဲတဲ့ ဘုရားဥပဒေပဲဘုရား၊ သာမန်အားဖြင့် နားလည်ဖို့ မလွယ်ကူလှပါဘူး ဘုရား။

ဦးဇင်း ॥ ॥ ဟုတ်တယ်၊ ဒီနက်နဲတဲ့၊ ခက်ခဲတဲ့၊ သိမ်မွေ့တဲ့ ဝိနည်းတော်များကို ရဟန်းသံဃာတော်များက ထမ်းဆောင်နေရပါတယ်။ ဒါကြောင့် ဆွမ်းဘုဉ်းပေးနေစဉ်မှာ ဆွမ်း၊ ဆွမ်းဟင်း ခဲဖွယ်ဘောဇဉ် မုန့်စသည်ကို လောင်းလှူချင်လို့ရှိရင် လက်နဲ့ မခပ်၊ မကိုင်သေးပဲ ပန်းကန်ကိုဘေးချပြီး နှုတ်နဲ့ပဲ ''ဆွမ်းများ

၁။ ဂုရု၊ ပဝါရဏာ နိဒ္ဒေသ၊ ဥဒ္ဒသိက္ခာ ဘာသာဋီကာ (နှာ–၁၂၅) ပဉ္စမပဝါရဏာ သိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ ကင်္ခါဝိတရဏီအဋ္ဌကထာ (နှာ–၂၂၁)

အလိုရှိတော်မူပါသေးလားဘုရား'' ''ဆွမ်းဟင်းလေးများ အလိုရှိတော်မူပါသေးလားဘုရား''။ လို့ မေးမြန်းလျှောက်ထားရမယ်။ မေးမြန်းလျှောက်ထားတဲ့အခါမှာတော့ ရဟန်းတော်နှင့် ဟတ္ထပါသ်အတွင်းမဟုတ်ရင်တော့ ပိုရှင်းတာပေါ့လေ။ ရဟန်းမှာ သံသယမရှိဘူးပေါ့။ ဝိနယ ကုက္ကုစ္စမများတဲ့ ပုဂ္ဂိုလ်များအနေနဲ့က သံသယမရှိဘူးပေါ့။ ဝိနယ ကုက္ကုစ္စများတဲ့ ပုဂ္ဂိုလ်များအနေနဲ့က သံသယ ဖြစ်လွယ်တာကိုး။ ဒါကြောင့် တချို့ဆရာတော်ဘုရားကြီးများက ဆွမ်းဘုဉ်းရင် အနားဘယ်သူမှ မလာရတော့ဘူး။

ဒေါက်တာအောင်သူ ။ ။ ဒါလည်း ခပ်ကောင်းကောင်းပဲဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။

ကွန်ပျူတာကျောင်းသား ။ ။ အရှင်ဘုရား အခုလို ငြင်းတာက မနှစ်သက်လို့ ပယ်လိုက်တာလား ဘုရား။

ဦးဇင်း ။ ။ မနှစ်သက်လို့ချည်း ပြောလို့တော့ မရဘူး မောင်ကျောင်းသား။ သွေးတိုးရောဂါရှိတဲ့ သံဃာအတွက် အုန်းနို့ခေါက်ဆွဲဟာ အန္တရာယ်ဖြစ်နိုင်တယ်။ ဒါကို သပိတ်ထဲ အတင်းလောင်းထည့်တော့မယ်ဆိုရင်

တားမြစ်မိမှာပဲ။ အဲသလိုပဲ အစာအိမ်ရောဂါရှိတဲ့ ပုဂ္ဂိုလ်အဖို့လည်း အစာကြေခဲတဲ့ အစားအစာတွေ အစပ်တွေကို သပိတ်ထဲလောင်းထည့်တော်မယ်ဆိုရင် တားမြစ်မိမှာပဲ။ ကျန်းမာရေးနဲ့မှ မညီပဲကို။ ရံခါလည်းပဲ မိမိအတွက်က ပြည့်စုံနေပြီး ဒါကြောင့် ထပ်ပြီးတော့မှ မယူလိုတော့ဘူး။ ဒီလောက်နဲ့ပဲ တင်းတိမ်နေပြီ၊ ဒါကို ဒကာက စားပွဲပေါ်မှာ ကပ်ပြီးသား ဟင်းခွက်တစ်ခွက်ကိုယူပြီး ဒါလေးက ဘာလေးပါဘုရား၊ ယူပါဦး ဘုရားလို့လျှောက်တာကို တားမြစ်မိရင်လည်းပဲ ပဝါရိတ်သင့်တတ်တာပဲ။

ဒေါက်တာအောင်သူ ။ ။ ဒါဆိုရင် ဘုရားတပည့်တော်တို့ ရဟန်းသံဃာတော်များကို ဆွမ်းကပ်လို့ရှိရင် အထူးပဲ ဂရုစိုက်ပြီးတော့မှ သံဃာတော်များ စိတ်အနှောင့်အယှက်မဖြစ်ရအောင်လို့ ဆက်ကပ်တတ်ဖို့ အရေးကြီးတယ်ဆိုတာကို သဘောပေါက် နားလည်ပါပြီဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော်လည်းပဲ ဦးဇင်းMA မိန့်တာကို အခုမှ ကွဲကွဲပြားပြား ရှင်းရှင်းလင်းလင်း နားလည်တော့တယ်ဘုရား။ သူကတော့ ပဝါရိတ်သင့်မှာကို စိုးရိမ်နေတာပဲဘုရား။

ဦးဇင်း ။ ။ အဲဒီလို ဝိနယကုက္ကုစ္စဖြစ်တာက ကို ဖြစ်ကောင်းတယ်တဲ့၊ ဝိနည်းနဲ့ပတ်သက်လာလို့ စူးစမ်း ဆင်ခြင် လေ့လာ မှတ်သား၊ တကယ်ကြုံတဲ့ အခါမှာလည်း အာပတ်သင့်ရော့ပြီလား၊ သင့်နိုင် သလားဆိုတာကို ဆန်းစစ်နေတာဟာ ပြုကောင်း ပါတယ်။ အကုသိုလ် ကုက္ကုစ္စစေတသိက်မဟုတ်ဘူး။ အပ်မအပ် စူးစမ်းဆင်ခြင်တဲ့ဉာဏ် ပြဋ္ဌာန်းတဲ့ မဟာ ကုသိုလ်စိတ်ဖြစ်ပါတယ်။ ရဟန်းကောင်းဖြစ်ဖို့အတွက် ဝိနည်း သီလကိုလေ့ကျင့်နေတာ ဖြစ်တဲ့အတွက်ကြောင့် ဒါဟာ အလွန်သင့်တော်ပါတယ်။ အလွန်ကောင်းမွန် ပါတယ်လို့ သူတော်ကောင်းကြီးများက ချီးမွမ်းတော်မူ ပါတယ် မောင်ကျောင်းသား။[၁]

၁။ တိပိဋကပါဠိ မြန်မာအဘိဓာန် (အ–ဝင်) (အ–၄၉၇)

## ၁၄။ အကပ်ပျက်တယ်ဆိုတာ ဘာလဲ။

ကွန်ပျူတာကျောင်းသား ။ ။ အကပ်ခံပြီးသား ပစ္စည်းတွေမှာ အကပ်ပျက်တယ်ဆိုတာ ရှိပါသလားဘုရား။

ဦးဇင်း ။ ။ အကပ်ခံပြီးသား ပစ္စည်းတွေမှာ အကပ်ပျက်တယ်ဆိုတာ ရှိကောင်းပါတယ်။

ဒေါက်တာအောင်သူ ။ ။ အဲဒါတွေလည်း လိုက်နာနိုင်ဖို့ မှတ်သားပါရစေဘုရား။

ဦးဇင်း ။ ။ အဲဒီ အကြောင်းအရာကတော့ အင်္ဂါ (၆) ပါးရှိပါတယ်။

၁။ သိက္ခာချ လူထွက်သွားလို့ရှိရင် အကပ်ပျက်သွားပါပြီ။

၂။ သူခိုးဓါးပြတို့ အနိုင်ထက်လုယူထားလို့ရှိရင် အကပ်ပျက်သွားပါပြီ။

၃။ ပျံလွန်တော်မူလို့ရှိရင်လည်း အကပ်ပျက်ပါတယ်။

၄။ ရဟန်းယောကျာ်းမှ မိန်းမအဖြစ် လိင်ပြောင်းသွားရင်လည်း အလိုလို အကပ်ပျက်ပါတယ်။

၅။ အစွန့်ခံပုဂ္ဂိုလ် အထင်အရှားမရှိဘဲနဲ့ မိမိဘာသာ မစားတော့ဘူး၊ ဒီလောက်ဆိုရင် ပြည့်စုံပြီ၊ တော်လောက်ပြီ ဆိုပြီးတော့မှ ကိုယ်စိတ်နှစ်ပါးလုံးနဲ့ ဖြစ်ဖြစ်၊ စိတ်နဲ့ပဲဖြစ်ဖြစ် စွန့်လွှတ်လိုက်လို့ရှိရင်လည်း အကပ်ပျက်တယ်။

၆။ လူသာမဏေ စသည်တို့ကို စိတ်အာလယ ပြတ် ပေးစွန့်လိုက်လို့ရှိရင်လည်း အကပ်ပျက်ပါတယ်။[၁]

ဦးဇင်း MA ။ ။ ဘုရားတပည့်တော် အာလယပြတ်စွန့်လို့ အကပ်ပျက်တာကို ပြန်ပြီး ဘုဉ်းချင်ရင် ရပါသလားဘုရား။

ဦးဇင်း ။ ။ ကိုယ်အနေနဲ့ မစားတော့ဘူး၊ တော်လောက်ပြီဆိုပြီးတော့မှ ဆွမ်း၊ ဆွမ်းဟင်းပန်းကန် တစ်ခုခုကို ကပ္ပိယက သိမ်းဆည်းလိုက်ပြီ၊ ယူလိုက်ပြီ။ အဲဒါကို ပြန်ပြီး ဘုဉ်းပေးချင်တယ် ဆိုလို့ရှိရင်တော့ ပြန်ပြီး အကပ်ခံမှပဲ အပ်စပ်တော့မယ်။

၁။ ၆၉၊ ပဌမပါရာဇိက ဝိနီတဝတ္ထုဝဏ္ဏနာ ပါရာဇိကကဏ္ဍအဋ္ဌကထာ။ (နှာ–ပ–၂၄၁)

## ၁၅။ ကပ္ပိတယ်ဆိုတာ ဘာလဲ။

ကွန်ပျူတာကျောင်းသား ။ ။ ဦးဇင်း MA က တပည့်တော်ကို ကပ္ပိယ လို့လည်း မိန့်ပါတယ်ဘုရား။ ကပ္ပိပါလို့လည်း ပြောတယ်ဘုရား။ တပည့်တော်က ကပ္ပိယနဲ့ ကပ္ပိတယ်နဲ့သာ နားထောင်နေရတာ ရှင်းရှင်းလင်းလင်း ကွဲကွဲပြားပြား နားမလည်သေးဘူးဘုရား။

ဦးဇင်း ။ ။ ကပ္ပိယဆိုတာက တော့ ရဟန်းတို့ရဲ့ အခေါ်အဝေါ် အသုံးအနှုန်းပဲဖြစ်ပါတယ်။ တိုက်ရိုက် အဓိပ္ပါယ်ကတော့ ရဟန်းတို့နဲ့ အပ်စပ်တယ်လို့ အဓိပ္ပါယ်ရပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ ကပ္ပိယဆိုတာက လူလားဘုရား။

ဦးဇင်း ။ ။ ပါဠိလို တိုက်ရိုက် အဓိပ္ပါယ်ကကပ္ပိယ ကာရက အပ်စပ်အောင် ပြုတတ်တဲ့လူပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ ကပ္ပိတယ်ဆိုတာ ရော ဘုရား။

ဦးဇင်း ။ ။ ရဟန်းဝိနည်းအရ အမြစ်တွေ၊ အရွက်တွေ၊ အခက်အလက်တွေ ဝေဖြာနေတဲ့ အပင်မှန်သမျှကို ဘူတဂါမလို့ခေါ်တယ်။[၁] အမြစ်၊ အညွန့်၊ အရွက် မထွက်သေးတဲ့ မျိုးစေ့ကိုတော့ ဗီဇဂါမလို့ခေါ်တယ်။[၂] ဒီအခြေခံကစပြီးသိမှ အဆင်ပြေမှာပါ။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား၊ ဘုရားတပည့်တော်လည်း ဝိနည်း ပြည့်ပြည့်စုံစုံကို အခြေခံကပဲ သိချင်ပါတယ် ဘုရား။ အမိန့်ရှိပေးတော်မူပါဘုရား။

ဦးဇင်း ။ ။ ဘုရားဥပဒေတော်မှာ ရဟန်းတော်က သစ်ပင်ကို ကိုယ်တိုင်ဖျက်ဆီးရင်ဖြစ်စေ၊ ခိုင်းပြီးတော့မှ ဖျက်စီးရင်ဖြစ်စေ အာပတ်သင့်ပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ လူရောအာပတ်သင့်တာလား ဘုရား။

ဦးဇင်း ။ ။ လူက ဘာလို့ အာပတ်သင့်မှာလဲ၊ လူက သစ်ပင်တစ်ပင်လုံးကို ခုတ်လှဲပစ်လိုက်လည်း အာပတ်မသင့်ပါဘူး။ ရဟန်းကသာ အာပတ်သင့်တာပါ မောင်ကျောင်းသား။

---

၁။ ၉၀၊ ဘူတဂါမ သိက္ခာပဒဝဏ္ဏနာ၊ ပါစိတျာဒိအဋ္ဌကထာ။ (နှာ–၂၆)
၂။ ၉၀၊ ဘူတဂါမ သိက္ခာပဒဝဏ္ဏနာ၊ ပါစိတျာဒိအဋ္ဌကထာ။ (နှာ–၂၇)

ဦးဇင်း MA ။ ။ ဖျက်ဆီးတယ်ဆိုတာက ဘယ်လိုလုပ်တာကို ဆိုလိုပါသလဲဘုရား။

ဦးဇင်း ။ ။ ဖျက်ဆီးတယ်ဆိုတာက သစ်ပင်တွေကို ဖျက်တာ၊ ခွဲတာ၊ မီးတိုက်တာ အားလုံးဟာ ဖျက်ဆီးတာချည်းပါပဲ။ ဒါကြောင့် ဖျက်ဆီးတယ်ဆိုတဲ့နေရာမှာ ဗီဇဂါမ၊ ဘူတဂါမ နှစ်မျိုးခွဲခြားထားပါတယ်။ ဗီဇဂါမ ဆိုတာ အမြစ်တွေ၊ ပင်စည်တွေ၊ အဆစ်တွေ၊ အညွန့်တွေနဲ့ အစေ့တွေဆိုပြီး (၅)မျိုးရှိတယ်။[၁] အဲဒီမျိုးစေ့ (၅)မျိုးကို ဖျက်ဆီးလို့ရှိရင် အာပတ်သင့်တယ်။

ဦးဇင်း MA ။ ။ အဲဒါတွေက အပင်ပေါက်နိုင်လို့လားဘုရား။

ဦးဇင်း ။ ။ အပင်ပေါက်နိုင်လို့ပါပဲ၊ ဗီဇဂါမ(၅)မျိုးထဲမှာ–

၁။ မူလဗီဇ (အမြစ်မျိုးစေ့) ဆိုလို့ရှိရင် အမြစ်၊ အဖု၊ အဥ ကနေအပင်ပေါက်တဲ့အမျိုး။ ဥပမာအားဖြင့် အားလူးတို့၊ ဂျင်းတက်တို့၊ ကြက်သွန်တို့။

---

၁။ ၉၁၊ ဘူတဂါမ သိက္ခာပဒ ပါစိတ္တိယပါဠိ (နှာ–၅၂)

၂။ ခန္ဓာဗီဇ (ပင်စည်မျိုးစေ့) ပင်စည်ကနေအပင်ပေါက်တဲ့ပူစီနံတို့၊ နံနံပင်တို့၊ ရွက်လှပင်တို့ ဆိုလိုတယ်။

၃။ ဗီဇ ဗီဇ (အစေ့မျိုးစေ့) အစေ့ကနေ မျိုးစေ့ပေါက်တာ၊ ပမာအားဖြင့် ပဲ၊ ပြောင်း၊ စပါး၊ သရက်၊ ညောင်စေ့၊ ဇီးစေ့ စတာတွေ ပါဝင်တယ်။

၄။ အဂ္ဂဗီဇ (အညွန့်မျိုးစေ့) အညွန့်ကနေ အရွက်ဖြစ်လာတာမျိုး၊ ပမာအားဖြင့် ကွမ်းရွက်တို့၊ ငရုတ်ကောင်းတို့၊ ရွက်ကျပင်ပေါက်တို့ကို ဆိုလိုတယ်။

၅။ ဖဠုဗီဇ (အစစ်မျိုးစေ့) အဆစ်ကနေ အပင်ပေါက်တာ၊ ပမာအားဖြင့် ကြံပင်လိုမျိုး ပေါ့. . .။ အဲဒါတွေကို ရဟန်းက ဖျက်ဆီးရင် အာပတ်သင့်တယ်။

ဦးဇင်း MA ။ ။ ဒါဆိုရင် တပည့်တော် စာသင်ကျောင်းမှာ တုန်းက သင်ရတာ ရေညှိတွေမှာလည်း ပွားတတ်တယ်ဘုရား။ အဲဒါ ပျက်စီးရင်ရော ရဟန်းမှာ အပြစ်ရှိသလား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ သောက်ရေအိုးတို့၊ ရေထိပြီး စိုစွတ်နေတဲ့ သံမံတလင်းတို့ပေါ်မှာ ရေညှိလေးတွေ

ပေါက်နေတတ်တယ်။ သူ့မှာတော့ အရွက်တွေ၊ အညွန့်တွေ မရှိတဲ့အတွက်ကြောင့် မျိုးစေ့မှမရှိပဲ။ ဒါကြောင့် သူကတော့ ဗီဇဂါမ်စာရင်းထဲမှာ ပါဝင်တယ်။ ရဟန်းတွေက ဒါကို ဖျက်ဆီးလို့ရှိရင် အာပတ်သင့်တတ်တယ်။

ဦးဇင်း MA ။ ။ ဒါဆိုလို့ရှိရင် စည်ပင်ဖွံ့ဖြိုးကြီးပွားနေတဲ့ သစ်ပင်တွေကို ခုတ်ဖြတ်ဖျက်စီးရင်လည်း အာပတ်သင့်တယ်လို့ ဘုရားတပည့်တော် နားလည်ပါပြီဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ မှန်ပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆိုလို့ရှိရင် ရဟန်းတစ်ပါးက မုန့်ဟင်းခါးမှာ ထည့်ရတဲ့ ငရုတ်သီးတို့၊ ပူစီနံတို့ မဘုဉ်းရတော့ဘူးလားဘုရား။

ဦးဇင်း ။ ။ အဲဒီအတွက် အပ်စပ်အောင် လုပ်ပေးတတ်တဲ့ပုဂ္ဂိုလ်ဟာ ကပ္ပိယပေါ့။ အဲဒီမှာ အပ်စပ်အောင် လုပ်ပေးရတော့မယ်လေ။ အပ်စပ်အောင်လုပ်တာကို ကပ္ပိတယ်လို့ခေါ်တယ်။

ကွန်ပျူတာကျောင်းသား ။ ။ ခုလိုကိစ္စမှာ ကပ္ပိတယ်ဆိုတာ အသေးစိတ် သိချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ။ အပ်စပ်အောင်လုပ်တယ်

ဆိုတာ လက်သည်းနဲ့ဆိတ်ပြီးတော့မှ ကပ္ပိတာတစ်မျိုး ရှိတယ်။ မီးနဲ့တို့ပြီး လှော်ပြီး၊ ဖုတ်ပြီးတော့မှ ကပ္ပိတာ၊ ခက်ရင်း၊ ဓါးချွန်ဖြစ်စေ၊ သွားကြားထိုးတံနှင့်ဖြစ်စေ စတဲ့ ပစ္စည်းတစ်မျိုးမျိုးနဲ့ ထိုးဖောက်ပြီးတော့မှ ဆောင်ရွက်တာကို ကပ္ပိတယ်လို့ခေါ်ပါတယ်။ အဲသလို ဆောင်ရွက်တာကိုပဲ မြန်မာလိုက အပ်ပါပြီ၊ ဘုဉ်းပေး ကောင်းပါပြီ၊ အသုံးပြုလို့ ရပါပြီဘုရားလို့ ဆိုလိုတာနဲ့ အတူတူပါပဲ။[၁]

ကွန်ပျူတာကျောင်းသား ။ ။ အဲဒီလိုအသီးအရွက်တွေကို လက်သည်း

နဲ့ဆိတ်လိုက်ပြီ၊ မီးနဲ့တို့လိုက်ပြီ၊ ဓါးနဲ့လှီးလိုက်ပြီဆိုရင် ဘုဉ်းပေးကောင်းပြီလားဘုရား။

ဦးဇင်း ။ ။ မျိုးစေ့နှင့် သံသယရှိတဲ့ စားဖွယ်အရာ

တွေကို''ကပ္ပိယံ ကရောဟိ'' အပ်စပ်အောင်ပြုပါလို့ ရဟန်းက မိန့်လိုက်ရင် ကပ္ပိယကာရကဖြစ်တဲ့ သာမဏေ ဖြစ်စေ၊ လူပုဂ္ဂိုလ်ရဲ့နှုတ်က ''ကပ္ပိယံ ဘန္တေ'' အပ်ပါပြီ အရှင်ဘုရားလို့ ဆိုပြီးတော့မှ အဲဒီ စားဖွယ်ပစ္စည်း စသည်တို့ကို လက်သည်းနဲ့ ဆိတ်ဖဲ့လိုက်တာ၊ မီးနဲ့တို့

---

၁။ ၉၀၊ ဘူတဂါမ သိက္ခာပဒဝဏ္ဏနာ၊ ပါစိတ္တျာဒိအဋ္ဌကထာ။ (နှာ-၃၂)

လိုက်တာ၊ ဓါးနဲ့ဖြစ်ဖြစ် လှီးလိုက်တာ၊ ခရင်းနဲ့ ဖြစ်ဖြစ်၊ သွားကြားထိုးတံမာမာနှင့်ဖြစ်ဖြစ် တစ်ခုခုနဲ့ ထိုးဆွလိုက်တာဟာ အပ်စပ်အောင်လုပ်တာပါ။

ဦးဇင်း MA ။ ။ တပြိုင်နက်ထဲ ဆိုရတာမဟုတ်ဘူးလား ဘုရား။

ဦးဇင်း ။ ။ မှန်တယ်။ ''ကပ္ပိယံ ကရောဟိ'' လို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက်ထဲ ''ကပ္ပိယံ ဘန္တေ'' လို့ ဆိုပြီးလှီးရ၊ ဖြတ်ရ၊ ထိုးဆွရပါတယ်။ ''ကပ္ပိယံ ဘန္တေ'' လို့မရွတ်ခင် ကြိုပြီးတော့မှလည်း လှီးတာ ဖြတ်တာ မလုပ်ရဘူး။ လွန်ပြီးတော့မှလည်း မလုပ်ရဘူး။ တပြိုင်နက်ထဲ ပြုရပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆိုလို့ရှိရင် စပျစ်သီး အလုံး(၅၀)၊ (၁၀၀) လောက်ကပ်ထားတာကို တစ်လုံးချင်း ကပ္ပိယံ ကရောဟိ လုပ်နေတာပဲ နေမွန်းတည့်သွားနိုင်တာပေါ့ ဘုရား။

ဦးဇင်း ။ ။ ဒါကတော့ ဝိနည်းလမ်းကြောင်းအရ လုပ်ရတာပါ။ ဒီမှာ ဝိနည်းဥပဒေက အဲဒီအစုအပုံထဲက ဆက်စပ်နေတဲ့ အသီးတစ်လုံးကို ကပ္ပိလို့ရှိရင် တစ်ပုံလုံး ကပ္ပိပြီးဖြစ်ပါတယ်။ အပ်စပ်သွားပါတယ်။

အဲဒီလိုပဲ ငရုတ်သီးဆိုလို့ရှိရင် အထဲကအစေ့တွေအများကြီးပါတာပဲ။ တစ်ခုကို ကပ္ပိလိုက်တာနဲ့ အထဲက အစေ့တွေအားလုံး ကပ္ပိပြီး ဖြစ်သွားပါတယ်။[၁]

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆို အသီးမအောင်တဲ့ မျိုးစေ့ကိုလည်း ကပ္ပိရပါသလား။

ဦးဇင်း ။ ။ မျိုးစေ့မအောင်တဲ့ အသီးတွေကိုတော့ ကပ္ပိဖို့ မလိုတော့ပါဘူး။ ပြီးတော့ သရက်သီးတို့၊ ပိန္နဲသီးတို့၊ ဒူးရင်းသီးတို့ အစေ့တွေ ကိုထုတ်ပြီးတော့မှ စားရတဲ့အသီးတွေ ဆိုလို့ရှိရင်လည်းပဲ မကပ္ပိဘဲနဲ့ စားလို့ ရပါတယ်။ သူက အသီးကို ထုတ်စားလို့ရတဲ့ အတွက်ကြောင့် ကပ္ပိဖို့ မလိုတာပါ။ ကပ်တဲ့အခါမှာ အစေ့တွေ အားလုံး ထုတ်ထားပြီးသားဆိုရင်လည်း ကပ္ပိဖို့ မလိုအပ်တော့ပါဘူး။

ကွန်ပျူတာကျောင်းသား ။ ။ တော်တော်ကြီးကို ကျယ်ဝန်းတာပဲ ဘုရား။

ဦးဇင်း ။ ။ ဒါကြောင့် ကပ္ပိယ ကောင်းရှိမှသာလျှင် ရဟန်းတွေမှာ ချမ်းချမ်းသာသာ သာသနာပြုနိုင်မယ်လို့ ပြောရတာပါ။

---

၁။ ၉၃၊ ဘူတဂါမ သိက္ခာပဒဝဏ္ဏနာ၊ ပါစိတ္တျာဒိအဋ္ဌကထာ။ (နှာ–၃၂)

ဦးဇင်း MA ။ ။ဘုရားတပည့်တော် ကပ္ပိယ ဝေါဟာရ ဆိုတာကို သိချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ဒီသစ်ပင်ကိုခုတ်စမ်း ဒီသစ်မြစ်ကို မီးတိုက်ပစ်စမ်း၊ ဒီသစ်ပင်ကို ဖြတ်စမ်း၊ ငရုတ်သီးကို ထောင်းစမ်း ကြက်သွန်ကို ထောင်းစမ်း၊ မြက်ပင်ဖြစ်စေ၊ အပင်ဖြစ်စေ ဖြတ်စမ်း၊ ခုတ်စမ်းလို့ ရဟန်းက မိန့်လို့ရှိရင် ဝိနည်းနဲ့မအပ်စပ်ပါဘူး။ အပြစ်ရှိပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ဒါဆို မခိုင်းရတော့ဘူးလား ဘုရား။

ဦးဇင်း ။ ။အေး ... အဲဒါကို အပ်စပ်အောင် ခိုင်းလို့ရတဲ့ ကပ္ပိယ ဝေါဟာရ ရှိပါတယ်။ ဒီသစ်ပင်ကို ကပ္ပိပါ။ ငရုတ်သီးကို ကပ္ပိပါ၊ ဒီနံ့နံ့ပင်ကို ကပ္ပိပါလို့ ပြောရတာက သမဏဝေါဟာရပါပဲ။ ကပ္ပိပါဆိုတဲ့ စကားလုံးအစားသိပါလို့ ပြောရင်လည်း ရပါတယ်။ ဥပမာ – ဒီသစ်ပင်ကို သိပါ၊ ငရုတ်သီးကိုသိပါ စသည် ဖြင့်ပေါ့။

ဦးဇင်း MA ။ ။ဒါဆို လမ်းလျှောက်ရင်း တောင်ဝှေးနဲ့ ထောက်မိပြီး မြက်တွေကို တိုးမိတာ၊ လမ်းလျှောက်

သွားတဲ့အခါ မြက်ပင်တွေကို နင်းမိတာတွေဟာလည်း အပြစ်ရှိပါသလား။

ဦးဇင်း ။ ။ဒီမှာက ပျက်စီးစေလိုတဲ့ စိတ်စေတနာ မပါဘဲနဲ့ တောင်ဝှေးထောက်သွားတာ၊ နင်းတာက အပြစ်မရှိဘူး။ ပျက်စီးစေလိုတဲ့ စေတနာပါရင်တော့ မြေကြီးကို တောင်ဝှေးနှင့် အရာထင်အောင် ထောက်ရင်လည်း အာပတ်သင့်ပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ကပ္ပိယ ဝေါဟာရ ဆိုတာကို သိချင်ပါသေးတယ်ဘုရား။

ဦးဇင်း ။ ။ခုန မျိုးစေ့ကိုပဲ ဆိုလို့ရှိရင် ဒီမျိုးစေ့ကို ကပ္ပိပါ၊ ဒီမျိုးစေ့ကို ဆောင်ယူခဲ့ပါ။ ဒီမျိုးစေ့ကို အလိုရှိတယ်။ ဒီမျိုးစေ့ကို အပ်အောင်ပြုပါ ဆိုလို့ရှိရင် အာပတ်မသင့်ပါဘူး။ ဒီမျိုးစေ့ကို ခုတ်ပါ၊ ထောင်းပါ၊ ချက်ပါ ဆိုလို့ရှိရင်တော့ အာပတ်သင့်ပါတယ်။

ဦးဇင်း MA ။ ။မျိုးစေ့မှန်းမသိ၊ အပင်ပေါက်မယ်မှန်း မသိလို့ ရှိရင်ကောဘုရား။

ဦးဇင်း ။ ။အေး. . . အဲဒီလို မျိုးစေ့မှန်းမသိ၊ အပင်

ပေါက်မယ်မှန်းမသိလို့ရှိရင်တော့ အာပတ်မသင့်ပါဘူး။[၁] ပျက်ဆီးစေလိုတဲ့ စေတနာမပါရင်လည်း အာပတ်မသင့်ပါဘူး။

ကွန်ပျူတာကျောင်းသား ။ ။ သာသနာတော်ဟာ အလွန်တိကျတာပဲ ဘုရား။ အလွန်စေ့စပ်တာပဲ ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ စေ့စပ်တယ်။ ဒါကြောင့် ဗုဒ္ဓသာသနာတော် အသုံးအနှုန်းတွေကိုလည်း ကပ္ပိယတွေ၊ ဒကာ၊ ဒကာမတွေ သိဖို့လိုပါတယ်။ ဒကာ ဒကာမတွေ သာသနာ့အသုံးအနှုန်း မသုံးမိရင် ရဟန်းတွေမှာ အာပတ်သင့်နိုင်သလို ဒကာ၊ ဒကာမများမှာလည်း သာသနာပြုတဲ့ ကုသိုလ်မစင်ကြယ်နိုင်ဘူးပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ မှန်လှပါဘုရား၊ လိုက်နာနိုင်အောင် လေ့လာပါ့မယ်ဘုရား။

---

၁။ ၉၂၊ ဘူတဂါမ သိက္ခာပဒ ပါစိတ္တိယပါဠိ (နှာ–၅၂)

## ၁၆။ ကပ္ပိယ ကာရက ဆိုတာကိုလည်း သိချင်ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ကပ္ပိယ ကာရက ဆိုတာကိုလည်း သိချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ကပ္ပိယ ကာရက ဆိုတာ အပ်စပ်အောင် ဆောင်ရွက်ပေးနိုင်တဲ့ပုဂ္ဂိုလ်ကို ဆိုလိုတာပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ နဝကမ္မဆိုတာက ဘာလဲ ဘုရား။

ဦးဇင်း ။ ။ နဝကမ္မဆိုတာကတော့ အမှု ကိစ္စအသစ်လို့ အဓိပ္ပါယ်ရတယ်။

ကွန်ပျူတာကျောင်းသား ။ ။ အမှုကိစ္စအသစ်ဆိုတာကရော ဘာလဲဘုရား။

ဦးဇင်း ။ ။ အမှုကိစ္စအသစ်ဆိုတာက ဂန္ထဓုရ ဝိပဿနာဓုရ တာဝန်ကိစ္စနှစ်ရပ်ကို ဆောင်ရွက်နိုင်ဖို့

စာရေးကိရိယာတွေ ဝယ်ရတာ၊ ကျမ်းစာအုပ်တွေ ဝယ်ရတာ၊ စာသင်စာချဖို့ တရားအားထုတ်ဖို့ ကျောင်းတွေ၊ သီတင်းသုံးနေဖို့ကျောင်းတွေ၊ ဆွမ်းစားကျောင်းတွေဆောက်လုပ်တာ၊ ပြင်ဆင်တာ၊ ဆွမ်းစားစရိတ်တွေ၊ ဒီခေတ်ဒီခါမှာ တယ်လီဖုန်းအသုံးပြုခ၊ အင်တာနက် ငှားရမ်းခ လျှပ်စစ်မီတာခ၊ ကားခါတ်ဆီဖိုး၊ ရေမီတာဖိုး စတာတွေ အားလုံးဟာ အမှုကိစ္စအသစ်အတွက် ကုန်ကျစရိတ် နဝကမ္မဝတ္ထုတွေပဲလို့ သာသနာတော်မှာ ခေါ်ဝေါ်ကြရပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဒါဆိုလို့ရှိရင် ရဟန်းတော်များအနေနဲ့ ငွေကိုမကိုင်တွယ်ဘဲနဲ့ နဝကမ္မတွေ ဘယ်လို ဆောင်ရွက်ရပါသလဲ ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ယခုခေတ် တချို့လူတွေက ငွေစက္ကူတွေကို ရဟန်းတော်များလက်ထဲ ကပ်ရင် အပြစ်ဖြစ်လိမ့်မယ်။ ဝိနည်းနဲ့မညီဘူး။ ဒါကြောင့် တပည့်တော်တို့အမေကတော့ စာအိတ်ကြီးကြီးထဲမှာ ငွေကိုထည့်ပြီး ဘုန်းကြီးယပ်တောင်ပေါ် တင်လှူရင် ဝိနည်းအပြစ် မရှိတော့ဘူးလို့ပြောတယ်ဘုရား။

ဦးဇင်း ။ ။ အဲဒီလို နဝကမ္မအမှုအတွက်ကို ငွေစက္ကူ လှူဒါန်းမယ်ဆိုလို့ရှိရင်တော့ ဝိနည်းတော်နဲ့

ညီညွတ်အောင် ကပ္ပိယကာရက ကနေ တဆင့် လှူဒါန်း ရတယ်မောင်ကျောင်းသား။ ဒါကြောင့် သာသနာတော် မှာ ကပ္ပိယ ကာရကဟာ အလွန်အရေးကြီးတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ကပ္ပိယ ကာရက မရှိရင် သာသနာကို ဝိနည်းတော်နဲ့အညီ သန့်သန့်ရှင်းရှင်း ဆောင်ရွက်နိုင်ဖို့ အခက်အခဲတွေ ရှိနိုင်ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ကပ္ပိယတစ်ယောက်ရဲ့တာဝန်က ဘာတွေပါလဲဘုရား။

ဦးဇင်း ။ ။ ကပ္ပိယကောင်း တစ်ယောက်က ရဟန်း ဝိနည်းကို ကျွမ်းကျင်နှံ့စပ် နားလည်လာအောင် လေ့လာထားရမယ်။ ဒါမှ ရဟန်းသံဃာများ အာပတ် မသင့်၊ မပြစ်မရောက်ဘဲ သာသနာတော်ကို သန့်ရှင်း စင်ကြယ်စွာပြုနိုင်ဖို့ ကူညီဆောင်ရွက်တဲ့ပုဂ္ဂိုလ် ဖြစ်လာ မယ်။ အထူးအားဖြင့်တော့ ငွေနဲ့ပဲ အစစအရာရာ လုပ်ဆောင်သွားနေတဲ့ ခေတ်ကြီးဖြစ်လာတဲ့အတွက် ကြောင့် ဝတ္ထုငွေကို ရဟန်းသံဃာတော်များရဲ့ သာသနာ ပြုလုပ်ငန်းမှာ အပ်စပ်အောင်ပြုပေးနိုင်ဖို့ ကပ္ပိယရဲ့ အရေးကြီးတဲ့တာဝန် ဖြစ်လာပါတယ်။

ဒေါက်တာအောင်သူ ။ ။ ကပ္ပိယကောင်း မရှိရင်ကော ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆို ... နဝကမ္မ အမှုသစ်ကို မလုပ်ရုံပဲပေါ့ဘုရား။

ဦးဇင်း ။ ။ နဝကမ္မ အမှုသစ်လည်းလုပ်ရမယ်။

မလုပ်လို့ မဖြစ်ဘူး။ မလုပ်ရင် အခုလို ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိသာသနာတော်ကြီး ဘယ်လိုလုပ်ပြီးတော့မှ တိုးတတ်ကြီးပွားလာတော့မလဲ။ အဆောက်အဦတွေလည်း ဆောက်ရမှာပဲ။ ခြံစည်းရိုးတွေလည်း ခတ်ရတာပဲ။ ကျောင်းတွေ ကားတွေကိုလည်းပြင်ရတာပဲ။ လျှပ်စစ်မီး၊ တယ်လီဖုန်း၊ ကွန်ပျူတာတွေလည်း ခေတ်အားလျော်စွာ သာသနာပြုလုပ်ငန်းမှာ ရှိလာရတာပဲ။

ဒေါက်တာအောင်သူ ။ ။ ဒါဆိုရင် ဒုက္ခပဲဘုရား။ ငွေလည်းမကိုင်ရဘူး။ အဲဒီပစ္စည်းအတွက် ကုန်ကျစရိတ်လည်းရှိတယ်။ အဲဒါဆိုရင် ဘယ်လိုလုပ်မလဲ ဘုရား။

ဦးဇင်း ။ ။ အဲဒါကြောင့် ကျွမ်းကျင်လိမ္မာတဲ့ ဝိနည်းနဲ့ ညီညွတ်အောင်ဆောင်ရွက်ပေးနိုင်တဲ့ ကပ္ပိယကာရကလိုအပ်တယ်ဆိုတာ အရေးတကြီးပြောရတာပါ။ ရဟန်းတော်များအတွက် လုပ်ငန်းကိစ္စ အမှုသစ် ပေါ်ပေါက်လာရင် ကပ္ပိယမှတဆင့် ဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်

ထားခြင်းဟာ အကောင်းဆုံး လှူဒါန်းခြင်းပါပဲ။ အမွန်မြတ်ဆုံး လှူဒါန်းခြင်းပါပဲ။ သာသနာပြုတာပါပဲ။ ဒါကြောင့် ကပ္ပိယတစ်ယောက်ရဲ့တာဝန်ဟာ သာသနာတော်မှာ သိပ်ပြီးတော့မှကို အရေးကြီးလှပါတယ်။

ဒေါက်တာအောင်သူ ॥ ॥ ဒါဆို တပည့်တော်တို့လည်း ကပ္ပိယကောင်းတစ်ယောက် ဖြစ်လာအောင် ကြိုးစားရမယ် ဘုရား။

ဦးဇင်း ॥ ॥ ခုလို သဒ္ဓါတရားဖြစ်လာတာ သိပ်ကောင်းပါတယ်။ ဗုဒ္ဓဘာသာဝင်တိုင်းဟာ ကပ္ပိယကာရက ကပ္ပိယကောင်းဖြစ်ဖို့အတွက် ကြိုးစားသင့်တယ်။ အားလုံးနဲ့သက်ဆိုင်တဲ့ တာဝန်ကြီးတစ်ခုပါပဲ။ ဘာဖြစ်လို့လဲဆိုရင် ရဟန်းတော်များအနေနဲ့ စောင့်ထိန်းလိုက်နာရတဲ့ သိက္ခာပုဒ်က အကျဉ်းချုံးရင် (၂၂၇)သွယ် အကျယ်ချဲ့ရင် ကုဋေကိုးထောင်တစ်ရာ ရှစ်ဆယ်ကျော် (၉၁၈၀၅၀၃၆၀၀၀) ထိ ကျယ်ဝန်းများပြားလှတဲ့အတွက်ကြောင့် အဲဒီသိက္ခာပုဒ်တွေကို တစ်ဘက်က စောင့်ထိန်းရင်း တဘက်ကလည်း ဗုဒ္ဓမြတ်စွာ သာသနာပြုလုပ်ငန်းတွေကို ဆောင်ရွက်နေကြရတာဟာ အလွန်ပဲ ဝန်လေးလှပါတယ်။ ဒါကြောင့် ရဟန်းသံဃာများအနေနဲ့ ဝိနည်းဘောင်အတွင်းက

သာသနာပြုတာဝန်ထမ်းဆောင်နိုင်ဖို့ ကပ္ပိယမရှိရင် မဖြစ်ပါဘူး။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော် တဖြည်းဖြည်းနဲ့ နားလည်လာပါပြီဘုရား။ အချိန်ပေးပြီးမှကို ဝိနည်းတွေ ဖတ်၊ မှတ်၊ လေ့လာပြီး ကပ္ပိယကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားပါတော့မယ်ဘုရား။

ဦးဇင်း ။ ။ သာဓုဗျာ၊ သာဓု၊ သာဓု။ ရဟန်း သံဃာတွေမှာက အသုံးအနှုန်းကိုလည်း ဂရုစိုက်ရတယ်။ အနေအထိုင်ကိုလည်း ဂရုစိုက်ရတယ်။ ကိုယ့်ရဲ့အကျင့်သီလတွေအပေါ်မှာလည်းပဲ အထူး မြတ်မြတ်နိုးနိုးနေကြရပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော်လည်း ဝိနည်းကို လေ့လာဖတ်ရှုပါ့မယ်ဘုရား။ တပည့်တော် ထင်တာက ရဟန်းဖြစ်မှပဲ ဝိနည်းလေ့လာရမယ်လို့ ထင်နေတာပါ ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ ရဟန်း မဖြစ်ခင်လည်းပဲ ကပ္ပိယတစ်ယောက်အနေနဲ့ ဝိနည်းတွေ သိထားတော့ ကျေးဇူးများတာပေါ့။ သာသနာပြုနေတဲ့ရဟန်း သံဃာ

တော်များကို စောင့်ရှောက် ကူညီနိုင်တာပေါ့။ ကိုယ်ကိုယ်တိုင် ရဟန်းဝတ်တဲ့ အခါကျတော့လည်းပဲ ဒီလိုဝိနည်းတွေသိထားတော့ အပြစ်မဖြစ်အောင် နေတတ်တာပေါ့။ ကျေးဇူးများပါတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ ဘုရားတပည့်တော် ဝိနည်းဟာ ရဟန်းနဲ့ပဲဆိုင်တယ်။ တပည့်တော်တို့ လူသားတွေနဲ့ မဆိုင်ဘူးထင်လို့ မလေ့လာမိတာပါဘုရား။ တပည့်တော် အခုချိန်က စပြီးတော့ မိမိတို့နဲ့ဆိုင်တဲ့ ဝိနည်းပိုင်းကို လေ့လာပါ့မယ်ဘုရား။ ဒါမှ သာသနာပြုနေတဲ့ ဆရာတော် သံဃာတော်များအတွက် တပည့်တော်တို့အနေနဲ့ အာပတ်လွတ်အောင် ကူညီစောင့်ရှောက်နိုင်မယ် ဆိုတာကို တပည့်တော် သဘောပေါက်ပါပြီဘုရား။

## ၁၇။ ဗုဒ္ဓသာသနာ အသုံးအနှုန်းကိုလည်း သိချင်ပါတယ်

ဦးဇင်း ။ ။ ဗုဒ္ဓသာသနာမှာ သူ့အသုံးအနှုန်းနဲ့သူ ရှိတယ်။ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော် သက်တမ်းဟာ ရာစုနှစ် (၁၀)စုတောင်ရှိနေပြီ။ ဒါကြောင့် မြန်မာဝေါဟာရထဲမှာ သာသနာတော်ရဲ့ စကားလုံးဝေါဟာရ ယဉ်းကျေးမှု ဓလေ့တွေဟာ အလွန်ပဲ ထူးခြားလေးနက်ပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ ရဟန်းတော်များနှင့် အပ်စပ်အောင် ဝိနည်းနှင့်အညီ သုံးစွဲနိုင်အောင် ပြုလုပ်တာကို ကပ္ပိတယ်လို့ ခေါ်တယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် မှတ်သားပြီးပါပြီ ဘုရား။

ဦးဇင်း ။ ။ ဖိတ်ခေါ်တာကိုတော့ "ပင့်လျှောက်တယ်"

ခေါ်တယ်။ ဆွမ်းခံကြွလာတဲ့ ရဟန်းသံဃာတော်များ ကို ခေတ္တရပ်စေလိုရင် ''ရပ်တော်မူပါဘုရား''လို့ လျှောက်ထားရတယ်။ စားစေလိုလျှင် စားပါဘုရားလို့ လျှောက်ရင်မအပ်စပ်ဘူး။ ''ဘုဉ်းပေးတော်မူပါဘုရား'' လို့ လျှောက်ရတယ်။

ကွန်ပျူတာကျောင်းသား ။ ။ အံ့ဩစရာကောင်း အောင်ကို ယဉ်ကျေးတာပဲဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ ဗုဒ္ဓယဉ်ကျေးမှုနဲ့ မြန်မာယဉ်ကျေးမှု အတူတူပဲလေ. . . မြန်မာ့ယဉ်ကျေးမှုက သတ်သတ်၊ ဗုဒ္ဓယဉ်ကျေးမှုကသတ်သတ် မဟုတ်ပါဘူး။ မြန်မာ့ယဉ်ကျေးမှုက ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓယဉ်ကျေးမှုကပဲ မြန်မာ့ယဉ်ကျေးမှုဖြစ်ပါတယ် မောင်ကျောင်းသား။ ရဟန်းသံဃာတော်များကို ပြောဆိုစေလိုရင် ''အမိန့်ရှိတော်မူပါဘုရား''လို့ လျှောက်ရတယ်။ သံဃာတော်ကို ကိုယ်နဲ့အတူတကွ လိုက်ပါလာစေလိုလျှင် ''ကြွတော်မူပါဘုရား''လို့ လျှောက်ရတယ်။ ရဟန်းသံဃာတော်များ နေထိုင်တာကို ''သီတင်းသုံးတယ်''၊ လမ်းလျှောက်တာကို ''စင်္ကြံလျှောက်တယ်''လို့ သုံးနှုန်းတယ်။ သွားတာကို ''ကြွတယ်''လို့ သုံးရတယ်။ စားတာကို ''ဘုဉ်းပေးတယ်''လို့ သုံးလေ့

ရှိတယ်။ အိပ်တာကို ''ကျိန်းတယ်''လို့ သုံးပါတယ်။ စာကျက်တာကို ''စာအံတယ်''လို့ သုံးမှ ပြည့်စုံမှန်ကန်ပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ ကြည်နူးဝမ်းမြောက်စရာကောင်းလိုက်တာ ဘုရား။ ဒီဝေါဟာရ အသုံးအနှုန်းကို တပည့်တော်တို့ အမှတ်တမဲ့ ဖြစ်နေတာဘုရား။

ဦးဇင်း ။ ။ ချက်ပြုတ်ထားတဲ့ အစားအစာတွေကို ''ဆွမ်း''လို့ ခေါ်တယ်။

ကွန်ပျူတာကျောင်းသား ။ ။ ထမင်းကလည်း ဆွမ်းပဲလားဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ထမင်းကလည်းဆွမ်း၊ ဟင်းကလည်း ဆွမ်းဟင်း၊ မုန့်ဟင်းခါးတို့ ခေါက်ဆွဲတို့ကလည်းပဲ မုန့်ဟင်းခါးဆွမ်း၊ ခေါက်ဆွဲဆွမ်းပါ။

ကွန်ပျူတာကျောင်းသား ။ ။ ဒံပေါက်ဆိုရင်ရော ဒံပေါက်ဆွမ်းလား ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဒံပေါက်ဆွမ်း ဆွမ်းလို့သုံးမှ သာလျှင် သာသနာတော်နဲ့ အပ်စပ်တဲ့ ဝေါဟာရ၊

သာသနာနဲ့ ဆီလျော်တဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ ရဟန်းတော်များနဲ့ ပြောဆိုတဲ့အခါမှာ အသုံးအနှုန်း သတိထားရမှာ ဖြစ်ပါတယ်။

ဦးဇင်း MA ။ ။ သူက အပြောအဆို သတိမထားတာ များတယ်ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် မသိလို့ပါဘုရား။

ဦးဇင်း ။ ။ အေး ... မသိရင် သိအောင် လုပ်ရမယ်။ မသိရင် လေ့လာရမယ် မောင်ကျောင်းသား။ မိမိကိုယ်ကို မိမိ ရည်ညွှန်းပြီးမှ ပြောလို့ရှိရင် ''တပည့်တော်''လို့ သုံးရတယ်။ ''ဘုရားတပည့်တော်'' လို့လည်းပဲ သုံးခွင့်ရှိပါတယ်။ ''ကျွန်တော်တို့''၊ ''ကျွန်မတို့'' အဲသလိုတော့ မသုံးရဘူး။ ရဟန်းသံဃာတော်များကို ရည်ညွှန်းပြီး ပြောချင်ရင်လည်း ''ဆရာတော်ဘုရား'' ''ဦးဇင်းဘုရား''တို့ ''အရှင်ဘုရား'' လို့ ယဉ်ကျေးစွာ သုံးနှုန်းခေါ်ဝေါ်ရတယ်။ ဒါမှ ဗုဒ္ဓဘာသာပီသမှာပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။ ဘုရားတပည့်တော်ဆင်ခြင်

ပါ့မယ်ဘုရား။ ဘုန်းကြီးကျောင်းကိုလာလို့ရှိရင် ဘယ်လို ဝတ်စားဆင်ယင်မှုနဲ့ လာရမယ်ဆိုတာကိုရော ရှိပါ သေးလား ဘုရား။

ဦးဇင်း ။ ။ ဘယ်လိုဝတ်စား ဆင်ယင်မှုနဲ့ လာရ မယ်လို့ တိတိကျကျမဟုတ်သော်လည်းပဲ သန့်ရှင်း သပ်ရပ်စွာ ဝတ်ဆင်သင့်ပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ သန့်ရှင်း သပ်ရပ် တယ်ဆိုတာ ဘယ် လိုပါလဲ ဘုရား။

ဦးဇင်း ။ ။ ဆိုကြပါစို့၊ မိန်း ကလေးတွေအနေ နဲ့ လည်ဟိုက်အင်္ကျီတွေ၊ အင်္ကျီပါးပါးလေးတွေ၊ အင်္ကျီ လက်တိုတိုတွေ၊ ဒီခေတ်စကပ်တွေ၊ စကပ်အကွဲ၊ ထဘီအကွဲတွေ၊ ဘောင်ဘီတိုတိုတွေကို မလုံမခြုံဝတ်ပြီး တော့ သံဃာတော်များနဲ့ မတွေ့ဆုံသင့်ပါဘူး။ အဲသလို ဝတ်စားဆင်ယင်မှုနှင့် တွေ့ဆုံခြင်းဟာ ပရိယတ္တိ သာသနာ့တာဝန်၊ ပဋိပတ္တိသာသနာ့တာဝန် ထမ်းဆောင် တော်မူနေကြတဲ့ ရဟန်းသံဃာတော်များရဲ့ သိက္ခာကို မလေးစားရာရောက်တဲ့ အတွက်ကြောင့် အပြစ်ဖြစ်ပါ တယ်။

ကွန်ပျူတာကျောင်းသား ။ ။ ထိုင်တဲ့ နေရာမှာလည်း သတ်မှတ်ချက်ရှိပါသေးသလားဘုရား။

ဦးဇင်း ။ ။ ရဟန်းသံဃာတော်များရှေ့ကို ရောက်ပြီးတော့မှ ရှိခိုးဦးချတဲ့ အခါမှာတော့ အမျိုးသားတွေက စောင့်ကြောင့်ထိုင်ရတယ်။ ဒူးတုတ်ပြီးတော့မှလည်း ထိုင်ကြပါတယ်။ ဒါကသင့်တော်ပါတယ်။ အမျိုးသမီးတွေအနေနဲ့ ကျုံ့ကျုံ့ထိုင်တာ ပိုပြီးတော့မှ သင့်တော်ပါတယ်။ ရဟန်းတော်များရှေ့ တင်ပလ္လင်ခွေပြီးတော့မှ ထိုင်တာကတော့ မသင့်တော်ပါဘူး။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်အောင် အားလုံးကို လိုက်နာနိုင်ဖို့ ကြိုးစားပါ့မယ်ဘုရား။

## ၁၈။ သံဃာတော်များ ရပ်ကွက်ထဲက လူတွေနေတဲ့အိမ်မှာ ညကျိန်းကောင်းပါသလား

ဒေါက်တာအောင်သူ ။ ။ ဦးဇင်းလေး ပြင်းပြင်းထန်ထန် ဖျားနေပါတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်. . . သူဖျားနေတာက တစ်ပတ်လောက်ရှိနေပြီး ဆေးကို သေချာဂရုစိုက် ကုသင့်တယ်။ အရင်ကရော သူ ငှက်ဖျားရောဂါ ရှိခဲ့ဖူးသလား။

ဒေါက်တာအောင်သူ ။ ။ အရင်ကတော့ ငှက်ဖျားရောဂါ ရှိမရှိ သတိမထားမိပါဘူး ဘုရား။ အခုတော့ တောထဲ နေတာဆိုတော့ ငှက်ဖျားရောဂါပိုး ခန္ဓာကိုယ်ထဲ ရောက်နေတယ်ဘုရား။ တပည့်တော်လည်း ဆေးကို ဂရုစိုက်ပြီး ကုပေးသော်လည်း အဖျားက တက်လိုက် ကျလိုက် ဖြစ်နေပါတယ်ဘုရား။ ဒကာမကြီးကလည်း စိုးရိမ်ပြီးတော့မှ သားဦးဇင်းကို အိမ်ပဲ ပင့်ချင်နေတယ် ဘုရား။

ဦးဇင်း ။ ။ ကောင်းသလို ဆောင်ရွက်ကြပါ။

ဒေါက်တာအောင်သူ ။ ။ ဆေးရုံတက်ဖို့ရာ စီစဉ်သော်လည်း အာပတ်သင့်မှာစိုးလို့ သူဆေးရုံမတက်ချင်ဘူးလို့ မိန့်ပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဆေးရုံကတော့ အာပတ်လွတ်ဖို့ရာ ခဲယဉ်းလိမ့်မယ်ထင်ပါတယ်။ အနည်းဆုံးအားဖြင့် မာတုဂါမများနှင့် တစ်မိုးတစ်ရံထဲမှာ နေကြရတာများမှာပဲ။ မာတုကာမများနဲ့ တစ်မိုးတစ်ရံထဲမှာ နေရရင် ဒါဟာလည်းပဲ အာပတ်ရှိတယ်။ သဟာသေယျ သိက္ခာပုဒ်အရ လူ ဒါယကာတွေနဲ့တောင်မှာ သုံးအရုဏ် သုံးညထိပဲ တစ်မိုးတစ်ရံအောက်မှာ ကျိန်းခွင့်ရှိတယ်။ (၃)ညထက်ကျော်လွန်ရင် အဲဒီမှာလည်းပဲ အာပတ်ရှိတယ်လေ။[၁] မာတုဂါမတွေနဲ့တော့ တစ်မိုးတစ်ရံအောက်မှာ တစ်ညလေးတောင်မှ ကျိန်းခွင့်မရှိပါဘူး။ ခေါင်းချလိုက်တာနဲ့ တပြိုင်နက် ပါစိတ်[၂] အာပတ်သင့်တော့တာပဲ။

---

၁။ ၅၂၊ သဟာသေယျ သိက္ခာပဒ ပါစိတ္တိယပါဠိ။ (နှာ–၂၈)
၂။ ၅၆၊ ဒုတိယသဟာသေယျ သိက္ခာပဒ ပါစိတ္တိယပါဠိ။ (နှာ–၃၁)

ဒေါက်တာအောင်သူ ॥ ॥ ဒါဆို ဘုရားတပည့်တော်အိမ်မှာ ဦးဇင်းလေးကို ပင့်ထားလို့ရှိရင် အဆင်ပြေပါ့မလားဘုရား။

ဦးဇင်း ॥ ॥ အိမ်မှာက အဆင်ပြေနိုင်ပါတယ်။ ဆေးရုံမှာမှ မဟုတ်ဘဲ။

ဒေါက်တာအောင်သူ ॥ ॥ မှန်ပါဘုရား။ အရင်သူ လူ့ဘဝတုန်းက အိပ်ခဲ့တဲ့အခန်းထဲမှာ ကုတင်လည်း အဆင်သင့်ရှိတယ်ဘုရား။ အဲဒီမှာပဲထားပြီးတော့မှ ကိုယ်ဖိရင်ဖိ ဂရုစိုက်ပြီး ကုနိုင်မှာပါဘုရား။ အဖျားက နာတာရှည်နေတော့လည်း စိုးရိမ်တာပေါ့ဘုရား။

ဦးဇင်း ॥ ॥ ကောင်းပါပြီ။ အိမ်မှာပဲ ပင့်ပြီးတော့မှ ဆေးကုတာ အဆင်ပြေပါတယ်။ သို့သော် ဦးဇင်းသီတင်းသုံးနေတဲ့ အခါမှာတော့ မာတုဂါမနဲ့ တစ်မိုးတစ်ရံထဲ ဖြစ်လို့တော့ မသင့်ဘူး။ အဲဒါကို ဂရုစိုက်ပါ။

ဒေါက်တာအောင်သူ ॥ ॥ ဘုရားတပည့်တော်အဲဒါ နားမလည်သေးပါဘူး ဘုရား။

ဦးဇင်း ॥ ॥ ဦးဇင်းလေး အိမ်မှာကျိန်းတဲ့ညမျိုးမှာ

ဒကာမကြီးက တစ်မိုးတစ်ရံ လွတ်တဲ့နေရာမှာ ရှောင်ရှား ပြီးတော့မှ အိပ်ရင် ပိုပြီးသင့်တော်မယ်ထင်တယ်။

ဒေါက်တာအောင်သူ ။ ။ ဒါဆိုရင် ဦးဇင်းလေး အိမ်မှာ ကျိန်းတဲ့ ညမှာ ဒကာမကြီးက တစ်ခြားအိမ်မှာသွားပြီး အိပ်ရင် ပိုပြီးသင့်တော်ပါသလား ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ မှန် တယ်၊ ရဟန်းနဲ့ တစ်မိုးတစ်ရံထဲမှာ မာတုဂါမ မရှိရင်တော့ ပိုပြီး သင့်တော်တာပေါ့။ ဒါပေမဲ့ နှစ်ထပ်အိမ်ဖြစ်ပြီး လှေကားက အပြင်ဘက်ကနေ တပ်ထားရင် ရဟန်းက အပေါ်မှာ ကျိန်းစက်ပြီး မာတုဂါမက အောက်မှာ အိပ်ရင် တစ်မိုးဖြစ်သော်လည်းပဲ အကာ တစ်ဆက်တည်း မဟုတ်ဘဲ ဥပစာအများဖြစ်တဲ့အတွက်ကြောင့် အပြစ် လွတ်ပါတယ်။[၁]

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ ဘုရား တပည့်တော်အိမ် က နှစ်ထပ်အိမ်ပါဘုရား။ ဒါပေမယ့် ဘုရားတပည့်တော် အိမ်ရဲ့လှေကားက အတွင်းလှေကား ဘုရား။ အပြင် လှေကားက မိုးတွေ ဘာတွေပက်တော့ ဆင်းရ တက်ရ တာ ညရေးညတာ မလုံမခြုံဖြစ်လို့ အတွင်းလှေကားပဲ တပ်ထားတာပါဘုရား။

၁။ ၈၀၊ သဟာသေယျ ဝိနိစ္ဆယကထာ ဝိနယသင်္ဂဟဋ္ဌကထာ။ (နှာ-၈၄)

ဦးဇင်း ။ ။ ဟုတ်တယ်၊ အိမ်တွေကတော့ များသော အားဖြင့် အတွင်းလှေကားပဲ တပ်ကြတာများပါတယ်။ သဘာဝလည်း ကျပါတယ်။ တောရကျောင်းတွေမှာ ရှိတဲ့ ကျောင်းတွေကသာ အပြင်လှေကား တပ်ကြတာပါ။

ဒေါက်တာအောင်သူ ။ ။ အကြောင်းဘယ်လို ထူးလို့ပါလဲဘုရား။

ဦးဇင်း ။ ။ အပြင် လှေကား တပ်ထားတော့ အပြင်ကနေ အပေါ်တက်သွားလို့ရှိရင် အောက်ဆင်းလို့ မရတော့ဘူး။ အောက်ကိုဝင်တဲ့ ပုဂ္ဂိုလ်ကလည်း အပေါ်ထပ်မရောက်တော့ဘူး။ အထပ်ကို ဖြတ်လိုက်တဲ့ သဘောပါပဲ။ အဲဒီအခါကျတော့ မာတုဂါမက အောက်ထပ်မှာ ရှိနေလို့ရှိရင် ရဟန်းက အပေါ်မှာနေဦး အာပတ်မသင့်ဘူးပေါ့။

ဒေါက်တာအောင်သူ ။ ။ ဩော်. . . တပည့်တော် နားလည်ပြီ ဘုရား။ ဒါပေမယ့် တပည့်တော်ရဲ့အိမ်ကတော့ အဲဒီလို မရနိုင်တော့ပါဘူးဘုရား။ အတွင်းလှေကား ဖြစ်နေပါတယ်ဘုရား။

ဦးဇင်း ။ ။ အဲဒါကြောင့် ပြောတာ။ မာတုဂါမ

အိမ်မှာအိပ်ရင် ဂိလာန လူမမာရဟန်းက မိုးချုပ်လို့ ခေါင်းချလိုက်တာနဲ့ တပြိုင်တည်း အာပတ်သင့်သွားပြီ။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ ဒါဆို ဒါယိကာမကြီးကို တပည့်တော် တခြားအနားမှာရှိတဲ့ ဆွေမျိုးအိမ်မှာ သွားပြီး ညမှာအိပ်ပြီး မိုးလင်းမှ လာခိုင်းရရင် ပိုကောင်း မယ်ထင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းသလို စီစဉ် ပါ။

ဒေါက်တာအောင်သူ ။ ။ ဒါယကာနဲ့ (၃)ည အထိသာ တစ်မိုး တစ်ရံထဲမှာ အိပ်စက်ဖို့ ခွင့်ပြုတယ်ဆိုတာ တပည့်တော် နားမရှင်းသေးဘူးဘုရား။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို စောင့်ရှောက်ဖို့ရာ တပည့်တော် တစ်ယောက်တည်းနဲ့ မလုံလောက်ဘူးဘုရား။ သူနာပြုခေါ်ဖို့ လိုပါသေးတယ်။

ဦးဇင်း ။ ။ သူနာပြု မိန်းကလေး တွေခေါ်မှာလား။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ မိန်း ကလေးကို တပည့် တော် မခေါ်ပါဘူးဘုရား။ အမျိုးသားသူနာပြုကို တပည့်တော် ခေါ်မှာပါဘုရား။ အဲဒီတော့ အမျိုးသား သူနာပြုလည်း အိမ်မှာအိပ်ပါလိမ့်မယ် ဘုရား။

တပည့်တော်လည်း အိမ်မှာပဲ ရှိပါမယ်ဘုရား။ သူ့ရဲ့ အကိုတွေ ညီတွေလည်း အိမ်မှာရှိပါလိမ့်မယ်ဘုရား။ အမျိုးသားတွေနဲ့ ညမှာနေတဲ့ သဘောမျိုးတော့ သက်ဝင်နေပါတယ်။ အဲဒါ သုံးညကျော်လျှင် အာပတ် သင့်တယ်ဆိုတာကိုလည်း တပည့်တော် နားမလည် သေးပါဘူးဘုရား။ အဲဒါ တပည့်တော် သိချင်ပါတယ် ဘုရား။

ဦးဇင်း ။ ။ (၃)ညထိအောင်တော့ အိပ်ခွင့်ရှိတယ်။ သုံးညကျော်လို့ရှိရင်တော့ အရုဏ်မတက်ခင် ရဟန်းက ဖြစ်ဖြစ်၊ လူကဖြစ်ဖြစ် ထလိုက်ရတယ်။ အရုဏ်တက်ပြီးတဲ့ အချိန်ထိ ခေါင်းချပြီး အိပ်လျက် ရှိနေသေးရင်တော့ အဲဒီမှာလည်း အာပတ်ရှိတယ်။ သုံးညအိပ်ပြီး စတုတ္ထည အရုဏ်မတက်ခင် ရဟန်းက ဖြစ်ဖြစ် လူကဖြစ်ဖြစ် ထရင်တော့ နောက်ထပ် သုံးည အရုဏ်တက်တဲ့အထိ နေခွင့်ရှိတယ်။[၁]

ဒေါက်တာအောင်သူ ။ ။ ဒါဆိုလို့ရှိရင်တော့ ပြဿနာ သိပ်မရှိ တော့ပါဘူးဘုရား။ ဘုရားတပည့်တော်တို့အိမ်က အရုဏ်မတက်ခင် ထလေ့ ထထ ရှိပါတယ်ဘုရား။ လမ်းလျှောက်တဲ့ လူကလည်းလျှောက်၊ ဘုရားရှိခိုးတဲ့

၁။ ၅၂၊ သဟာသေယျသိက္ခာပဒ ပါစိတ္တိယပါဠိ။ (နှာ–၂၁)

လူကလည်း ဘုရားရှိခိုး၊ အိမ်မှုကိစ္စလုပ်တဲ့သူကလည်း လုပ်ကြ အခုခေါ်မယ့် ယောက်ျားသူနာပြုနဲ့ တပည့်တော်ရဲ့ တူလေးတွေကလည်းပဲ အရုဏ်မတက်ခင် အစောကတည်းက အိပ်ရာကုတင်ပေါ်မှာ မလဲလျောင်းရင် အဆင်ပြေနိုင်ပါသလားဘုရား။

ဦးဇင်း ။ ။ အေး . . . အဲဒါဆိုရင် အဆင်ပြေပါပြီ။ ဒါဆိုဘာမှ အခက်အခဲမရှိတော့ပါဘူး။ ဦးဇင်းလေးလည်း ဘာမှ သံသယမရှိဘဲနဲ့ကြွပါ။ အာပတ်ကင်းစင်ပြီး စင်စင်ကြယ်ကြယ် သီတင်းသုံးနိုင်ဖို့ရာ စီစဉ်ပြီးပါပြီ။ အိမ်ကိုကြွပြီးတော့မှ ဆေးဝါးကုသဖို့ လျှောက်ထားပါ။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား အခုပဲ သွားလျှောက်ထားပြီး အိမ်ကိုပင့်ဖို့ စီစဉ်တော့မယ်ဘုရား။

## ၁၉။ တစ်ပါးတည်းနေတာနှင့် အများနှင့်နေတာ ဘယ်ဟာသင့်တော်ပါသလဲ?

ဦးဇင်း MA ။ ။ ဘုရားတပည့်တော်ရဲ့ အစ်ကို ကွန်ပျူတာ ကျောင်းသားကလည်း ကျောင်းကို မကြာမကြာ လာတော့ အစက စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်သလို ခံစားရသော်လည်း ဒီဘက်ပိုင်းမှာတော့ သူလာဖော်ရတာကို နည်းနည်းပျော်လာတယ်ဘုရား။

ဦးဇင်း ။ ။ အပေါင်းအသင်းလာတာကို ပျော်နေတာလား။

ဦးဇင်း MA ။ ။ မှန်ပါဘုရား။ ညီအစ်ကိုလည်းတော်၊ အပေါင်းအသင်းလည်းဖြစ်တော့ ပျော်တာပေါ့ဘုရား။

ဦးဇင်း ။ ။ ပျော်လို့ဆိုပြီး တစ်အိပ်ရာထဲတော့ မအိပ်ရဘူးနော်။

ဦးဇင်း MA ။ ။ လူပုဂ္ဂိုလ်နဲ့ တစ်အိပ်ရာထဲ အတူတူမအိပ်ရတာလားဘုရား။

ဦးဇင်း ။ ။ လူပုဂ္ဂိုလ်တင်မကဘူး၊ ရဟန်းနဲ့ပါ တစ်အိပ်ရာတည်း အတူတူ မအိပ်ကောင်းဘူး။[၁]

ဦးဇင်း MA ။ ။ တစ်ကျောင်းထဲမှာ တော့ အပေါင်းအဖော်နဲ့ နေကောင်းပါသလားဘုရား။

ဦးဇင်း ။ ။ ဒါလည်းပဲ နေဖို့ကောင်းတယ်လို့တော့ ပြောလို့မတော်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ရွှေဥမင်ဆရာတော်ဘုရားကြီးရဲ့ အလုပ်ကျွေး လူ သူတော်ဝတ်တပည့်တစ်ဦးနဲ့ နေထိုင်သီတင်းသုံးတော် မူနေတာကို တောင်ဖီလာဆရာတော်ဘုရားကြီးက ''ပရိသတ်အခြွေအရံနည်းတာကို ကြည့်ပြီး ကြောက်တော်မမူပါလားဘုရား''လို့ မေးလျှောက်ခဲ့ဖူးတယ်။ ဒါကို ရွှေဥမင်ဆရာတော်ဘုရားကြီးက ''ကြောက်၍ပင် ပရိသတ်အနည်းနှင့် နေပါသည်ဘုရား'' လို့ ဖြေဆိုခဲ့ပုံဟာ သာသနာ့သမိုင်းမှာ မော်ကွန်းထိုးလောက်တဲ့ စကားတစ်ခွန်း ဖြစ်ခဲ့တယ်လေ။[၂]

ဦးဇင်း MA ။ ။ မှန်လှပါဘုရား။ ဘုရားတပည့်တော် မှတ်သားပါ့မယ်ဘုရား။

---

၁။ ၂၆၄၊ ခုဒ္ဒကဝတ္ထုနှိ စူဠဝဂ္ဂပါဠိ။ (နှာ–၂၆၂)
၂။ သီလဝိသောဒနီ (နှာ–၇၉)

ဦးဇင်း ။ ။ နောက်တစ်ခုရှိသေး တယ်။ စစ်ကိုင်းတောင်ရိုး ဝိပဿနာဓုရအနောက် ပရက္ကမဆရာတော် ဘုရားကြီးဟာ တစ်ပါးတည်း သီတင်းသုံးနေတော်မူခြင်းကို အလိုရှိတော်မူပါတယ်။ ဆရာတော်ဘုရားကြီး နာမကျန်းဖြစ်တော်မူတဲ့အတွက် ဆရာတော်ဘုရားကြီးရဲ့ ဒကာရင်း ဆေးဆရာကြီး ဦးကျော်စိုးက ''ဆရာတော်ဘုရားကြီး နာမကျန်းဖြစ်သခိုက် ဝတ်ကြီးဝတ်ငယ် ပြုဖို့ရာ အနားမှာ ရဟန်းတစ်ပါးရှိရင်ကောင်းပါတယ်ဘုရား'' လို့ လျှောက်ထားတော့ ဆရာတော်ဘုရားကြီးက ''မောင်စိုးရယ် နှစ်ယောက်ရှိတော့ စကားပြောရသေးတယ်၊ တစ်ယောက်တည်းနေတော့ စကားတစ်ခွန်းမှ မပြောရလို့ ကေစာရတစ်ပါးတည်း နေမြဲနေပါရစေကွယ်'' လို့ မိန့်တော်မူပါတယ်။

ဦးဇင်း MA ။ ။ သူတော်ကောင်းများ အကျင့်က အဲသလို နေရတာကိုးဘုရား။ အခုမှသိခွင့်ရပါတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ ဆရာတော်ဘုရားကြီးက စစ်ကိုင်းတောင်ရိုး ပိတောက်ချောင်းမှာ ''ဘုန်းကြီးဦးအဂ္ဂ'' တစ်ပါးတည်း နေတတ်ရင်ပိုပြီးမြတ်မယ်။ နှစ်ပါး၊ သုံးပါး

နေရင် သောက်ရေအိုးကိုပင် သူလောင်းနိုး၊ ကိုယ်လောင်းနိုး မျှော်ကိုးနေကြတယ်။ တံမြက်စည်းလှည်းတဲ့အခါမှာလည်း သူလှည်းနိုး ကိုယ်လှည်းနိုးပဲ။ အဖော်ရှိတော့ စကားလည်းပြောဖြစ်တယ်။ တစ်ပါးတည်းဆိုတော့ တရားအားထုတ်၊ ပုတီးစိပ်၊ ဝေယျာဝစ္စလုပ်နှင့် ပျော်စရာတောင်ကောင်းသေးတယ်။ စကားပြောစရာလည်းမလိုတော့ဘူး။ တွက်ကပ်စရာ၊ ရန်ဖြစ်စရာလည်း မလိုတော့ဘူး။ ဒါကြောင့် တစ်ပါးတည်းနေတတ်တာ အမြတ်ရတယ် ဦးအဂ္ဂရယ်’’ဟု မိန့်ဆိုတော်မူဖူးပါတယ်။[၁]

ဦးဇင်း MA ။ ။ မှန်လှပါဘုရား။ ဘုရားတပည့်တော်လည်း စာကြိုးစားသင်ပြီး အသက်ကြီးလာရင်တော့ တစ်ပါးတည်းပဲ တရားနှင့်နေပျော်အောင် ကျင့်ပါ့မယ်ဘုရား။

၁။ ဦးအောင်မွန် (မြတ်စုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများမှ အရှင်စာရိန္ဒ၏ အနောက်ပရက္ကမချောင်ဆရာတော် ဖြစ်စဉ်နှင့်ကျင့်စဉ်များ (နှာ–၃၈၅)

## ၂၀။ ရဟန်းသံဃာတော်များအား ဆွေးမျိုးအခေါ်အဝေါ် ခေါ်ခွင့်ရှိပါသလား

ဒေါက်တာအောင်သူ ။ ။ ရဟန်းသံဃာတော်များနဲ့ လူတွေ ဆက်ဆံတဲ့အခါမှာ တစ်ခါတစ်ရံ ဆွေမျိုးအခေါ်အဝေါ်တွေ ခေါ်ဝေါ်သုံးစွဲနေတာကို သတိထားမိနေတယ်ဘုရား။ အဲဒါ အပြစ်များဖြစ်နေမလားလို့ မေးလျှောက်တာပါဘုရား။

ဦးဇင်း ။ ။ ဘာကိုဆိုလိုတာလဲ။

ဒေါက်တာအောင်သူ ။ ။ တချို့ဆရာတော်ကြီးများကို ဘဘုန်းလို့ ခေါ်တာမျိုးတွေ၊ တချို့ရဟန်းသံဃာများအနေနဲ့လည်းပဲ ခင်ဗျားကျွန်တော်နဲ့ပြောပြီးတော့မှ အကို အမလို့ ခေါ်တဲ့ အခေါ်အဝေါ်မျိုးတွေဟာ သာသနာတော်နဲ့ လျော်ပါ့မလားလို့ တွေးမိပြီး လျှောက်ထားအပ်တာပါဘုရား။

ဦးဇင်း ။ ။ မြတ်စွာဘုရားရဲ့ တရားတော်များကို လေ့လာတဲ့အခါမှာ အင်္ဂုလိမာလသုတ်မှာ ယတောဟံ ဘဂိနိလို့ ဆိုပြီးတော့မှ မာတုဂါမတွေကို နှမလို့ ခေါ်ဆိုခဲ့တဲ့

အသုံးအနှုန်းတွေရှိပါတယ်။[၁] ရဋ္ဌပါလ မထေရ်မြတ် မိမိဇာတိကိုကြွတဲ့အခါမှာလည်း အိမ်က ကျွန်မလေးကို ဘဂိနိ–နှမလို့ပဲခေါ်ဝေါ်ခဲ့ပါတယ်။[၂] မြတ်စွာဘုရားကို စွပ်စွဲဖို့လာခဲ့တဲ့ စိဉ္စမာနကိုလည်းပဲ ဘုရားရှင်က ဘဂိနီ–နှမလို့ ခေါ်ဝေါ်သုံးစွဲတော်မူခဲ့ပါတယ်။[၃] ဒါကြောင့် အဋ္ဌကထာမှာ ဘဂိနီတိ အရိယဝေါဟာရ လို့ ပြပါတယ်။ နှမလို့သုံးစွဲတာဟာ အရိယာ ဝေါဟာရ ဖြစ်တယ်လို့ ပြခြင်းဖြစ်ပါတယ်။[၄]

ဒေါက်တာအောင်သူ ။ ။ အခုလို ကျမ်းကိုး ကျမ်းကား ပါဝင် အထောက်အထားများနှင့် သိရတာ ဝမ်းမြောက်ပါ တယ်ဘုရား။

ဦးဇင်း ။ ။ ဒါတင်မကသေးဘူး။ အဲဒီ နှမအရွယ်ကို နှမ၊ အမိအရွယ်ကို အမိလို့ ခေါ်ရတာဟာ တပ်မက် တွယ်တာမှုကို ကာကွယ်နိုင်တယ်လို့ အဋ္ဌကထာက ဆိုပါသေးတယ်ဗျာ။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ ဒါဟာ အလွန် မှတ်သားစရာ ကောင်းတာပဲဘုရား။ ဒါယကာများဘက်ကရော

---

၁။ အင်္ဂုလိမာလသုတ်၊ မဇ္ဈိမပဏ္ဏာသပါဠိ (နှာ–၃၀၆)
၂။ ၂၉၉၊ ရဋ္ဌပါလသုတ္တ မဇ္ဈိမပဏ္ဏာသပါဠိ (နှာ–၂၅၁)
၃။ စိဉ္စမာဏဝိကာဝတ္ထု၊ လောကဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ ဒုတိယတွဲ (နှာ–၁၁၇)
၄။ ၃၁၊ သုဒိန္နဘာဏဝါရ ဝဏ္ဏနာ ပါရာဇိကကဏ္ဍဋ္ဌကထာ (နှာ–၁၇၄)

ရဟန်းတော်များကို အဲဒီလို အခေါ်အဝေါ်မျိုးများခေါ်တဲ့သာဓကများ ရှိပါသေးသလားဘုရား။

ဦးဇင်း ။ ။ ရှိတယ်ဗျာ။ ရှိပါတယ်။ သီဟိုဠ်ကျွန်း မဟာမိတ္တမထေရ်မြတ်ရဲ့ ဆွမ်းဒါယိကာမနှင့် သားသမီးတို့က မထေရ်မြတ်ကို အမိက သားတော်၊ သမီးက အစ်ကိုတော်လို့ ခေါ်ဝေါ်သုံးစွဲတာရှိပါသေးတယ်။[၁] ဒါတင်မကသေးဘူး၊ နကုလမာတာနှင့် နကုလပိတာတို့ကလည်း မြတ်စွာဘုရားကို သားတော်လို့ပြောဆိုခဲ့တာကို မြတ်စွာဘုရားရှင်က ခွင့်ပြုတော်မူခဲ့ပါသေးတယ်။[၂]

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ အများကြီး အထောက်အထားတွေပြည့်စုံပါပြီဘုရား။ ဒါဆိုလို့ရှိရင် ဆရာတော်ဘုရားကြီးများကို ရင်းနှီးစွာဖြင့် ဘဘုန်းခေါ်တာ အပြစ်မရှိတန်တော့ပါဘူးဘုရား။

ဦးဇင်း ။ ။ မရှိနိုင်ပါဘူး။ သို့သော် ရဟန်း သံဃာတော်များရဲ့ လိုက်နာရမယ့် ဥပဒေသတွေက များလွန်းတယ် ဒါယကာ၊ အဲဒီနေရာမှာ ကုလဒူသက သိက္ခာပုဒ် ဆိုတာရှိသေးတယ်။ ဂိဟီနံ–လူတို့ကို မာတုဝါစာယဝါ အမိလို့ သာယာတဲ့စကားနှင့်ဆိုရင် ဖြစ်စေ၊ ပိတုဝါစယဝါ

၁။ ၄၁၈၊ အပရအစ္ဆရာသင်္ဃာတဝဂ္ဂဝဏ္ဏနာ၊ အင်္ဂုတ္တရဋ္ဌကထာ ပထမတွဲ (နှာ–၃၉၄)

၂။ နကုလပိတုသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။

– အဖလို့ သာယာတဲ့စကားနှင့် ဆိုရင်ဖြစ်စေ၊ ဘာတုဝါစာယဝါ– အစ်ကိုလို့ သာယာတဲ့စကားနှင့်ဆိုရင်ဖြစ်စေ၊ ဘာဂိနိဝါစာယဝါ–အမ၊ နှမလို့ သာယာတဲ့စကားနှင့်ဆိုရင်ဖြစ်စေ၊ အတ္တာနံ–မိမိကိုယ်ကို နီစံကရောန္တောဝါ လူတို့အောက်နှိမ့်ချတဲ့ ရဟန်းလို့ စာမှာဖွင့်ပြထားပါတယ်။[၁] အဓိပ္ပါယ်နားလည်အောင် ပြောမယ်ဆိုရင် ရဟန်းက လူ့ဒါယကာ ဒါယကာမတွေကို မြှောက်ပင့်တဲ့အနေနဲ့ ဆရာ၊ ဆရာကြီး၊ ဆရာမ၊ ဆရာမကြီး၊ အကို၊ အစ်မ၊ ဖေဖေ၊ မေမေ၊ ခင်ဗျားလို့ မပြောကောင်းဘူး။

ဒေါက်တာအောင်သူ ။ ။ ရဟန်းသံဃာက ကိုယ့်ကိုယ်ကို နှိမ့်ချဝတ်တွားပြီးတော့ ဒကာ၊ ဒကာမတွေကို မြှောက်ပင့်တဲ့ အနေနဲ့ မပြောကောင်းတာလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ အဲဒီလို သုံးနှုန်းမျိုးကို အဲဒီ စိတ်ထားနဲ့တော့ မသုံးကောင်းပါဘူး။ အကယ်၍ သုံးပြုပြောဆို ဆက်ဆံခဲ့ပြီး အဲဒီအသုံးအနှုန်းနဲ့ နွယ်ပြီးတော့မှ လျှုဒါန်းလာတဲ့ ပစ္စည်းတွေအားလုံး မိစ္ဆာဇီဝထဲကို ပါဝင်ပြီးတော့ မသုံးဆောင်ကောင်းတဲ့ထိကို ကြီးကျယ်သွားပါတယ်။ ဒါကြောင့် ဆရာတော် သံဃာတော်များကို

---

၁။ ကုလဒူသက သိက္ခာပဒ (ဂဏ္ဌိ)

လေးစားတာ ကောင်းတယ်။ သိပ်ပြီးရင်းနှီးရင်တော့ မကောင်းဘူး။

ဒေါက်တာအောင်သူ ။ ။ သိပ်ရင်းနှီးရင် ဘာဖြစ်တတ်သလဲ ဘုရား။

ဦးဇင်း ။ ။ သိပ်ရင်းနှီးလို့ရှိရင် အမှားအယွင်းတွေ ဖြစ်တတ်တယ်။ အဲဒီလို မှားခဲ့တဲ့သာဓကတွေ ရှိတယ်လေ။

ဒေါက်တာအောင်သူ ။ ။ မှန်လှပါဘုရား။သာဓကကိုလည်း မှတ်သားပါရစေဘုရား။

ဒေါက်တာအောင်သူ ။ ။ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးကို ဒကာကြီးတစ်ဦးက သူ့တိုက်ကို ပင့်ပြီးတော့မှ ဆွမ်းကပ်ပါတယ်။ ဆွမ်းကပ်အပြီးမှာ သူက ရင်းရင်းနှီးနှီးကြီး မေးလျှောက်လိုက်ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဘယ်လိုများမေးလျှောက်ပါသလဲဘုရား။

ဦးဇင်း ။ ။ ''ဆွမ်းဘုဉ်းပေးလို့ကောင်းပါရဲ့လားဘုရား။ မြိန်ရေ ရှက်ရေရောရှိပါရဲ့လား ဘုရားတဲ့။''

ဒေါက်တာအောင်သူ ။ ။ လူအချင်းချင်းမေးသလို မေးလိုက်တာပဲဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ ဒါနဲ့ ဆရာတော် ဘုရားကြီးက ''ဒကာကြီးနှယ် မမေးကောင်းတာ မေးတယ်'' လို့ မိန့်တော်မူလိုက်ပါတယ်။ ဒကာကြီးကလည်းပဲ သူမှားသွားတာကို သိပြီးတော့မှ နောင်တရတယ်တဲ့။

ဦးဇင်း MA ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ အဲဒီအခါမှာ ဆရာတော်ဘုရားကြီးက ''ဒကာကြီးမေးတဲ့ပုံက ရသတဏှာနဲ့ ခံစားလို့ကောင်းပါရဲ့လားလို့ မေးတာနဲ့အတူတူပဲ''လို့ ဒကာကြီးကို ရှင်းပြပေးတော်သတဲ့။ ဒါကြောင့် ဒါယကာ ဒါယကာမတွေဟာ ဆရာတော်၊ သံဃာတော်များကို သိပ်ပြီးတော့မှ အရောတဝင်ဖြစ်လို့ရှိရင် မလျှောက်သင့်တာတွေ လျှောက်မိတတ်တယ်။ မမေးသင့်တာတွေ မေးမိတတ်တယ်။ အမှားအယွင်းတွေ ဖြစ်တတ်ပြီးတော့မှ သံဃာတော်များမှာ တာဝန်လေးတတ်တယ်။ ဒါကြောင့် ဒါကို ဆင်ခြင်သင့်ပါတယ်။[၁]

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ ရဟန်းသံဃာတော်များရဲ့ ဝိနည်းတော်ဟာ အလွန်ပဲ သိမ်မွေ့ပြီးတော့မှ အလွန်ကြပ်တည်းကျဉ်းမြောင်းစွာနဲ့ အသက်မွေးပြီး သာသနာ

---

၁။ မြတ်စုမွန်၏ ကျောင်းကန်အနီးနှင့် အဖိုးတန်ပုံဝတ္ထုများမှ အရှင်ဇနကာဘိဝံသ (တစ်ဘဝသာသနာ) (နှာ–၂၇၆)

ပြုနေရတာပါလားဆိုတာကို ဘုရားတပည့်တော် ပို၍ နားလည်လာပါပြီဘုရား။ သံဃာတော်များဟာ အသက်နဲ့ သီလကို လဲဝံ့မယ်လို့လည်း ယုံကြည်ပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ တီတီတူး ငှက်မဟာ အသက်ကို မငဲ့ပဲ ဥကိုစောင့်ရှောက်သလို စာမရီသားကောင်ဟာ မိမိအမြီးကို အသက်ပေး စောင့်ရှောက်သလို ရဟန်းတော်များကလည်း ဘုရားနုတ်ခပတ်တော် သီလတော်မြတ်ကို အသက်နဲ့လဲပြီး အစဉ်ရိုသေ လေးစားကြပါတယ်။[၁]

ဒေါက်တာအောင်သူ ။ ။ သာဓကေများရှိရင်လည်း ကြည်ညိုချင်ပါတယ် ဘုရား။

ဦးဇင်း ။ ။ ထင်ရှားတဲ့ သာဓကတွေ အများကြီးပါဒကာ။ သီဟိုဠ်သာသနာ့သမိုင်းမှာ မထေရ်တစ်ပါးကို သူခိုးတွေက ဖမ်းတယ်။ မထေရ် တခြားကိုကြွပြီး သူတို့ သတင်းမပြောနိုင်အောင်လို့ နွယ်ကြိုးနှင့်တုတ်ပြီး လဲလျောင်းနေစေခဲ့တယ်။

ဒေါက်တာအောင်သူ ။ ။ သူခိုးအလစ်မှာ မထေရ်ကြီး ထွက်မပြေးဘူးလားဘုရား။

---

၁။ ၁၉၊ သီလနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ ပထမတွဲ

ဦးဇင်း ။ ။ အဲဒီလိုပြေးလို့ဘယ်ဖြစ်မလဲ၊ ဒါယကာ က ဒီမှာလဲလျှော်ဖို့ ရျှောက်ထားတာကိုး၊ (၇)ရက် ပတ်လုံး လဲလျှောင်းလျှက် ဝိပဿနာဘာဝနာပွားရင်း လွန်တော်မူပါတယ်။ နောင်တမလွန်ဘဝကတော့ သုဒ္ဓါဝါသပြဟ္မာ့ဘုံမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပါတိမောက် သီလကို ဖြူစင်စေလိုရင်တဲ့ မိမိအသက် ကိုသော်လည်း စွန့်နိုင်ရတယ်တဲ့။ မြတ်စွာဘုရား ပညတ်တော်မူတဲ့ သီလစောင့်စည်းမှုကိုတော့ ဘယ်လို နည်းနှင့်မှ မပယ်မစွန့်ရဘူးတဲ့ဗျာ။[၁]

ဒေါက်တာအောင်သူ ။ ။ ကြည်ညိုစရာ ကောင်းလိုက်တာဘုရား။တပည့်တော်ကြားတာနဲ့ကို ကြက်သီးတွေ ထပါတယ်ဘုရား။ သာသနာရဲ့ အဆုံးအမဟာ ဒီလိုပါလားလို့ သိခွင့် ရလို့လည်း ဝမ်းမြောက်လှပါတယ်ဘုရား။ တခြား သာဓကများ ရှိရင်လည်း နာကြားပူဇော်ပါရစေဘုရား။

ဦးဇင်း ။ ။ မြန်မာနိုင်ငံ အင်းဝခေတ် သာသနာမှာ လည်းပဲ တောင်ဖီလာဆရာတော်ဘုရားရဲ့ သီလ ဆိုင်ရာ အဖြစ်အပျက်တစ်ခုဟာ အလွန်အံ့သြဖွယ် ဖြစ်ခဲ့ပြီး ယနေ့တိုင် ပြောစမှတ်ကျန်နေပါသေးတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်လှပါဘုရား။

---

၁။ ၁၈၊ စတုပါရိသုဒ္ဓိသမ္ပာဒနဝိစိ၊ သီလနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂ (ပ) (နှာ-၃၄)

ဦးဇင်း ။ ။ အဲဒီခေတ်ကာလက စစ်ကိုင်းတို့ အင်းဝတို့ ပင်းယတို့ တကြောမှာ မိုးအလွန်ခေါင်ခဲ့တယ်။ မိုးခေါင်တဲ့အတွက်ကြောင့် တိုင်းပြည်တွင်း မတရားမှုတွေဖြစ်၊ အချိန်အခါမှ် မသွားရဲ၊ မလာရဲဖြစ်လာတယ်။ အဲဒီလို ရာသီဥတု ဖောက်ပြန်တာဟာ တောင်ဖီလာဆရာတော်ဘုရားကြီး အကျင့်သီလပြင်းထန်လွန်းလို့ပါ ဆိုပြီးတော့မှ ဘုရင်မင်းကြီးကို သံတော်ဦးတင်ကြသတဲ့။ အမတ်တွေကလည်းပဲ နိလိနိကာ ဇာတ်တော်ထဲမှာ ဣသိသိင်္ဂဘုရားလောင်း အကျင့်ပြင်းထန်တဲ့အတွက်ကြောင့် ကာသိတိုင်းမှာ မိုးသုံးကြိမ်ခေါင်ခဲ့သတဲ့။ ဒါကြောင့် သိကြားမင်းက ဗာရာဏသီမင်းရဲ့သမီး နိလိနိကာကို ဘုရားလောင်းရသေ့ရဲ့ အကျင့်သီလကို အဖျက်ခိုင်းခဲ့ဖူးတဲ့ သာဓကကိုဆောင်ကြတော့ ဘုရင်မင်းတရားကြီးက နောက်ဆုံးမှာ သဘောတူရတယ်လို့ ဆိုပါတယ်။

ဒေါက်တာအောင်သူ ။ ။ မကြုံစည်ကောင်းတဲ့ အရာပါလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ ကံတရားပဲ ပြောရမလား မသိပါဘူး။ မတရားနဲ့ စွပ်စွဲခံရတော့မှာကိုး။ အတိတ်က ကိုယ်ပြုခဲ့ဖူးတာကိုးလို့ပဲ နှလုံးသွင်းရတော့မှာပဲ။ ဖြစ်စဉ်က ဒီလိုပါ။ နန်းတော်ကနေပြီး

အမူယာကောင်း ရုပ်ချောတဲ့ မင်းသမီးတစ်ပါးကို သွန်သင်စရာရှိတာတွေ ကျကျနန သွန်သင်ပြီးတော့မှ ဆရာတော်ဘုရားကြီးရှိရာ ကျောင်းတော်ကို နေဝင်ဖြိုးဖျ အကာလအချိန်မှဲ့မှာ ဆံပင်ဖားလျား အဝတ်အစားစုတ်စုတ်ပြတ်ပြတ်ကလေးနဲ့ တောသူမလေး ယောင်ဆောင်ပြီးတော့မှ လွှတ်လိုက်ကြတယ်။ ဆရာတော်ဘုရားကြီးကို သူ မြင်လိုက်တာနဲ့ ''ကယ်တော်မူပါဘုရား၊ ကယ်တော်မူပါဘုရား၊ ဘုရားတပည့်တော်မ လမ်းခရီးကြားမှာ ဒုက္ခတွေ့လာတဲ့ ဒုက္ခသည်ပါဘုရား။ ဆရာတော်ဘုရားကျောင်းမှာ ဒီတစ်ညတာလေး နေခွင့်ပြုပါဘုရား။''လို့ လိမ်ညာပြီး သနားစရာ မူယာမာယာနှင့် လျှောက်နေတုန်းမှာပဲ မိုးကလည်း တဖြည်းဖြည်း အမှောင်ကြီးကျလာပါတော့တယ်။ တစ်ပါးနေ ဘုန်းကြီးကျောင်းထဲမှာ ဒကာမတစ်ယောက်နဲ့ နေဖို့ဆိုတာက ဝိနည်းလမ်းကျောင်းအရ ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စပါပဲ။ သို့သော် ဒုက္ခသည်တစ်ဦး ဖြစ်နေလေတော့ ဆရာတော်ဘုရားကြီးအနေနဲ့ အပြင်ဘက်စင်္ကြံလမ်း တစ်နေရာမှာ တစ်ညတာ အိပ်ခွင့်ပြုတော်မူပါတယ်။

ဆရာတော်ဘုရားကြီးက ကျောင်းထဲဝင်ပြီး မင်းတုန်းချပြီးတော့မှ ကမ္မဋ္ဌာန်းဘာဝနာများကို ပွားနေတော်မူတယ်။ ဆရာတော်ဘုရားကြီး တရားရှုမှတ်လို့ ခဏအကြာမှာပဲ တံခါးကို လက်ဖဝါးနဲ့ပုတ်ပြီးတော့

''ကြောက်လွန်းလို့ပါဘုရား'' ''ချမ်းလွန်းလို့ပါဘုရား'' ''ဘုရားတပည့်တော်မကို ကျောင်းထဲဝင်ခွင့်ပြုတော်မူပါဘုရား''လို့ အသနားခံလာပြန်ပါတယ်။ ဆရာတော်ဘုရားကြီးမှာ ဒုက္ခိတသတ္တဝါတစ်ဦးကို နှင်ထုတ်ရလည်းခက်၊ အဝင်ခိုင်းပြန်လဲအခက်နဲ့ပဲ တံခါးဖွင့်ပေးတော်မူပါတယ်။ ရဟန်းက တစ်မိုးတစ်ရံအောက်မှာ ဒကာမနဲ့အတူ မနေကောင်းဘူး။ ဘုရားဥပဒေရှိတယ်။[၁]

ဒေါက်တာအောင်သူ ။ ။ မှန်လှပါဘုရား။ ဘုရားတပည့်တော် အဲဒီသိက္ခာပုဒ်ကို ကြားဖူးပါတယ်ဘုရား။

ဦးဇင်း ။ ။ ဒါနဲ့ မာတုဂါမကို ဆရာတော် ဘုရားကြီးက ''မင်း အဲဒီမှာနေ နောက်ထပ်လျှာမရှည်နဲ့'' လို့ ထောင့်လေးတစ်နေရာမှာ အသံမာမာနဲ့ ညွှန်ပြပြီး မိန့်တော်မူလိုက်တယ်။ ဒကာမလေးကလည်း စုတ်ပြဲနေတဲ့ အင်္ကျီတွေ၊ ရင်ကွဲထမီကလေးကို ဟိုလှည့်ပြီးကာ ဒီလှည့်ပြီးကာ ဖုံးဖိသယောင် ဟန်လုပ်ရင်း ကျောင်းကလေးထဲမှာ ကုတ်နေတယ်။ ဆရာတော်ဘုရားကြီးမှာက အခန်းထဲ လဲလျောင်းခွင့်လည်းမရ၊ စင်္ကြံလျှောက်လို့လည်းမရ ဖြစ်နေတုန်းမှာပဲ ဒကာမက ''ကယ်တော်မူပါဘုရား။ ကယ်တော်မူပါ ဆရာတော်ဘုရား၊ ကယ်တော်မူပါ သေရပါလိမ့်မယ်ဘုရား''

---

၁။ ဒုတိယသဟသေယျ သိက္ခာပဒ၊ မုသာဝါဒဝဂ်၊ ပါစိတ္တိရပါဠိ (နှာ-၂၉)

ဆိုပြီးတော့မှ နေမကောင်း တဲ့ အမူအရာနဲ့ တုန်တုန်ရီရီ လုပ်ပြပြန်တယ်။ ဆရာတော်ဘုရားကြီးက ''အလို့ . . ဘုရား . . . ဘုရား . . . ။ ငါ့မှာ ဘာဆေးမှ မရှိဘူး။ မိုးလင်းတော့မယ် သည်းခံပြီး တရားအာရုံပြုလေ''လို့ပဲ မိန့်တော်မူလိုက်ပါတယ်။ မိုးလင်းကာနီးလာတော့ ဒကာမလေးက ဆရာတော် ဘုရားကြီးရဲ့ ခြေသလုံးကို သိမ်းကျုံးပြီး ပွေ့ဖက်တော့မယ့်ဟန်မျိုးနှင့် ရှေ့ကို အတင့်ရဲပြီး တိုးလာတော့တယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား၊ အတော်ကို ခက်ခဲ ကြီးကျယ်ပါပေတယ်ဘုရား။ ရဟန်းကောင်းတစ်ပါးအနေနဲ့ မတွေးဝံ့၊ မကြံဝံ့တဲ့ အခက်ခဲပါပဲဘုရား။

ဦးဇင်း ။ ။ မှန်တယ်။ အလွန်ကြီးမားတဲ့ အခက်ခဲတစ်ခုပါပဲ။ အခန်းထဲမှာ ရောက်လာတာကို အာပတ်တွေက ရှိနေတယ်လေ။ ညအခါလည်း ဖြစ်နေပြန်တယ်။ အဲဒီထဲမှာ ခြေသလုံးကို ပွေ့ဖက်တော့မယ့် အနေအထားမျိုးထိ ဖြစ်လာတဲ့အခါကျတော့ ဆရာတော်ဘုရားကြီးအနေနဲ့ ကျောင်းနံရံမှာ ထိုးစိုက်ထားတဲ့ ဒန်ပူသတ်တဲ့ ဓါးမောက်ကို သွားယူလိုက်ပြီးတော့မှ မိမိခြေသလုံးကို ဓါးနဲ့ မွမ်းပစ်လိုက်တော့တယ်။ ထိုတခဏမှာပဲ ဒဏ်ရာကနေ သွေးတွေ ပန်းပြီး ထွက်လာတယ်။ သွေးတွေကိုမြင်တော့မှ ဒကာမက

ကြောက်လန့်ပြီးတော့မှ ''တပည့်တော်မကို ခွင့်လွှတ်ပါဘုရား။ တပည့်တော် မှားပါပြီဘုရား'' လို့ ကန်တော့ပြီးတော့မှ မိုးလင်းတာနဲ့ နန်းတော်ကို ပြန်သွားတယ်။

ဒေါက်တာအောင်သူ ။ ။ သူ့အမှားကို ဝန်ခံမိလို့တော်သေးတာပေါ့။

ဦးဇင်း ။ ။ မတော်ဘူး။ ဒကာမက ရှင်ဘုရင် ခိုင်းထားတဲ့အမှုဖြစ်တဲ့အတွက် ''မင်းတရားကြီး စေခိုင်းတော်မူတဲ့အတိုင်း တောင်ဖီလာဆရာတော်ကြီး သီလအကျင့်ကို ကျွန်တော်မျိုးမ ဖြားယောင်းပြီးတော့မှ ဖျက်ဆီးနိုင်ခဲ့ပါပြီဘုရား'' လို့ အပြစ်လွတ်ဖို့အတွက် သံတော်ဦး တင်လိုက်ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဟာ. . . ကြောက်စရာကြီးပါလားဘုရား။ စိတ္တမာန ဖြစ်သွားပြီပေါ့ဘုရား။

ဦးဇင်း ။ ။ ဒါကြောင့် ပြောတာ၊ ရှေးက အတိတ်ကံ ဟောင်းလို့ ပြောရမှာပေါ့လေ။ သို့သော် သူတော်ကောင်းကြီးများဟာ အခုလို အခြေအနေမျိုးမှာလည်းပဲ သီလကိုအဖျက်မခံပါဘူး၊ အသက်သာလျှင် အသေခံမယ်ဆိုတဲ့ သာဓကကို ပြလိုရင်းပါပဲ။ ဒါနဲ့ ဒကာမ သံတော်ဦးတင်ထားတဲ့ သတင်းဟာ တမဟုတ်ချင်း ပြန့်ကားပြီးတော့မှ သွားတော့တယ်။ တောင်ဖီလာ

ဆရာတော်ဘုရားကြီးရဲ့ သီလစင်ကြယ်မှုနှင့် ပတ်သက်ပြီးတော့မှ အထင်သေးမှု၊ အမြင်လွဲမှားမှုတွေပါ ဖြစ်လာတော့တယ်။ ဒါကြောင့် ရှင်ဘုရင်ကလည်း အလှူအတန်းပြုလိုတဲ့ဟန်နဲ့ မင်းချင်းပရိသတ်တွေပါ ခေါ်ပြီး တောကျောင်းကို လာတဲ့အခါ ဆရာတော်ဘုရားကြီးဟာ သင်္ကန်းစုတ်လေးနဲ့ ပတ်တီးစည်းထားတဲ့ ခြေထောက်ကိုပြရင်း ဓါးမောက်ကိုယူပြီးတော့မှ ''ငါ့ရဲ့ သီလပျက်စီးလို့ရှိရင် ဒီဓါးမောက်ဟာ ချတဲ့ရေထဲမှာ မြုပ်ပါစေ၊ စင်ကြယ်ပါမူ ရေပေါ်မှာ ကူးနေပါစေ''လို့ တောင်ဖီလာကန်ထဲမှာ သစ္စာဓိဋ္ဌာန်ပြုပြီးတော့မှ ပြတော်မူရတယ်။ ဓါးမောက်က ပကတိငါးလိုပဲ တလန့်လန့် တလူလူ ရေပေါ်မှာ ကူးနေပါတယ်။ အဲဒီကန်ဟာ ယခုအချိန်ထိအောင် ဓါးမကူးကန်လို့ ရှိနေပါသေးတယ်။[၁]

ဒေါက်တာအောင်သူ ။ ။ အံ့ဘွယ်သူရဲပါပဲဘုရား။

ဘုရား တပည့်တော် အခုလို အကြောင်းအရာမျိုးကို မကြားဖူးပါဘူး ဘုရား။ ရဟန်းတစ်ပါး စောင့်ထိန်းနေရတဲ့သီလဟာ တကယ်ပဲ အသက်ထက် တန်ဖိုးရှိပြီး သီလကို ဖြူစင်စေချင်ရင် မိမိအသက်ကိုသော်လည်း စွန့်နိုင်ရမယ်ဆိုတဲ့

၁။ ဓမ္မစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (န၀မအကြိမ် ၁၉၉၃–ခု)

မြတ်စွာဘုရားရှင်ရဲ့ ဩဝါဒနဲ့ ညီညွတ်ပါပေဘုရား။ သာဓုပါဘုရား။

ဦးဇင်း ။ ။ သီလရဲ့ ရန့်ဟာ လေ အထက်မှာပဲ ဖြစ်ဖြစ်၊ လေအောက်မှာပဲဖြစ်ဖြစ်၊ အမြဲတမ်းကြိုင်လှိုင် ပါတယ်တဲ့။ သီလရဲ့ ရန့်နဲ့တူတဲ့ မွှေးပျံ့ကြိုင်လှိုင်တဲ့ အနံ့ဟာ ဘယ်မှာမှ မရှိပါဘူးလို့ မြတ်ဘုရား မိန့်ကြား တော်မူပါတယ်။ နတ်ပြည်ကိုတက်ဖို့ သီလနဲ့တူတဲ့ တစ်ခြားတစ်ပါးသော စောင်းတန်းလှေကား မရှိပါဘူး တဲ့၊ အဲဒီပြင် နိဗ္ဗာန်ကိုဝင်ဖို့အတွက်လည်းပဲ သီလနဲ့ တူတဲ့ တစ်ခြားတစ်ပါးသော တံခါးပေါက်ဆိုတာ ဘယ်မှာရှိမလဲတဲ့။[၁]

ဒေါက်တာအောင်သူ ။ ။ မှန်လှပါဘုရား။ သာဓု ပါဘုရား။ သာဓု၊ သာဓု။

---

၁။ ဂန္ဓဇာတသုတ္တ၊ တိကနိပါတ အင်္ဂုတ္တရပါဠိ (နှာ-၂၂၆)

## ၂၁။ ထိခြင်းငါးဖြာနဲ့ ရှိခိုးတာကိုလည်း သိချင်ပါတယ်

ကွန်ပျူတာကျောင်းသားသည် ယနေ့ဆွမ်းခံ အပြန်၌ သပိတ်ကိုလွယ်၍ နောက်မှလိုက်လာခဲ့ရာ ကျောင်းရောက်သောအခါတွင် သူ၏ညီ ဦးဇင်းရှိရာ ကျောင်းသို့သွားပြီး တံမြက်စည်းလှည်းခြင်း စသည့် ဝေယျာဝစ္စများကို ဆောင်ရွက်ပါသည်။ ထို့နောက် ဆွမ်းဘုဉ်းပြီးချိန်ခန့်တွင် ရောက်ရှိလာကာ–

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ဦးချတာကို ထိခြင်း ငါးဖြာနဲ့ မညီညွတ်ဘူးဆိုပြီး ဦးဇင်း MA က အမိန့်ရှိပါ တယ်ဘုရား။ တပည့်တော်လည်း ဦးချတတ်သလို ဦးချခဲ့တာပါဘုရား။ မလေးမစားတော့ မလုပ်မိပါဘူး။ ဒါပေမယ့် ဦးဇင်းက မကြာခင် ရဟန်းဖြစ်မယ့် ပုဂ္ဂိုလ် အနေနဲ့ ထိခြင်းငါးဖြာတော့ သေသေချာချာကျကျနန သိဖို့လိုတယ်လို့ မိန့်လိုက်ပါသေးတယ်ဘုရား။ ထိခြင်း ငါးဖြာကို ဘုရားတပည့်တော် သေသေချာချာ ပြည့်ပြည့် စုံစုံ နားမလည်သေးပါဘူးဘုရား။ သိပါရစေဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ၊ ထိခြင်း ငါးဖြာဆိုတာ ခြေ ရယ်၊ လက်ရယ်၊ နဖူးရယ်၊ တံတောင်ရယ်၊ ဒူးရယ် ဆိုပြီးတော့မှ ငါးမျိုးလုံး မြေပေါ်မှာဖြစ်စေ၊ ဖျာပေါ်မှာ ဖြစ်စေ၊ ကော်ဇောပေါ်မှာဖြစ်စေ ကြမ်းခင်းပေါ်မှာ ဖြစ်စေ ထိဖို့ လိုပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ မြေပေါ်မှာရော ထိရ ပါသလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ မြေပေါ် မှာ ဦးချတဲ့ ပုဂ္ဂိုလ် အဖို့၊ မြေကြီးပေါ်မှာ ခြေရယ်၊ လက်ရယ်၊ နဖူးရယ်၊ တံတောင်နဲ့ ဒူးတို့ထိဖို့ လိုပါတယ်။ ဒီ (၅)ပါးထိတဲ့ အတွက်ကြောင့် ထိခြင်း (၅)ပါးလို့ ခေါ်ပါတယ်။ တည်ခြင်းငါးဖြာလို့လည်း ခေါ်ကြပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ ရဟန်းသံဃာများ ကို ရှိခိုးတဲ့အခါပဲ ဒီလို ထိခြင်း (၅)ပါးနဲ့ ရှိခိုးရတာလားဘုရား။

ဦးဇင်း ။ ။ မဟုတ်ပါဘူး။ ဘုရား တရား၊ သံဃာ၊ မိဘ ဆရာသမားတို့ကို ရှိခိုးကန်တော့ရာမှာလည်း ထိခြင်း ငါးပါးနဲ့အညီ ရိုသေလေးမြတ်စွာ ရှိခိုးရပါတယ်။

ဒါမြန်မာမှုဓလေ့၊ ဒါမြန်မာယဉ်ကျေးမှုပါပဲ။ ဒါကြောင့် ကလေးငယ်တွေကို လက်အုပ်ချီတာ သင်ပေးပြီး တော့မှ လက်ထောက်၊ ဒူးချ၊ တံတောင်ချ၊ နဖူးချကာ ဦးချပါဆိုပြီး ဦးချနည်းသင်ပေးရတယ် မဟုတ်ဘူးလား။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် မိဘတွေကတော့ ဒီလို တိတိကျကျ မသင်ပေးခဲ့ဘူးဘုရား။ အခု ဦးဇင်း MA ပြောမှ သေသေချာချာ သတိထားမိလာတာပါ ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံ ဗုဒ္ဓ သာသနာ တလျှောက်လုံး လိုက်နာကျင့်သုံးခဲ့တဲ့ ထိခြင်းငါးပါးပါပဲ။ ဒါကို သိတဲ့အချိန်ကစပြီး လိုက်နာ ကျင့်သုံးဖို့ပါပဲ။ မောင်ကျောင်းသား ဦးချတဲ့နေရာမှာက ခြေ၊ လက်၊ ဒူးနဲ့ နဖူးကတော့ ထိပြီး တံတောင်က တော့ မထိဘူး ဖြစ်နေတယ်။ ဒါကြောင့် ဦးချတဲ့နေရာ မှာ ထိုးထိုးထောင်ထောင်ကြီး ဖြစ်နေတာ တွေ့နေ ရတယ်။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။ ဘုရား တပည့်တော် အခု သေချာခြေနှစ်ဖက်ရော၊ တံတောင်နှစ်ဖက်ရော၊ ဒူး

နှစ်ဖက်ရော၊ လက်နှစ်ဖက်ရော၊ နဖူးရောကျအောင် ဦးချဖို့ လေ့ကျင့်ပါ့မယ်ဘုရား။ မှားတာရှိရင်လည်း သွန်သင်ဆုံးမပေးပါဘုရား။ တပည့်တော် ပြင်ပါ့မယ် ဘုရား။

ဦးဇင်း ။ ။ သာဓုပါဗျာ၊ သာဓုပါ၊ သာဓုပါ။ မမှားတော့ ပါဘူး။ ပြည့်စုံသွားပါပြီ။ မှန်ကန်ပါပြီ။

## ၂၂။ ရဟန်းက ကျေးဇူးရှင်မွေးမိဘများကို ရှိခိုးခွင့်ရှိပါသလား။

ဒေါက်တာအောင်သူ ။ ။ ရဟန်းက ရဟန်းတော်များကိုပဲ ရှိခိုးခွင့်ရှိတာလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ရဟန်းက မိမိထက် ဝါကြီးတဲ့ ရဟန်းယောက်ျားကိုပဲ ရှိခိုးခွင့်ရှိပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော် မေးလျှောက်ချင်တာက ရဟန်းက ကိုယ့်ပေါ်မှာ ဂုဏ်ကျေးဇူးကြီးမားတဲ့ အမိအဖတို့ ကျောင်းမှာစာသင်ပေးခဲ့တဲ့ ဆရာသမားတို့ရဲ့ ဂုဏ်ကျေးဇူးတွေကို ရည်မှန်းပြီး ရှိခိုးဦးချရင် ရပါသလား ဘုရား။

ဦးဇင်း ။ ။ ရဟန်းတော်များ အနေနဲ့တော့ ရတနာသုံးပါး၊ ဥပဇ္ဈာယ်ဆရာသမားများနှင့် မိမိထက်

သိက္ခာဝါကြီးတဲ့ ပုဂ္ဂိုလ်များကို ဦးချရတာပဲ။ မိမိထက် ဝါငယ်တဲ့ သူတွေ၊ သာမဏေတွေ၊ လူဝတ်ကြောင် ယောကျ်ား၊ မိန်းမတွေကို ရှိမခိုးရဘူး။ ဘိက္ခုနီမကို ရှိခိုးရင်တောင်မှ ဒုက္ကဋ် အာပတ်သင့်ပါတယ်။[၁]

ဦးဇင်း MA ॥ ॥ ဒါဆို မိဘကျေးဇူးကို ဘယ်ကဲ့သို့ ဆပ်သင့်ပါသလဲဘုရား။

ဦးဇင်း ॥ ॥ မိဘကျေးဇူးကိုတော့ တရားတွေ ဟောပြတာ၊ ရတနာသုံးပါးမှာ မကြည်ညိုရင် ကြည်ညိုအောင်၊ ကြည်ညိုရင် အတိုင်းထက်အလွန် ကြည်ညိုအောင်၊ မဂ်တရား၊ ဖိုလ်တရား၊ တရားထူး၊ တရားမြတ်တွေရရှိအောင် ရှေ့ဆောင်လမ်းပြပြုပြီး ကျေးဇူးတုံ့ပြန်တာကို မြတ်စွာဘုရား ချီးမွမ်းတော်မူပါတယ်။[၂]

---

၁။ ၄၀၅၊ ပဥ္စမဘာဏဝါရ၊ စူဠဝဂ္ဂပါဠိ။ (နှာ–၄၄၉)
၂။ ၃၃၊ သမစိတ္တဝဂ္ဂ၊ အင်္ဂုတ္တရပါဠိ၊ ပထမတွဲ (နှာ–၆၃)

## ၂၃။ အသက်ကြီးတဲ့သူနှင့် ဝါကြီးတဲ့သူ ဘယ်သူ့ကို ရှိခိုးရမလဲ?

ဦးဇင်း MA နှင့် ကွန်ပျူတာကျောင်းသား တို့သည် ညီအစ်ကိုဝမ်းကွဲများ ဖြစ်ကြပြီး ကျောင်းနေဖက် အတန်းတူများလည်း ဖြစ်ခဲ့ကြပါသည်။ ယခုအခါ ဦးဇင်း MA သည် ရဟန်းဝါ (၂)ဝါ ရှိလာသောကာလ၌ ကွန်ပျူတာကျောင်းသားလည်း ရဟန်းဝတ်ဖြင့် ကျောင်း၌ ခေတ္တခဏ နေလိုစိတ်ရှိပါကြောင်း ရံခါ လျှောက်ထားလာပါသည်။ သူ့ညီ ရဟန်းဝတ်ဖြင့် ပျော်မွေ့သည်ကို ကြည့်ပြီး သဒ္ဓါတရား ထက်သန်လာဟန်ရှိပါသည်။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော်လည်း ဒီနှစ်သင်္ကြန်မှာ ရေမကစားတော့ဘဲ ဒုလ္လဘရဟန်းဝတ်မယ် လို့တော့ စိတ်ကူးထားတယ် ဘုရား။ အောင်မြင်မလားတော့ မသိပါဘူး။

ဦးဇင်း ။ ။ ကောင်းတဲ့အလုပ်ပဲ အောင်မြင်အောင် လုပ်ရမှာပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ရဟန်း မဖြစ်ခင်

ပရိက္ခရာပစ္စည်းတွေကိုတော့ ဦးဇင်း MA ကို မေးပြီး သွားပါပြီဘုရား။ သူကလည်း စာပေ အထောက်အထား တွေနဲ့ ဝိနည်းနဲ့ညီညွတ်တဲ့ သပိတ်တွေ သင်္ကန်းတွေ ကို ညွှန်ကြားပြသပါတယ် ဘုရား။ ဘုရားတပည့် တော်စိတ်ထဲ မရှင်းတာလေးတစ်ခုတော့ ကျန်သေး တယ်ဘုရား။

ဦးဇင်း ။ ။ ဘာကိုမရှင်းတာလဲ။

ဦးဇင်း MA ။ ။ သူက တပည့်တော် ထက်(၃)လကျော် ကျော် အသက်ကြီးတယ်ဘုရား။ ဒါကြောင့် သူရဟန်း ဖြစ်လို့ရှိရင် သူ့ကို တပည့်တော်က ရှိခိုးရမယ်လို့ ပြောနေပါတယ် ဘုရား။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် က ဦးဇင်း MA ထက် အသက်ကြီးလို့ပါဘုရား။ သူက ငယ်တယ် ဘုရား။ ကြီးတဲ့သူကို ငယ်တဲ့သူက ရိုသေရမယ်။ ဂါရဝပြုရမယ်လို့ ဘုရားတပည့်တော် ကျမ်းစာအုပ်ထဲ မှာ ဖတ်ခဲ့ဖူးလို့ပါဘုရား။

ဦးဇင်း MA ။ ။ တပည့်တော်က ကြီးတဲ့သူဆိုတာ သိက္ခာဝါနှင့် ယူရတယ်လို့ပြောပြပါတယ်။ သူက သဘောမတူဘဲ အသက်နဲ့ပဲယူရမယ်လို့ ငြင်းပါတယ် ဘုရား။

ဦးဇင်း ။ ။ အသက်(၈၀)ရှိပြီး ကနေ့မှ ရဟန်းဖြစ်တဲ့သူက အသက် (၂၀)ပြည့်လို့ မနေ့က ရဟန်းဖြစ်ထားတဲ့ပုဂ္ဂိုလ်ကို ရှိခိုးရပါတယ်။ အသက်နဲ့မယူရဘူး။ သိက္ခာဝါနဲ့ ယူရတယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆိုရင် ရှိခိုးရမယ့် ပုဂ္ဂိုလ်တွေ ဘယ်နှစ်ပါးများ ရှိပါသေးသလဲဘုရား။

ဦးဇင်း ။ ။ ရှိခိုးရမယ့်ပုဂ္ဂိုလ် (၅)ပါး ရှိတယ်လို့ စာမှာပြပါတယ်။

၁။ ကိုယ့်ထက်ရှေ့မှာ ရဟန်းခံသူကို နောက်မှ ရဟန်းဖြစ်တဲ့သူက ရှိခိုးရတယ်တဲ့၊ မှတ်ထားနော်။

၂။ ဓမ္မကို ဆိုလေ့ရှိတဲ့ သီတင်းကြီးဖြစ်တဲ့ ရဟန်းကို ရှိခိုးရမယ်။

၃။ ဆရာကို ရှိခိုးရမယ်။

၄။ ဥပဇ္ဈာယ်ဆရာကို ရှိခိုးရမယ်။

၅။ လူ၊ နတ်၊ ပြဟ္မာတို့ရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ မြတ်စွာဘုရားကို ရှိခိုးရပါမယ်ဗျာ။[၁]

---

၁။ ၃၁၂၊ ဒုတိယဘာဏဝါရ၊ သေနာသနက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ–၃၁၂)

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။ ရှေ့ဦး ရဟန်းဖြစ်တဲ့သူကို နောက်မှရဟန်းဖြစ်တဲ့သူက ရှိခိုးရမယ်ဆိုတော့ ဘုရားတပည့်တော် ရဟန်းဖြစ်ပြီဆိုရင်လည်း ဦးဇင်း MA ကိုတော့ ရှိခိုးရမယ်ဆိုတာ နားလည်သဘောပေါက်ပါပြီဘုရား။ သို့သော် ရှိခိုးတဲ့အခါ အကောင်းဆုံးရှိခိုးခြင်းကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဦးဇင်း ။ ။ အကောင်းဆုံး ဘယ်လိုရှိခိုးရမလဲဆိုရင် သင်္ကန်းကို လက်ကန်တော့ထိုး လက်အုပ်ချီပြီး လက်ဖဝါးပြင် နှစ်ဖက်နဲ့ မထေရ်မြတ်ကြီးရဲ့ ခြေတို့ကို ဆုပ်နယ်ပြီးတော့မှ ချစ်ခင်မြတ်နိုး ရိုသေစွာနဲ့ ရှိခိုးရမယ်လို့ မြတ်စွာဘုရား ဟောတော်မူပါတယ်။[၁] မောင်ကျောင်းသား သံဃာတော်များကို ဉပါသကာလူယောကျ်ားများကလည်းပဲ ခုလိုပဲ ရှိခိုးခွင့်ရှိပါတယ်။ ဒါ ဗုဒ္ဓယဉ်ကျေးမှု (BUDDHIST CULTURE) ပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ဦးထိပ်ပန်ဆင် လိုက်နာပါမယ်ဘုရား။

၁။ ၄၆၉၊ ကထိနတ္ထာရဝဂ္ဂ၊ ဉပါလိပဉ္စက၊ ပရိဝါရပါဠိ (နှာ–၃၅၈)

## ၂၄။ သီလရှင်ထံပါးက ဥပုသ်သီလ ခံယူဆောက်တည်ကောင်းပါသလား

ကွန်ပျူတာတက္ကသိုလ် ကျောင်းသားလေးသည် တပေါင်းလပြည့်ကျော်နှစ်ရက်နေ့၌ သူ၏ညီဦးဇင်းရှိရာကျောင်းသို့ လာပါသည်။ ကျောင်းပိတ်ရက်များတွင် များသောအားဖြင့် ကျောင်း၌ အနေများလာပါသည်။ သို့ဖြစ်ပါ၍ သီလကို မြတ်မြတ်နိုးနိုး မရှိခဲ့သော ကွန်ပျူတာတက္ကသိုလ်ကျောင်းသားသည် ယခုအခါ သီလနှင့် ပတ်သက်၍ စူးစမ်းဆင်ခြင်မှု၊ စိတ်ဝင်စားမှု တိုးတက်လာနေသည်ကို တွေ့ရပါသည်။ သူ၏အသက် (၁၈)နှစ်ထိ ရှစ်ပါးသီလ တစ်ကြိမ်သာ ခံယူဆောက်တည်ခဲ့ဖူးကြောင်း လျှောက်ထားဖူးသည်။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် သီလနှင့်ပတ်သက်ပြီး သံသယရှိနေတာလေး စိတ်ထဲပေါ်လာပါတယ်ဘုရား။

ဦးဇင်း ။ ။ သီလနဲ့ပတ်သက်လာရင် သံသယမဖြစ်တာကောင်းပါတယ်။ ဘယ်လိုများ သံသယဖြစ်ရတာလဲ။

ကွန်ပျူတာကျောင်းသား ။ ။ဘုရားတပည့်တော် တို့ လွန်ခဲ့တဲ့ တပေါင်းလပြည့်နေ့မှာ အိမ်မှာပဲ သီလခံယူဆောက်တည်ကြတယ်ဘုရား။

ဦးဇင်း ။ ။သီလခံယူ ဆောက်တည်ကြတာကောင်း တဲ့လုပ်ရပ်ပဲ။

ကွန်ပျူတာကျောင်းသား ။ ။မဟုတ်ဘူး ဘုရား။ ဆရာတော် သံဃာ တော်များကို မပင့်ဘဲနဲ့ သီလခံယူ ဆောက်တည်ကြ တာ ဖြစ်နေလို့ပါဘုရား။

ဦးဇင်း ။ ။အင်း.. အဲသလို လည်းရတာပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ရမယ်မထင်ဘူး ဘုရား။

ဦးဇင်း ။ ။ဘာဖြစ်လို့လဲ။

ကွန်ပျူတာကျောင်းသား ။ ။အမေရဲ့အဒေါ် စစ်ကိုင်းက အဘွား သီလရှင်က ရန်ကုန် ဆေးကုလာရင်းနဲ့ အိမ်မှာ ရောက်တာ နှစ်ပတ်လောက်ရှိနေပြီ။ နေမကောင်းနေလို့ ကျောင်းမခေါ်လာရသေးဘူးဘုရား။ အဲဒီ တပေါင်း လပြည့်နေ့က အမေက ထမင်းချက်ရင်းနဲ့ ''ဩော်.. ဒီနေ့တော့ အလုပ်ကလဲ များလိုက်တာ။ ကျောင်း

သွားပြီး သီလတောင် မယူနိုင်တော့ဘူး’’ လို့ သူ တစ်ယောက်တည်း မီးဖိုထဲ အလုပ်လုပ်ရင်း ပြောနေတာကြားလို့ အဖွားသီလရှင်က ‘‘ဟဲ့. . ဒါဆိုလည်း ထမင်းအိုးဟင်းအိုးချက်ပြီးရင် ဒီမှာလာခဲ့ကြ’’ လို့ ခေါ်လိုက်တယ်ဘုရား။ တပည့်တော်ကိုလည်း အမေက ‘‘လာ. . လာ. . သွားရအောင်’’ လို့ အဖွားသီလရှင်ရှိတဲ့ ဘုရားစင်ရှေ့နားကို ထိုင်လိုက်ကြတော့ အဘွားသီလရှင်က ကုတင်ပေါ် ထထိုင်ပြီး သီလပေးတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းတာပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် သီလရှင်က သီလပေးတာ တစ်ခါမှမကြုံဖူးဘူးဘုရား။

ဦးဇင်း ။ ။ အခုကြုံဖူးပြီလေ။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်တို့ မြင်ဖူးကြားဖူးနေတာက ဆရာတော်များ ထံပါးကပဲ သီလယူတာဆိုတော့ သီလရှင်က သီလပေးတာရလို့လားဘုရား။

ဦးဇင်း ။ ။ ရတာပေါ့. . . မောင်ကျောင်းသားရဲ့။ ရဟန်းတော်ထံပါးမှာဖြစ်စေ၊ ရဟန်းမိန်းမ ဘိက္ခုနီ

ထံပါးမှာဖြစ်စေ၊ သီလပေးစွမ်းနိုင်တဲ့ သီလရဲ့ လက္ခဏာတွေကို သိကျွမ်းနားလည်တဲ့ လူယောက်ျား၊ မိန်းမ၊ ဥပါသကာ၊ ဥပါသိကာတို့ထံမှာ သီလခံယူနိုင်ပါတယ်လို့ အဋ္ဌကထာမှာ ဖွင့်ဆိုထားပါတယ်။[၁]

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆို လူပုဂ္ဂိုလ်ဆီကတောင် သီလခံယူလို့ရသလားဘုရား။

ဦးဇင်း ။ ။ ရပြီကော။ လူသီလဝန္တပုဂ္ဂိုလ်ထံပါးကနေ သီလတောင်းယူပြီး ဆောက်တည်လို့ရတယ်လို့ စာမှာပြတယ် မောင်ကျောင်းသား။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။ ဘုရားတပည့်တော် အဲဒီလို မရဘူး ထင်လို့ပါဘုရား။ တစ်ခါမှလည်း မကြုံဖူးလို့ပါဘုရား။

ဦးဇင်း ။ ။ မကြုံဖူးတိုင်း မှားတယ်လို့မပြောရဘူးကွဲ့။ အခုကြုံဖူးပြီပဲ။ အိမ်ကို ဆွမ်းခံကြွလာတဲ့ ရဟန်းထံပါးမှာလည်း သီလခံယူ ဆောက်တည်နိုင်ပါတယ်။ အခုလို သီလရှင်ထံပါးကနေလည်း

---

၁။ ၄၂၁၊ ဂင်္ဂမာလ ဇာတကဝဏ္ဏနာ တတိယအုပ် (နှာ-၄၂၃)

သီလခံယူဆောက် တည်နိုင်ပါတယ်။ ဘယ်သူမှလည်း မရှိဘူးဆိုရင်တော့ မိမိဘာသာ ဘုရားစင်ရှေ့မှာ သီလခံယူ ဆောက်တည်လို့လည်းရတာပါပဲ မောင်ကျောင်းသား။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။ ဘုရားတပည့်တော် မှတ်သားထားပါမယ်ဘုရား။

ဦးဇင်း ။ ။ မောင်ကျောင်းသား မဟာဇနကမင်းသား ပင်လယ်ကို လက်ပစ်ကူးရင်းနဲ့ ပင်လယ်ရေပြင်ထဲမှာ ကိုယ်ကိုယ်တိုင် သီလဆောက်တည်တာကိုလဲ သတိရပါအုံးလေ။[၁]

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။ ဘုရားတပည့်တော် မေ့သွားလို့ပါဘုရား။

---

၁။ ၅၃၉၊ မဟာဇနက ဇာတကဝဏ္ဏနာ ဆဋ္ဌမအုပ်။ (နှာ-၄၃)

## ၂၅။ ဘိက္ခုနီနှင့် သီလရှင် ဘယ်လိုကွာခြားပါသလဲ။

ဒေါက်တာအောင်သူ။ ။ မြန်မာပြည်မှာ ဘိက္ခုနီတွေ ရှိပါသေးသလား ဘုရား။ သီလရှင်နှင့် ဘိက္ခုနီကကော အတူတူပဲလား ဘုရား။

ဦးဇင်း ။ ။ အခုခေတ်မှာ ဘိက္ခုနီတွေ မရှိတော့ပါဘူး။ မြတ်စွာဘုရားရှင် သာသနာတော်လေးရာကျော်၊ ငါးရာ (BC-100) ဝန်းကျင်လောက်ကပဲ ဘိက္ခုနီသာသနာ လုံးလုံး ပြတ်တောက်သွားပါတယ်။

ထိုစဉ် ဦးဇင်း MA ထံပါး သွားရောက်ကန်တော့နေသည့် ဦးဇင်း MA ၏ ညီနှင့်ညီမဝမ်းကွဲ ဒေါက်တာအောင်သူ၏ တူနှင့်တူမတို့သည် ဦးဇင်းလေးနှင့်အတူ ရောက်ရှိလာပါသည်။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော်ရဲ့ တူမဆိုတာ သူပါပဲဘုရား။ ဒီနှစ်ဘွဲ့ယူပါမယ်ဘုရား။

ဦးဇင်း ။ ။ ဘာဘွဲ့လဲ။

ဒေါက်တာအောင်သူ ။ ။ ဆေးဝါးကျွမ်းကျင်ပါ ဘုရား။ သူကလုပ်ငန်း ခွင်ထဲမရောက်ခင် ဆံပင်ရိတ် ကတုံးတုံးပြီး ဘိက္ခုနီ ဖြစ်ဖြစ်၊ သီလရှင်ဖြစ်ဖြစ် သိပ်ဝတ်ချင်ရှာပါတယ် ဘုရား။

ဦးဇင်း ။ ။ ကောင်းပါတယ်။ ဘိက္ခုနီ တော့ မဖြစ်တော့ဘူး ပေါ့။ သီလရှင်တော့ ဝတ်လို့ရသားပဲ။ ဒါပေမယ့် သီလရှင်ဝတ်ပြီးတော့ တရားအားထုတ်ဖို့လည်း လိုတယ်နော်။

ဆေးဝါးကျွမ်းကျင် ။ ။ မှန်ပါဘုရား၊ တပည့်တော်မ အစီအစဉ်ထဲမှာ ပါပါ တယ်ဘုရား။ ဘိက္ခုနီ မဖြစ်ဘူးဆိုရင်လည်းပဲ ဘိက္ခုနီ သာသနာနဲ့ ပတ်သက်တာလေးတွေတော့ ဘုရား တပည့်တော်မ ဗဟုသုတအဖြစ် သိချင်ပါသေးတယ် ဘုရား။ ဘိက္ခုနီသာသနာဟာ မြတ်စွာဘုရားရှင်ရဲ့ မိထွေးတော် တောင်းပန်လျှောက်ထားမှုကြောင့် ပေါ်ပေါက်လာတယ်လို့လည်း ယေဘုယျအားဖြင့် မှတ်သားထားဖူးပါတယ် ဘုရား။ ဟုတ်ပါသလား ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ဘိက္ခုနီ သာသနာအစ မိထွေး တော်ဂေါတမီကပြောရင် မှန်ကန်တဲ့စကားပါပဲ။

မိထွေးတော်ဂေါတမီ ဘိက္ခုနီမပြုလုပ်တဲ့ အချိန်က မြတ်စွာဘုရား (၅)ဝါမြောက် ဝေသာလီပြည်မှာ ဝါဆိုတော်မူစဉ်အခါ ကာလကဖြစ်ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော် မှတ်သားထားဖူးတာက ဘိက္ခုနီသာသနာ စတင်ပေါ်ပေါက်လာဖို့အရေးကို မြတ်စွာဘုရားရှင်မှ လွယ်လွယ်ကူကူ ခွင့်မပြုခဲ့ဘူး လို့တော့ ဖတ်ဖူးသလိုပဲဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဘိက္ခုနီသာသနာကို မြတ်စွာဘုရားရှင် လွယ်လွယ်ကူကူ ခွင့်ပြုခဲ့တာ မဟုတ်ပါဘူး။ အမျိုးသမီးများ သာသနာထဲကို ရောက်ဖို့ကိစ္စကို အတော်ကြာမှပဲ ခွင့်ပြုတော်မူခဲ့တာပါ။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ တပည့်တော်လည်း အဲသလိုပဲ မှတ်သားခဲ့ဖူးလို့ပါဘုရား။

ဦးဇင်း ။ ။ မိထွေးတော် မဟာပဇာပတိဂေါတမီက မြတ်စွာဘုရား ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးတော်မူစဉ် ပထမအကြိမ် ဘိက္ခုနီပြုခွင့် ရပါရစေဘုရားလို့ သုံးကြိမ်သုံးခါတိုင်အောင် ခွင့်တောင်း လျှောက်ထားခဲ့ဖူးပါသော်လည်း ‘‘ဂေါတမီ မသင့်၊ မာတုဂါမတို့ ငါဘုရားဟောကြားတော်မူအပ်သော

ဓမ္မဝိနယသာသနာတော်၌ ဝင်ရောက်၍ ရဟန်းပြုခွင့်ကို မနှစ်သက်ပါနှင့်''[၁] လို့ သုံးကြိမ်သုံးခါ ပယ်ဖျက်တော်မူပါတယ်။

ဆေးဝါးကျွမ်းကျင် ။ ။ နောက်ထပ်တစ်ကြိမ် လျှောက်ထားတော့ ခွင့်ပြုပါသလားဘုရား။

ဦးဇင်း ။ ။ သုဒ္ဓေါဒနမင်းကြီး ထီးဖြူအောက်မှာ ပရိနိဗ္ဗာန်စံဝင်သွားပြီးတဲ့နောက်မှာ ရောဟိနီမြစ်ရေကိစ္စနှင့် ပတ်သက်လို့ သာကီဝင် မင်းသားတွေ ငြင်းခုန်ရာမှ စစ်မက်ဖြစ်ပွားမယ့်အရေးကို မြတ်စွာဘုရားက ကလဟဝိဝါဒသုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူအပြီးမှာ သာကီဝင်မင်းသားငါးရာက မြတ်စွာဘုရားထံတော်ပါးမှာ ရဟန်းပြုခဲ့ကြတယ်လေ။ အဲဒီ မင်းသားရဲ့ အလုပ်အကျွေးမင်းသမီးတွေဟာ မိထွေးတော် ဂေါတမီထံကို သွားပြီးတော့မှ ဘုရားရှင်ထံပါးမှာ ဘိက္ခုနီမပြုခွင့်ရရေးကို တောင်းပန်ကြတယ်။ ဒါကို ဒုတိယအကြိမ် ခွင့်တောင်းတယ်လို့ ပြောရင်ရပါတယ်။ မြတ်စွာဘုရား ဝေသာလီပြည်အနီး မဟာဝုန်တောအတွင်း ကုဋာဂါရသာလမှာ သီတင်းသုံးတော်မူစဉ်ကာလကပေါ့။ သူတို့က ကပိလဝတ်ပြည်ကနေ

---

၁။ ၄၀၂။ မဟာပဇာပတိ ဂေါတမီဝတ္ထု၊ စူဠဝါပါဠိ (နှာ–၄၄၂)

ခေါင်းတုံး၊ ဖန်ရည်ဆိုးတဲ့အဝတ်များကို ဝတ်ရုံပြီး ဘုရားရှိရာကို ခြေလျင်သွားကြတာနဲ့တဲ့ သဒ္ဓါတရား မဟုတ်ဘူးဗျာ။[၁]

ဒေါက်တာအောင်သူ ။ ။ ကပိလဝတ်ပြည်နဲ့ ဝေသာလီ ခရီးမိုင်က ဘယ်လောက်များ ဝေးပါသလဲဘုရား။

ဦးဇင်း ။ ။ စာထဲမှာ ပြတာတော့ ငါးဆယ့်တစ် ယူဇနာလို့ ပြပါတယ်။

ဆေးဝါးကျွမ်းကျင် ။ ။ ငါးဆယ့်တစ်ယူဇနာ ဆိုတာကို ဘယ်လောက် ဝေးမှန်း ဘုရားတပည့်တော် မသိဘူးဘုရား။

ဦးဇင်း ။ ။ စာထဲမှာတော့ တစ်ယူဇနာကို (၈)မိုင်လို့ ပြတယ်။ ဒါကြောင့် (၄၀၈)မိုင်လောက် ဝေးတယ်လို့ မှတ်သားရမယ်။

ဒေါက်တာအောင်သူ ။ ။ အလွန်ဝေးတဲ့ ခရီးပဲ ဘုရား။ ရန်ကုန်ကနေ မြစ်ကြီးနားလောက် ဝေးတာပဲဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ သူတို့ မြတ်စွာဘုရားရှင် ထံတော်

---

၁။ ၄၀၂။ မဟာပဇာပတိ ဂေါတမီဝတ္ထု၊ စူဠဝါပါဠိ (နှာ–၄၄၂)

ပါးကို သွားဖို့ ဝန်တော့လေးသားပဲ။ ဘာလို့လဲဆိုရင် မိထွေးတော်ကြီး ရှေးအခါက သုံးကြိမ်သုံးခါ ဘိက္ခုနီ ပြုဖို့ တောင်းပန်ခဲ့တုန်းက ဘုရားရှင် ခွင့်မပြုခဲ့ဘူးလေ။ အခု ဒုတိယအကြိမ်ကျတော့လည်း ခွင့်မပြုမှာ စိုးရိမ်ရှာတယ်။[၁] သွားတဲ့ခရီးစဉ်ကို ကပိလဝတ်ပြည် နန်းတော်ကနေ ရွှေထမ်းစင်တွေနဲ့ လိုက်ပါပို့ဆောင်ဖို့ စီစဉ်သော်လည်းပဲ မြတ်စွာဘုရားထံတော်ပါးကို သွားတာ ထမ်းစင်နဲ့ဆိုရင် အဂါရဝဖြစ်မယ်ဆိုပြီး ငြင်းပယ်ခဲ့ကြပါတယ်။

ဒေါက်တာအောင်သူ ။ ။ အတော်ကြည်ညိုစရာကောင်းတဲ့ မြင်ကွင်းပါဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ပါရမီရှင်ကြီးတွေရဲ့ ကြည်ညိုစရာကောင်းတဲ့ စိတ်ဓာတ်တွေပေါ့။ အဲဒီလို ခရီးဝေးကို သွားကြတဲ့အခါ နန်းတွင်းသူတွေရဲ့ ခြေထောက်တွေဟာ ကွဲပြီးတော့မှ ဖူးဖူးယောင်လာတဲ့ အထိ ပင်ပန်းဆင်းရဲကြပြီး မျက်ရည်တွေပြည့်တဲ့ မျက်လုံးနဲ့ပဲ မြတ်စွာဘုရားရှင် သီတင်းသုံးရာ ဝေသာလီပြည်ကို အမှီပြုထားတဲ့ စုလစ်မွန်းချွန်အထွတ် တပ်ထားတဲ့ ကျောင်းကို ရောက်ရှိလို့လာကြပါတယ်။

---

၁။ ၅၁။ ဂေါတမီသုတ္တံ၊ အဋ္ဌကနိပါတ၊ အင်္ဂုတ္တရပါဠိ (နှာ–၁၀၃)

ဆေးဝါးကျွမ်းကျင် ॥ ॥ အဲဒီချိန်မှာ ဘုရားရှင်က ဘိက္ခုနီပြုခွင့် ပေးပါ သလားဘုရား။

ဦးဇင်း ॥ ॥ မြတ်စွာဘုရားရှင်က ခွင့်မပြုသေးဘူး၊ မြတ်စွာ ဘုရားရှင်ရဲ့ ခြေတော်ရင်းကိုတောင် မရောက်ကြ သေးဘူး။ မုခ်တံခါးဝအပြင်မှာပဲ ငိုကြွေးပြီးတော့နေကြ တာကို အရှင်အာနန္ဒာက ကြားတော့ ဒါ ဘယ့်နှယ့်ပါ လိမ့်မလဲလို့ ထွက်ပြီးကြည့်မှ မိထွေးတော်ကြီးနှင့် သာကီဝင်မင်းသမီးတွေ ဖြစ်နေတာကို တွေ့တော်မူပါ တယ်။ ဒါနဲ့ ဘယ်လိုအကြောင်းကြောင်းများပါလဲလို့ မေးမြန်းတဲ့အခါမှာတော့ မိထွေးတော် မဟာပဇာပတိ ဂေါတမီက ''အရှင်ဘုရားအာနန္ဒာ မြတ်စွာဘုရားရှင် က မာတုဂါမများကို ဤတရားသဖြင့် ဆုံးမအပ်သော ဓမ္မဝိနယသာသနာတော်မှာ ရှင်ရဟန်းပြုလုပ်ရန် ယခင် တစ်ကြိမ်ကလည်း ခွင့်ပြုတော်မမူခဲ့ပါ။ ဒီတစ်ကြိမ်တော့ ခွင့်ပြုတော်မူတန်ကောင်းပါရဲ့လို့ ဆင်းရဲကြီးစွာ အပင်ပန်းခံလာပြီးတော့ မုခ်ဦးအပြင်မှာပဲ နေကြတာ ပါဘုရား'' လို့လျှောက်ထားခဲ့တယ်။ ဒါနဲ့ အရှင်အာနန္ဒာ က မြတ်စွာဘုရားထံတော်ပါးသွားပြီး မိထွေးတော် ဂေါတမီက မြတ်စွာဘုရား အလောင်းတော်ဘဝက ကျေးဇူးများခဲ့ပုံကို သုံးကြိမ် သုံးခါ လျှောက်ထား

တောင်းပန်တဲ့အခါကျမှ ဂရုဓမ်ရှစ်ပါးကို ခံယူခြင်းဖြင့် ဘိက္ခုနီအဖြစ်ကို ရရှိခဲ့ကြပါတယ်။[၁]

ဆေးဝါးကျွမ်းကျင် ။ ။ သာသနာတော်မှာ အလွန်ခက်ခက် ခဲခဲပဲ၊ ဘိက္ခုနီမသာသနာ စတင်ခဲ့ရတာပါလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ အဲသလို ခက်ခက်ခဲခဲကြီးပဲ စတင်ခဲ့ရသော်လည်းပဲ ဘိက္ခုနီသာသနာ ကမ္ဘာပေါ်မှာ သက်တမ်းမရှည်လိုက်ပါဘူး။

ဦးဇင်း MA ။ ။ ဘိက္ခုနီမကလည်းပဲ အခုလို ရဟန်းတွေ ရဟန်းပြုသလိုပဲ ပြုရတာလားဘုရား။

ဦးဇင်း ။ ။ ရဟန်းတွေ ရဟန်းပြုတဲ့ အစီအစဉ်ထက် သူတို့က နဲနဲပိုပြီး အစီစဉ်များပါတယ်။

ဦးဇင်း MA ။ ။ ဘုရားတပည့်တော် ဂရုဓမ် ရှစ်ပါးဆိုတာကို သိချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ဂရုဓပ်ရှစ်ပါးဆိုတာက

(၁) ဝါ(၁၀၀) ရရှိပြီးတဲ့ ရဟန်းမိန်းမဖြစ်စေကာမူ ယနေ့မှ ရဟန်းပြုသစ်စဖြစ်တဲ့ ရဟန်း

---

၁။ ၅၁။ ဂေါတမီသုတ္တ၊ အဋ္ဌကနိပါတ၊ အင်္ဂုတ္တရပါဠိ (နှာ–၁၀၃)

ယောက်ျားငယ်ကို ရှိခိုးရမယ်။ ခရီးဦးကြိုရမယ်။ လက်အုပ်ချီရမယ်၊ အရိုအသေ ပြုရမယ်တဲ့။

(၂) ရဟန်းမတွေဟာ ယောက်ျားရဟန်းတော်တို့နှင့် ဝေးကွာတဲ့ကျောင်းတိုက်မှာ လုံးဝဝါမဆိုရပါဘူး။

(၃) ရဟန်းမတွေဟာ လခွဲတစ်ကြိမ် ရဟန်းသံဃာထံပါးမှာ ဥပုသ်ပေးဖို့နှင့် အဆုံးအမခံယူဖို့ကိစ္စမှာ လိုချင်တောင့်တလိုက်နာရမည်တဲ့။

(၄) ပြီးတော့ ဝါကျွတ်ပြီးတဲ့အခါ ရဟန်းမိန်းမတွေဟာ ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ဘက်ရှေ့မှာ မြင်တာ၊ ကြားတာ၊ ယုံမှားတာ အပြစ်ရှိခဲ့ရင် ပြောဆိုဆုံးမဖို့ ဖိတ်ကြားမှု(ပဝါရဏာ) ပြုရပါမယ်တဲ့။

(၅) သံဃာဒိသိသ်အာပတ်သင့်တဲ့ ဘိက္ခုနီရဟန်းမိန်းမဟာ ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ဘက်ထံပါး တစ်ဆယ့်ငါးရက်ကြာတိုင် ပက္ခ မာနတ်အကျင့်ကို ကျင့်ရပါမယ်။

(၆) ရဟန်းမက မိမိထံ၌ နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် (၆)ပါးမှာ မကျိုး၊ မပေါက်၊ မကြား၊ မပျောက်ရအောင် ကျင့်သုံးပြီးမှပဲ ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ဖက်ထံပါး ရဟန်းပြုပေးနိုင်ဖို့ရာ ကြောင့်ကြစိုက်ရမည်။

(၇) ရဟန်းမတစ်ပါးဟာ ရဟန်းယောကျ်ားကို တစ်စုံတစ်ခုသော အကြောင်းကြောင့်မှ မဆဲရဘူးတဲ့။

(၈) နောက်ဆုံးတစ်ချက်ကတော့ ဒီကစပြီး ရဟန်းမိန်းမတွေက ရဟန်းယောကျ်ားတို့အပေါ် ဆုံးမဩဝါဒ စကားပြောကြားတဲ့ကိစ္စ တားမြစ်ပိတ်ပင်ပါပြီတဲ့။ ရဟန်းယောကျ်ားကို ဩဝါဒ မပေးရဘူးလို့ ဆိုလိုတာပါပဲ။ ရဟန်းယောကျ်ားတို့ကသာလျှင် ဘိက္ခုနီရဟန်း မိန်းမတို့ကို အဆုံးအမဩဝါဒ ပြောဆိုခွင့် ရှိပါတယ်တဲ့။ ဘိက္ခုနီ ရဟန်းမိန်းမက ဒီရှစ်ချက်ကို အသက်ထက်ဆုံး ရိုသေလေးစား မြတ်နိုးပူဇော်ရပါမယ်တဲ့။[၁]

ဒေါက်တာအောင်သူ ။ ။ ဒါဆိုရင် ဂရုဓမ်ရှစ်ပါးရဲ့ အနှစ်ချုပ်ကတော့ ဘိက္ခုနီမများက ဘိက္ခုရဟန်းများကို အစဉ်လေးစား ရိုသေကြရတာဟာ မြတ်ဘုရားသာသနာတော် အရှည်တည်တံ့ရေးအတွက်ဖြစ်တယ်လို့ တပည့်တော် သတိပြုပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ မိထွေးတော် ဂေါတမီမှ ခက်ခဲစွာ

၁။ ၄၀၃၊ အင်္ဂုတ္တရ ဂရုဓမ္မ၊ ပဌမဘာဏဝါရ၊ စူဠဝဂ္ဂပါဠိ။ (နှာ–၄၄၄)

စတင်ခဲ့တဲ့ ဘိက္ခုနီမသာသနာတော်တွင်းကို မင်းမျိုး၊ ပုဏ္ဏားမျိုးစတဲ့ အမျိုးလေးပါးမှ နေကွဲမွှေရှာသယ ဓါတ်ခံထက်သန်ကြတဲ့ အမျိုးကောင်းသမီးတွေ ဝင်လာကြပြီး ရဟန်းမပြုကြပါတယ်။ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ ပဋာစာရီထေရီ၊ ယသော်ဓရာထေရီစတဲ့ တေဒဂ်ရ ပဋိသမ္ဘိဒါပတ္တဆဋ္ဌာဘိည တေဝိဇ္ဇာရဟန္တာထေရီမကြီးနှင့်တကွ ထေရီအပေါင်း သိန်းသန်းမက ပေါ်ထွန်းလာကြ၍ မဇ္ဈိမဒေသတစ်ခွင်မှာ ဘိက္ခုနီသာသနာ ရောင်ဝါထွန်းလင်း တောက်ပခဲ့ပါတယ်။[၁]

ဆေးဝါးကျွမ်းကျင် ။ ။ အလွန်ပဲ ဝမ်းမြောက်အားရစရာ ကောင်းပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဘိက္ခုနီမများ ဘုရားရှင်ရဲ့ သာသနာတော်တွင်းကို ဝင်ရဖို့ကိစ္စ နှောင့်နှေးရတဲ့အကြောင်းတော့လည်း ရှိကောင်းရှိမယ်ထင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ရှိပါတယ်။ အလွန်ပဲ အရေးကြီးတဲ့ အကြောင်းရှိပါတယ်။ မြတ်စွာဘုရားရှင် မိန့်တော်မူဖူးတာက ''အာနန္ဒာ မာတုဂါမများ လူ့ဘောင်မှ ရဟန်း

၁။ နိုင်ငံတော် ဗဟိုသံဃနာယကအဖွဲ့၏ ဘိက္ခုနီဝိနိစ္ဆယစာတမ်း (နှာ–၃၈)

ဘောင်ကိုဝင်ပြီး ရှင်ရဟန်းအဖြစ်ကို မပြုကြလို့ ရှိရင်တဲ့ သာသနာတော်ဟာ ကြာရှည်စွာ တည်တံ့နိုင် မယ်တဲ့။ ဆိုပါစို့။ အနှစ်တစ်ထောင်တည်မယ့် သာသနာတော်ဟာ မာတုဂါမတွေ သာသနာ့ဘောင်ကို ဝင်လာလို့ရှိရင် အနှစ်ငါးရာပဲ တည်တံ့နိုင်တော့မယ့်သဘောကို မြတ်စွာဘုရား ဥပမာနဲ့ မိန့်တော်မူဖူးတာရှိသေးတယ် ဒကာကြီး။[၁]

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ ဥပမာနဲ့ မှတ်သားပါရစေဘုရား။

ဦးဇင်း ။ ။ ''အာနန္ဒာတဲ့ ဖြစ်ထွန်းနေတဲ့ ကြံခင်းတစ်ခင်းမှာ အူနီရောဂါကျရောက်လို့ရှိရင် အဲဒီကြံခင်းဟာ ကြာမြင့်စွာ မတည်တံ့နိုင်သကဲ့သို့ တရားသဖြင့် ဆုံးမအပ်သော ဒီဓမ္မဝိနယ သာသနာတော်မှာလည်း မာတုဂါမတွေက လူ့ဘောင်ကနေ ရဟန်းဘောင်ဝင်ပြီး ရှင်ရဟန်းအဖြစ်ကို ရလို့ရှိရင် သာသနာဟာ ကြာမြင့်စွာ မတည်တံ့နိုင်ဘူးတဲ့။

ဆေးဝါးကျွမ်းကျင် ။ ။ အရှင်ဘုရား၊ ခုလို ခက်ခက်ခဲခဲကြီး စတင်

---

၁။ ၄၀၃၊ မဟာပဇာပတိဂေါတမီ ဝတ္ထုကထာ၊ စူဠဝဂ္ဂအဋ္ဌကထာ။ (နှာ–၁၂၇)

ခဲ့တဲ့ ဘိက္ခုနီသာသနာတော်ကြီး ဘယ်လို အကြောင်းကြောင့်တွေများ ကာလတိုတိုလေးနှင့် ကွယ်ပျောက်သွားရပါသလဲဘုရား။

ဦးဇင်း ။ ။ အကြောင်းတွေကတော့ အများကြီး ရှိပါတယ်။

ဘိက္ခုနီသာသနာက ပဌမသင်္ဂါယနာ (BC-544) ဒုတိယသင်္ဂါယနာ (BC-544)၊ တတိယ သင်္ဂါယနာ (BC-544) ထိအောင် မည့်ှိုးမနွမ်း မဇ္ဈိမဒေသမှာ ပွင့်လန်းလျှက်ရှိခဲ့တယ်။ သီရိဓမ္မာသောက မင်းကြီး တတိယသင်္ဂါယနာ တင်ပြီးတဲ့နောက် မထေရ်မြတ်ကြီးတို့ရဲ့ စိတ်နှလုံးမှာ သာသနာနောင်ရေး မျှော်တွေးတော်မူပြီး ကိုးတိုင်းကိုးဌာနကို သာသနာပြုစေလွှတ်တော်မူခဲ့တဲ့အခါမှာ သီဟိုဠ်ကျွန်းကို အရှင်မဟိန္ဒထေရ်ကို စေလွှတ်ခဲ့ပါတယ်။ အဲဒီအခါ သီဟိုဠ်မင်းသမီး အနုဠာဒေဝီနဲ့ အမျိုးကောင်းသမီးတစ်ထောင်ဟာ ရဟန်းပြုခဲ့ကြတယ်။[၁] ဒါကြောင့် သီဟိုဠ်ကျွန်းမှာ ဘိက္ခုနီသာသနာ ထွန်းကားတယ်ဆိုတာ မှတ်တမ်းတွေအရ သိရပါတယ်။ ဒါက ဘိက္ခုနီသာသနာ ပွင့်ထွန်းခဲ့တဲ့ သာဓကတစ်ခုပါ။

---

၁။ တတိယသင်္ဂီတိကထာ၊ ဗာဟိရ နိဒါနကထာ၊ ပါရာဇိက ကဏ္ဍအဋ္ဌကထာ။ (နှာ-၇၄)

ဆေးဝါးကျွမ်းကျင် ။ ။ မြန်မာနိုင်ငံမှာရော ဘိက္ခုနီ သာသနာ မရောက်ခဲ့ဘူး လားဘုရား။

ဦးဇင်း ။ ။ မြန်မာနိုင်ငံမှာလည်းပဲ သုဝဏ္ဏဘူမိတိုင်း၊ သထုံပြည်ကို အရှင်သောဏနဲ့ အရှင်ဥတ္တရတို့ သာသနာ ပြုကြွတဲ့အခါမှာ အမျိုးသမီး (၁၅၀၀) ရဟန်းပြုကြ တယ်လို့ ပြပါတယ်။[၁] အဲသလို ပွင့်ထွန်းလာခဲ့တဲ့ ဘိက္ခုနီသာသနာဟာ သီဟိုဠ်ကျွန်းမှာတော့ အသက် အရှည်ဆုံးဖြစ်တယ် ဆိုတာကတော့ သေချာတယ်။ သာသနာနှစ် (၄၀၀) ကျော် သီဟိုဠ်ကျွန်းမှာ ပြာဟ္မဏ တိဿသူပုန်ဘေးကြီး ဆိုက်ရောက်တဲ့အခါမှာ ဘိက္ခုနီ များရှိသေးကြောင်း နာဂထေရ်နှင့် အခြားဘိက္ခုနီမများ အကြောင်း အဋ္ဌကထာတွေမှာ တွေ့ရတယ်။ ဒါပေမယ့် အဲဒီအချိန်မှာတော့ ဘိက္ခုနီသာသနာဟာ အလွန် အားနည်းနေကြောင်း တွေ့ရတယ်၊ နောက်ပိုင်း(BC-94) သာသနာသက္ကရာဇ် (၄၅၀) ဝဋ္ဋဂါမဏိမင်းကြီး လက်ထက် စတုတ္ထ သင်္ဂါယနာတင်ပြီး နှစ်ပေါင်း မကြာခင်မှာပဲ ဘိက္ခုနီသာသနာ ကုန်ဆုံးပြတ်တောက် သွားတယ်လို့ပဲ ပညာရှင်အများက ခန့်မှန်းကြပါတယ်။

---

၁။ တတိယသင်္ဂါတိကထာ၊ ဗာဟိရ နိဒါနကထာ၊ ပါရာဇိက ကဏ္ဍအဋ္ဌကထာ။

ဒေါက်တာအောင်သူ ။ ။ ဒါဆိုလို့ရှိရင် မြတ်စွာဘုရား ဥပမာပေးတော်မူတဲ့အတိုင်း သာသနာငါးရာလောက်မှာပဲ ဘိက္ခုနီသာသနာ ကုန်ဆုံးပြတ်တောက်သွားတယ်လို့ ပြောရင် ရတာပေါ့ဘုရား။

ဦးဇင်း ။ ။ မြတ်စွာဘုရားရဲ့ ဥပမာတွေနှင့် ညီနေတဲ့အတွက်ကြောင့် ပြောချင်ရင် ပြောခွင့်ရှိပါတယ်။

ဆေးဝါးကျွမ်းကျင် ။ ။ ဒါဆိုရင် ဘိက္ခုနီနဲ့ သီလရှင် ဘယ်လိုများ ကွာခြားပါသလဲဘုရား။

ဦးဇင်း ။ ။ ဘိက္ခုနီဖြစ်ဖို့ ရဟန်းခံရတယ်။

ဒေါက်တာအောင်သူ ။ ။ ဘိက္ခုနီထံပါး ရဟန်းခံရတာလားဘုရား။

ဦးဇင်း ။ ။ မဟုတ်ဘူး၊ ရှေးဦးပြုဖွယ်တွေ ရှိသေးတယ်။ ပြီးမှ ဘိက္ခုနီရဟန်းမထံမှ ရဟန်းခံရတယ်။ ထပ်ပြီးတော့ ဘိက္ခုရဟန်းများထံသွားပြီး ရဟန်းခံရသေးတယ်။[၁] အဲဒီလို ဘိက္ခုနီသံဃာ၊ ဘိက္ခုသံဃာများ

---

၁။ ၅၀၅၊ ပုရာဏစီဝရ သိက္ခာပဒဝဏ္ဏနာ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိက အဋ္ဌကထာ–ဒု (နှာ–၂၄၁)

ထံပါး ဥတ်ကမ္ဗဝါလေးကြိမ်စီ ဖတ်ပြီးတော့မှ အဋ္ဌဝါစိကူပသမ္ပဒါအဖြစ် နှစ်ကြိမ်ရဟန်းခံမှ ရဟန်း ဖြစ်တယ်။ ဘိက္ခုနီ(၁၀)ပါး (၅)ပါးရှိမှ ရဟန်းခံပေးနိုင် တယ်။ သီလရှင်ကတော့ ရှစ်ပါးသီလစောင့်ထိန်းတာနဲ့ ပြည့်စုံပါတယ်။ ဒါကြောင့် အများကြီးအများကြီးကွာ ခြားပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဘိက္ခုနီသာသနာ အဆက် ပြတ်တယ် ဆိုတာက ဘာလဲဘုရား။

ဦးဇင်း ။ ။ ဒီခေတ်မှာ ရဟန်းခံပေ မယ့် ရှေးဦး ဘိက္ခုနီ ဆယ်ပါး၊ ငါးပါးမရှိတဲ့အတွက်ကြောင့် အဆက် ပြတ်တယ်လို့ခေါ်ပါတယ်။ သို့သော်လည်းပဲ နှောင်း ခေတ် ဆရာတော်ဘုရားကြီးများအနေနဲ့ သီလရှင်များ လည်းပဲ ဘိက္ခုနီများကဲ့သို့ပင် ကိုယ့်ကိုယ်ကို ရှစ်ပါး သီလသိက္ခာကို စောင့်ထိန်းပြီးတော့မှ သာသနာ့စိတ် ဓာတ် မြင့်မြင့်မားမားနဲ့ သာသနာမှာ ဂန္ထဓုရ၊ ဝိပဿနာ ဓုရ တာဝန်များကိုထမ်းကာ နေကြဖို့ ဩဝါဒပြုပေး တော်မူတာရှိတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါ့ဘုရား။

ဦးဇင်း ။ ။ ခုမှ သတိရလာလို့ သီလရှင်ဆရာလေးတွေ

နှင့် စပ်လျဉ်းတဲ့ထင်ရှားတဲ့ သာဓကတစ်ခု ပြောပြ အုံးမယ်နော်။

ဆေးဝါးကျွမ်းကျင် ။ ။ သာဓကကို အထူး မှတ်သား နာယူလိုပါ တယ်ဘုရား။

ဦးဇင်း ။ ။ ရက်ကန်းကျွမ်းကျင် တဲ့ အမျိုးသမီးတစ် ယောက်က ကျေးဇူးတော်ရှင် မန်လည်ဆရာတော် ဘုရားကြီးထံပါး သီလရှင်စာသင်တိုက်မှာ သီလရှင် ဝတ်ခဲ့ပါတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ အဲဒီသီလရှင်က အားလပ် တဲ့အခါမှာ ရဟန်းတော် များအတွက် ခါးပန်းကြိုးတွေ ရက်လုပ်ပြီးတော့မှ ကုသိုလ်ပြုလိုတဲ့အကြောင်း ဆရာတော်ကြီးထံ တောင်းပန် လျှောက်ထားတဲ့အခါမှာ ဆရာတော်ဘုရားကြီးက လည်း ကိုယ်တတ်တဲ့ပညာနဲ့ လှူဒါန်းတာ ကောင်းပါ တယ်လို့ ခွင့်ပြုတော်မူခဲ့တယ်။

ဒေါက်တာအောင်သူ ။ ။ ကိုယ်တတ်တဲ့ပညာနဲ့ သာသနာအကျိုးကို ဆောင်ရွက်နိုင်တာ သိပ်ကိုသင့်တော်တာပေါ့ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဒါနဲ့ အဲဒီ သီလရှင်ကို အတုယူ အားကျပြီးတော့ အခြားသီလရှင်တွေလည်း ခါးပန်းကြိုးတွေ ရက်လိုက်ကြတာ မန်လည်ခါးပန်းကြိုး၊ မန်လည်ခါးပန်းကြိုးနှင့် နာမည်ဂုဏ်ကြီးလာလိုက်တာများ ကြီးလည်းကြီးလောက်ပါပေတယ်။ အဲဒီခါးပန်းကြိုးက ခိုင်လည်းခိုင်ခံ့တာ၊ သပ်လည်းသပ်ရပ် ကောင်းလည်း ကောင်းတာကိုး။ ဒါကြောင့် ရဟန်းတော်တွေလည်း နှစ်သက်တော်မူတဲ့အတွက်ကြောင့် ဒကာတွေကလည်း မန်လည်ခါးပန်းကြိုးကို ငွေကြေးတွေနဲ့ သီလရှင်တွေဆီကနေ ဝယ်ပြီးတော့မှ သံဃာတော်များကို လှူဒါန်းလာကြသတဲ့။ သီလရှင်တွေကလည်း ရပ်ကွက်အတွင်းမှာရှိတဲ့ ရက်ကန်းရုံတွေဆီသွားပြီး ခါးပန်းကြိုးသာမက တခြားအထည်တွေကိုပါ ရက်လုပ်လာကြတာကို မန်လည်ဆရာတော်ဘုရားကြီး သိရှိတော်မူတဲ့အတွက် ရက်ကန်းရက်တဲ့ သီလရှင်တွေကို ခေါ်ပြီးတော့မှ ဆုံးမသြဝါဒစကားမိန့်တော်မူပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဘယ်လိုများ မိန့်တော်မူခဲ့ပါသလဲဘုရား။ မှတ်သားပါရစေဘုရား။

ဦးဇင်း ။ ။ ''နင်တို့သီလရှင်တွေဆိုတာ သီတင်းသုံးဖော်

(၅)ဦးထဲမှာမပါဘူး။ (သီတင်းသုံးဖော် (၅)ဦး= ၁။ ဘိက္ခု၊ ၂။ဘိက္ခုနီ၊ ၃။ဘိက္ခမာန၊ ၄။သာမဏေရ၊ ၅။သာမဏေရီ) နင်တို့လုပ်ချင်တာလုပ်ကောင်းတာပါ။ အရောင်းအဝယ်လုပ်လည်းကောင်းတယ်၊ ရက်ကန်း ရက်လည်းကောင်းတယ်၊ ဒီ့ထက်မက လင်နောက် လိုက်သွားလည်းကောင်းတယ်၊ နင်တို့လုပ်တာကို ဘာတစ်ခုမှ မကောင်းဘူးလို့ဖြေစရာမရှိဘူး။ ဒါပေမယ့် နင်တို့ဟာ သီတင်းသုံးဖော်အစစ်မဟုတ်သော်လည်း အစစ်ကဲ့သို့ သီတင်းသုံးဖော်တွေလို အတုယူနိုင်သမျှ ယူပြီး လင်ယူသားမွေးလူမှုရေးကိစ္စတွေကို ပစ်ပယ်ပြီး နေကြတယ် မဟုတ်လား။ လူမှုရေးရာတွေကို ပစ်ပယ် ထားတဲ့ဘဝကနေ လူမှုရေးရာတွေကို လုပ်ချင် ကိုင်ချင်သေးရင် လူပဲပြန်ဖြစ်မှာပေါ့။ အိမ်ရာ ထူထောင်တဲ့ လူတွေလို ဖြစ်ချင်ရင်တော့ လူအလုပ်ကို လုပ်ကြ'' လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်လှပါဘုရား၊ မှတ်သားစရာ ကောင်းလှပါ

တယ်ဘုရား။ မိန်းကလေးတစ်ဦးရဲ့ အလှအပဖြစ်တဲ့ ရိတ်နိုင်ခဲတဲ့၊ ပယ်နိုင်ခဲတဲ့ ခေါင်းကဆံပင်ကိုတောင် ရိတ်ပယ်ခဲ့ပြီးပြီ။ ပစ္စည်းဥစ္စာ ရတနာရွှေငွေတွေကို လည်း စွန့်လွှတ်ခဲ့ပြီးတာတောင်မှ လူ့အလုပ် လုပ်ချင် တဲ့ စိတ်ဓာတ်ကလည်း ခက်တော့ခက်သားပဲ ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ သီလရှင်များအနေနဲ့ လူတို့ စောင့်ထိန်းနိုင်ခဲ့တဲ့ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတို့တွေကို စောင့်ထိန်းပြီးတော့မှ စာပေကျမ်းဂန်တွေ သင်အံလို့၊ စာပေကျမ်းဂန်တွေပို့ချလို့၊ သမထ–ဝိပဿနာဘာဝနာတွေ ပွားများအားထုတ်လို့ မိန်းမပင် ဖြစ်သော်ငြားလည်း မြတ်စွာဘုရားရှင်သာသနာကို ချီးမြှောက်နိုင်တဲ့မိန်းမဘဝဟာ တန်ဖိုးရှိလှပါတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ ဘဝပေါင်းများစွာမှာ လင်ယူသားမွေး ကိစ္စတွေနဲ့ပဲ ကျင်လည်ကျက်စားရာမှ အခုလို သာသနာနဲ့တွေ့ခိုက် ကာလတိုကလေးမှာ မဂ်ဖိုလ်ရရေးကို အသက်ပေးပြီး အားထုတ်တာ သာသနာ့အန္တယ်ဝင် သီလရှင်ဖြစ်ခွင့်ရတဲ့ဘဝဟာ တကယ့်ကို အနှစ်သာရရှိလှပါတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်လှပါဘုရား။ ဒါဆိုလို့ရှိရင် သမီးမိန်းကလေးတွေကို မွေးဖွားတဲ့ မိဘများအနေနဲ့ အခုလို သီလရှင်ဝတ်ခွင့်ပြုတာဟာ ကျေးဇူးများလှတာပေါ့နော်။

---

၁။ ဦးအောင်မွန် (မြတ်စုမွန်)ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများမှ တည်တော ဆရာတော်ဘုရား၏ မန်လည်စကားပုံများ (နှာ–၁၄၇)

ဦးဇင်း ။ ။ မှန်ပါတယ်။ သာသနာ့နွယ်ဝင်အဖြစ်ကို ပို့ဆောင်ပေးကြတဲ့ မိဘတွေမှာလည်းပဲ သာသနာနုဂ္ဂဟထွန်းလောက်တဲ့ ကုသိုလ်ကိုရရှိကြပြီးတော့ ကျေးဇူးများလှပါတယ်။[၁]

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ ဘိက္ခုနီဝတ်ခွင့်မရပါသော်လည်း ခုခေတ်သီလရှင် ဖြစ်ခွင့်ရှိလေသေးတော့ ဝမ်းသာစရာပါပဲဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ အမျိုးကောင်းသမီးများ သီလရှင်ဘဝနှင့် ဘဝလွတ်မြောက်ရေးကို ဆောင်ရွက်ဖို့ပါပဲ။ ဘိက္ခုနီအဖြစ်ကိုတော့ ထေရဝါဒသာသနာတော်မှာမရနိုင်ပါဘူး။[၁]

ဆေးဝါးကျွမ်းကျင် ။ ။ မှတ်သားပါ့မယ်ဘုရား။ အခွင့်အခါ သင့်ရင် သီလရှင်ဝတ်နှင့် သာသနာ့ဝန်ကိုထမ်းဖို့လည်း ဆုံးဖြတ်ထားပါတယ်ဘုရား။

---

၁။ သာသနာရေးဦးစီးဌာန၏ ဘိက္ခုနီဝိနိစ္ဆယ (နှာ-၈၀)

## ၂၆။ မြတ်စွာဘုရား အမေ့နို့ဖိုး မကျေဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။

ဒေါက်တာအောင်သူ ။ ။ ဘိက္ခုနီ သာသနာကို လျှောက်ထား တောင်းပန်တော်မူခဲ့တဲ့ မိထွေးတော်ဂေါတမီဟာ မြတ်စွာဘုရားရဲ့ နို့ထိန်းမယ်တော်ဆိုတာကို တပည့်တော် မှတ်သားခဲ့ဖူးတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဓမ္မကထိက ဆရာတော်တစ်ပါးက မိထွေးတော်ကြီးဟာ မြတ်စွာဘုရား အလောင်းတော်ငယ်စဉ်က နို့ချိုတိုက်ကျွေးခဲ့ပါတယ်။ ဘုရားက အမေ့နို့ဖိုး မကျေဘူးလို့ဟောတာကို နာကြားခဲ့ရလို့ မြတ်စွာဘုရားရှင်က ဒီလောက်ကြီးမားတဲ့လုပ်ရပ်ကို လုပ်တာတောင်မှ အမေ့ရဲ့နို့ဖိုး မကျေဘူးဆိုတော့ တပည့်တော်တို့ဆို ဘယ့်နှယ့်လုပ်ပြီး မိဘကျေးဇူးကို ဆပ်ရပါ့မလဲလို့ တွေးမိပြီး စိတ်မကောင်း ဖြစ်မိတယ်ဘုရား။

ဦးဇင်း ။ ။ စာထဲမှာက အဲဒီလို မပြဘူး ဒကာကြီး။

ဒေါက်တာအောင်သူ ။ ။ တပည့်တော် စာထဲ ကတော့ မသိဘူး

ဘုရား။ ဓမ္မကထိကဆရာတော်တစ်ပါးရဲ့ ဟောကြား တဲ့တရားကို လျှောက်ထားခြင်းပါဘုရား။ စာထဲမှာက ဘယ်လိုများ ပြပါသလဲဘုရား။

ဦးဇင်း ။ ။ ထေရီအပဒါန် ပါဠိ တော် မြန်မာပြန်မှာ

တော့ မိထွေးတော် ပဇာပတီ ဂေါတမီ ပရိနိဗ္ဗာန်စံခါနီး အချိန်မှာ မြတ်စွာဘုရားထံတော်ပါးကို သွားရောက်ပြီး ရှိခိုးဦးချ ကန်တော့ပြီးတော့မှ လျှောက်ထားခဲ့တဲ့ စကား က တစ်မျိုး၊ အရပ်ထဲမှာသိနေတာက တစ်မျိုးဖြစ်နေပြီ နဲ့တူတယ်။

ဦးဇင်း MA ။ ။ ဘုရားတပည့်တော် လည်း မြတ်စွာဘုရား

ဟောတော်မူခဲ့တဲ့ ပါဠိတော်စကားကိုပဲ မှတ်သား လိုပါတယ်ဘုရား။

ဒေါက်တာအောင်သူ ။ ။ တပည့်တော်လည်း ဘုရားဟော ကျမ်း

စာအတိုင်းပဲ မှတ်သားချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ဘုရားဟော ကျမ်း စာပါဠိတော် မြန်မာ

ပြန်ကို ပြောပြမယ်နော်။ ''ဘိက္ခုနီရှင်မ ဂေါတမီက အကျွန်ုပ်သည် အရှင်ဘုရားကို တမဟုတ်ချင်း တပ်ခြင်း ကို ငြိမ်းစေနိုင်သော နို့ရည်ကို တိုက်ကျွေးခဲ့ပါ၏။ အရှင်ဘုရားသည်ကား အကျွန်ုပ်ကို စင်စစ်ငြိမ်း အေးသော တရားတည်းဟူသော နို့ရည်ကို တိုက်ကျွေး တော်မူပါ၏။ မြတ်စွာဘုရားသည် ကျွန်ုပ်အား ကိလေသာ အနှောင်အဖွဲ့မှ စောင့်ရှောက်ခြင်းကြောင့် နို့ဖိုး အကြွေးမရှိတော့ပါဘုရား'' တဲ့ ဒီစာက မူရင်းပါပဲ။[၁]

ဒေါက်တာအောင်သူ ။ ။ တပည့်တော်တို့ မှတ်သားထားတာ လွဲနေပြီနဲ့တူတယ်ဘုရား။

ဦးဇင်း ။ ။ တူတာမဟုတ်ဘူး တကယ့်ကို လွဲတာ ပါ။ အဲဒီလိုလွဲတာတွေ တော်တော်များများရှိတယ်။ သင်္ဂါယနာ အဆင့်ဆင့်တင်ခဲ့တဲ့ ကျမ်းတွေမှာ မပါခဲ့တဲ့ အကြောင်းအရာ တချို့ဟာ အရပ်ထဲမှာ ဘုရားဟော လိုလို ပြောနေကြတယ်။

ဒေါက်တာအောင်သူ ။ ။ ဘာတွေပါလဲဘုရား။

ဦးဇင်း ။ ။ မြတ်စွာဘုရား ဒုက္ခစရိယာ ကျင့်စဉ်က

၁။ ၁၃၂-၁၃၃၊ မဟာပဇာပတိဂေါတမီထေရီ အပဒါန၊ ထေရီပဒါနပါဠိ။ (နှာ-၂၀၀)

သိကြားမင်း စောင်းတီးပြီးတော့မှ သတိပေးတယ်ဆိုတဲ့စကားမျိုး အဲဒီစာထဲမှာမပါဘူး။ ဝိသာခါကို မြတ်စွာဘုရားက ငါ့ကိုဘယ်ခါမေ့သလဲဆိုတဲ့စကားမျိုး၊ ဒါဟာ အဓိပ္ပါယ်က တစ်မျိုးလိုလို ဖြစ်နေတယ်။ ဒါမကောင်းတဲ့သဘောမျိုး သက်ရောက်တယ်။ ဒီလိုမျိုးဟာက စာထဲမှာမရှိပါဘူး။ အရှင်မဟာမောဂ္ဂလန်ကို ငရဲမီးလိုက်လို့ မြတ်စွာဘုရားဆီကို ပြေးလာတယ်ဆိုတဲ့စကားမျိုး၊ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ဝါသနာကြောင့် မြောင်းခုန်တယ်ဆိုတဲ့ စကားမျိုး၊ ဒါတွေ စာထဲမှာမပါဘူး။ နောက်တစ်ခုက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးမှာ သိကြားမင်းကို သာသနာတော် အပ်နှံတယ်ဆိုတာတွေလည်းပဲ အပြောများသော်လည်းပဲ ဒီစကားတွေက ဇာတ်စကားတွေကနေပဲ ပြန့်ပွားလာသလား။ ရုပ်ရှင်၊ ဗွီဒီယို၊ သီချင်း လောကကပဲ ပြန့်လာသလား၊ သဘင်သည်လောကကပဲ ပြန့်လာသလား၊ ပါဠိ အဋ္ဌကထာ ဋီကာလို ခိုင်ခံ့တဲ့ ကျမ်းစာတွေမှာ ပါတဲ့စကားတွေတော့ မဟုတ်ပါဘူး။

ဦးဇင်း MA ။ ။ အများကြာ၊ အမှန်ဖြစ် ဆိုသလိုမျိုးပေါ့ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ အများကြာ အမှန်ဖြစ်တဲ့

သဘောမျိုးလို့ ယူဆရမယ်။ ဒါကြောင့် ဒါတွေဟာက မြတ်စွာဘုရား ဟောတော်မူထားတဲ့ ကျမ်းများကို သေချာလေ့လာဆန်းစစ်ပြီးတော့မှ၊ ကြည့်ရှုပြီးတော့မှ စာပေတတ်ကျွမ်းတော်မူကြတဲ့ ဆရာတော် သံဃာတော်များထံပါးကို နည်းနာခံပြီး မေးမြန်းပြီးတော့မှ မှန်ကန်တဲ့ အယူအဆတွေကို ယူမိဖို့လိုတယ်။ ပရိသတ်များပြားတဲ့ စာရေးဆရာများ၊ ပရိသတ်များပြားတဲ့ အနုပညာရှင်များကလည်း ခုလိုမှားယွင်းတဲ့ အယူအဆတွေ ပရိသတ်တွေကိုပေးမိရင် အလွန်မသင့်တော်လှပါဘူး။ ဒါကြောင့် ဘာသာတရားနဲ့ ပတ်သက်တဲ့ အပိုင်းတွေကို ရေးမယ်၊ ရုပ်ရှင်တွေရိုက်မယ်၊ ဗွီဒီယိုတွေရိုက်မယ်၊ သီချင်းတွေ စပ်ဆိုမယ်ဆိုရင် ကိုယ်မကျွမ်းကျင်တဲ့ ကိစ္စရပ်ဖြစ်တဲ့အတွက် အမှားအယွင်းကင်းအောင် ဂရုတစိုက် စူးစမ်းလေ့လာပြီးတော့မှ ဆောင်ရွက်ကြရင် ပိုပြီးတော့မှကောင်းပါတယ်။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။

ဦးဇင်း MA ။ ။ ကိုယ်မကျွမ်းကျင်တဲ့ ဘာသာရပ်ကိုတော့ မပါဝင်တာကောင်းတာပေါ့ ဘုရား။

ဒေါက်တာအောင်သူ ။ ။ မှန်ပါဘုရား။ ကျွမ်းကျင်အောင် လေ့လာ

စူးစမ်း စုံစမ်း မေးမြန်းပြီးတော့မှပဲ ဆောင်ရွက်တာက ပိုကောင်းတာပေါ့။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ဒါကြောင့် အမှားကြာ အမှန် ဖြစ်သလို အမှားကြာလွန်းရင်တော့ အမှန်ပျောက်သွားတာ အများကြီး ရှိတယ်နော်။

## ၂၇။ ဘုန်းကြီးကျောင်း ဝေယျာဝစ္စလုပ်ရင် ဘယ်လိုကုသိုလ် ရနိုင်သလဲ?

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ကျောင်းသားဘဝ

တုန်းက အထက်တန်းကျောင်းက ဆရာကြီး တစ်ယောက်က ကျောင်းအားရက်တွေမှာ တောရကျောင်းတွေသွားပြီး လုပ်အားပေးဖို့ တပည့်တော်တို့ကိုခေါ်လို့ မကြာမကြာ တပည့်တော်တို့ တောရကျောင်းကိုသွားပြီး ထမင်းတွေ စုစားကြတယ်ဘုရား။

ဦးဇင်း ။ ။ လုပ်အားပေးတာ မဟုတ်ဘူးလား။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။အလုပ် ကတော့ နည်းနည်း

ပါးပါး ဆော့ကစားရင်း ပြောင်ရင်းနောက်ရင်း လုပ်တာပေါ့ဘုရား။ ပြီးရင်ကျောင်းကကျွေးတဲ့ ထမင်းတွေစား၊ ပြီးရင် ဇရပ်တွေမှာအိပ်၊ ညနေကျတော့ ပြန်ကြတယ် ဘုရား။ အဲဒါ ကုသိုလ်ရပါသလား ဘုရား။

ဦးဇင်း ။ ။ ဆရာကြီးက ဘာတွေ လုပ်ခိုင်းသလဲ။

ကွန်ပျူတာကျောင်းသား ။ ။ ဆရာကြီးကတော့ သံဃာတော်များရဲ့ သင်္ကန်းတွေ လျှော်စေပါတယ်။ ပန်းကန်ခွက်ယောက်တွေ ဆေးခိုင်းတယ်။ ကုဋီတွေ သန့်ရှင်းတာတွေ၊ မြက်တွေ ပေါက်တာတွေ၊ သစ်ပင်ခြုံနွယ်တွေ ရှင်းတာတွေ၊ သစ်ကိုင်းခြောက်တွေကို ထင်းစင်းတာတွေ၊ လမ်းမှာ ချိုင့်တွေ၊ ခွက်တွေ ဖြစ်တာကို မြေဖို့တာတွေ အကုန်လုပ်ဖို့ ညွှန်ကြားပါတယ်ဘုရား။ တပည့်တော်တို့ကတော့ ဟေးလား ဝါးလားနဲ့ပဲ ဟိုဟာလေးနဲနဲလုပ်၊ ဒီဟာလေးနဲနဲလုပ် နောက်ကြ ပြောင်ကြနဲ့ပဲ လုပ်ကြပါတယ်ဘုရား။

ဦးဇင်း ။ ။ ဆရာကြီးနဲ့က ကျောင်းသားတွေ ချည်းပဲလား။

ကွန်ပျူတာကျောင်းသား ။ ။ မဟုတ်ဘူးဘုရား။ ကျောင်းသူတွေ လည်းပါတယ်ဘုရား။ အဲ့ဒါကြောင့် တပည့်တော်တို့က စလိုက် ပြောင်လိုက်နဲ့ပဲ အချိန်ကကုန်သွားတာဘုရား။ ဘုန်းကြီးကျွေးတာ စားပြီးပြန်ကြတယ်ဘုရား။ တပည့်တော်တို့ ကုသိုလ်ရပါသလားဘုရား။ အပြစ်များဖြစ်နေရော့သလားပဲ ဘုရား။

ဦးဇင်း ။ ။ အပြစ်ဖြစ်တယ်ရယ်
လို့တော့ မဟုတ်ပါ

ဘူး။ ကျောင်းရဲ့ ဝေယျာဝစ္စတွေလုပ်တာ၊ သင်္ကန်းတွေ လျှော်တာ၊ ကုဋီတွေဆေးတာ လမ်းတွေပြင်တာ၊ ခြုံနွယ်ပိတ်ပေါင်းတွေ သန့်ရှင်းတာ၊ ပန်ကန်ခွက်ယောက် သပိတ်တွေဆေးတာ ကောင်းပါတယ်။ ဒါဝေယျာဝစ္စ ကုသိုလ်ခေါ်ပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော်
ဒါဆို ဝေယျာဝစ္စ

ကုသိုလ် ရသင့်သလောက်တော့ ရတာပေါ့ဘုရား။

ဦးဇင်း ။ ။ ရသင့်သလောက်
တော့ရပါတယ်။

ဆရာကြီးအနေနဲ့ စိတ်ကောင်း နှလုံးကောင်းနဲ့ ဦးဆောင်ပေးတဲ့ သူတော်ကောင်းပုဂ္ဂိုလ်ရဲ့ အမှီခိုကို ရတဲ့အတွက် ဒီကုသိုလ်မျိုးကို လုပ်ဖြစ်တာလေ။ လေးလေးစားစား ဂရုတစိုက်နှင့် စိတ်စေတနာ ထက်ထက်သန်သန် လုပ်ရင်တော့ ဝေယျာဝစ္စ ကုသိုလ် ရတာပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ ကုသိုလ်က အဲဒီ
ဝေယျာဝစ္စ ကုသိုလ်
ပဲလားဘုရား။

ဦးဇင်း ။ ။ ဗုဒ္ဓဘာသာဝင်တွေ အဖို့ ဝေယျာဝစ္စ ကုသိုလ်တွေတင် မကပါဘူး။ (၁)ဒါနကုသိုလ်၊ (၂)သီလကုသိုလ်၊ (၃)ဘာဝနာကုသိုလ်၊ (၄)အပစာယနကုသိုလ်၊ (၅)ဝေယျာဝစ္စကုသိုလ်၊ (၆)ပတ္တိဒါနကုသိုလ်၊ (၇) ပတ္တာနုမောဒနကုသိုလ်၊ (၈)ဓမ္မသဝနကုသိုလ်၊ (၉) ဓမ္မဒေသနာ ကုသိုလ်၊ (၁၀)ဒိဋ္ဌိဇုကမ္မကုသိုလ်တဲ့ ပုညကြိယာဝတ္ထုတွေ (၁၀)ပါးတောင် ရှိပါတယ်။[၁]

ကွန်ပျူတာကျောင်းသား ။ ။ အပစာယနကုသိုလ် ဆိုတာ ဘယ်လို ကုသိုလ်ပါလဲဘုရား။

ဦးဇင်း ။ ။ ရိုသေထိုက်တဲ့မိဘ၊ ဆရာသမားနှင့် သက်ကြီးရွယ်အို၊ ပုဂ္ဂိုလ်များကို ရိုသေမှုပြုတာကို အပစာယနလို့ ခေါ်ပါတယ်။ အဲဒါလည်း ကုသိုလ်ပါပဲ။ ကျောင်းရဲ့ ဝေယျာဝစ္စတွေ ဆောင်ရွက်တာကတော့ ဝေယျာဝစ္စ ကုသိုလ်ပါပဲ။ အဲဒီကုသိုလ်က ခုန မောင်ကျောင်းသားတို့ ဘုန်းကြီးကျောင်းကိုသွားပြီး လုပ်ကြတဲ့ ကုသိုလ်တွေပါပဲ။ အခုလည်းပဲ ဒီကျောင်း

---

၁။ ဣတိဝုတကပါဠိ။ (နှာ-၂၃၀၊ နှာ-၁၉၃)

မှာလည်းပဲ အခါအားလျော်စွာ မြက်တွေရှင်းတာ လမ်းတွေပြင်တာ ဒါလည်းပဲကုသိုလ်ရတာပါပဲ။ ဒါလည်း ဝေယျာဝစ္စ ကုသိုလ်တွေပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆို တပည့်တော် ရဲ့ ညီလေး ဦးဇင်း ရဲ့ သင်္ကန်းတွေ တခါတလေ လျှော်ပေးတာ၊ နေပူတဲ့ အခါမှာ သင်္ကန်းတွေ ရုတ်ပေးတာ၊ တံမြက်စည်းတွေ လှည်းပေးတာ ကုသိုလ်လားဘုရား။

ဦးဇင်း ။ ။ အဲဒါတွေအားလုံး ဝေယျာဝစ္စ ကုသိုလ် တွေပဲပေါ့။ အခုလို သူတော်ကောင်း ဆရာသမား တစ်ဦးရဲ့ ဦးဆောင်မှုကိုခံယူပြီးတော့မှ ကျောင်းတွေ ကို ဝင်ထွက်သွားလာတတ်တာကကို ကုသိုလ်ကြီးလှ ပါပြီ။ ရဟန်းသံဃာတော်ကို ဖူးတွေ့ရတာလည်း ကုသိုလ်တွေပါပဲ။ တရားဓမ္မများကို နာကြားရတာ ကလည်း ကုသိုလ်တွေပါပဲ။ မရှင်းမလင်းတာတွေကို အခုလို မေးမြန်းတာလည်း ကုသိုလ်တွေ ဖြစ်တာပါပဲ။ ဒါကြောင့် ဘုန်းကြီးကျောင်းရဲ့ ဝေယျာဝစ္စလုပ်တာဟာ မလုပ်ပဲနေရင် အပြစ်တော့ မဖြစ်ပါဘူး။ ဒါပေသိ လုပ်လို့ရှိရင် ကုသိုလ်အလွန်ရပါတယ်။ ကိုယ်ကိုယ်တိုင် လည်း ဦးစီးဦးဆောင်ပြီးတော့မှ လုပ်ကောင်းတယ်၊

လုပ်လည်းလုပ်သင့်ပါတယ်။ ငယ်ရွယ်သူများကိုလည်း ကျောင်းကိုခေါ်ပြီးတော့မှ အဲဒီလို ဝေယျာဝစ္စတွေ လုပ်ကြရအောင်လို့ ခေါ်သွားလို့ရှိရင် ကလေးလူငယ်များအနေနဲ့လည်း ကျောင်းနဲ့ အနေနီးသွားတာပေါ့။ ရဟန်းသံဃာများကိုလည်းပဲ ဆက်ဆံတတ်သွားတာပေါ့။ ကျောင်းကိုလည်း မစိမ်းတော့ဘူးပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား၊ ဘုရားတပည့်တော်များ

နောက်နောင် ဒါလို လိုက်နာနိုင်အောင်နှင့် ဝေယျာဝစ္စကုသိုလ်တွေကို လုပ်ဖြစ်အောင် အထူးကြောင့်ကြစိုက်ပြီး ကြိုးစားပါ့မယ်ဘုရား။

## ၂၈။ ဥပုသ်သယ် မြေတူးရင်၊ သစ်ပင် ခုတ်ရင် အပြစ်ဖြစ်တယ်ဆိုတာ ဟုတ်ပါသလား။

ကွန်ပျူတာကျောင်းသား ။ ။ဘုရားတပည့်တော် ဒီကနေ့ တပေါင်းလပြည့်ကျော် ရှစ်ရက်နေ့က ဥပုသ်နေ့ဖြစ်လို့ ဥပုသ်သီလ ခံယူဆောက်တည် ထားပါတယ်ဘုရား။

ဦးဇင်း ။ ။ဥပုသ်သီလခံယူဆောက်တည်တယ် ဆိုတာ ကောင်းတာပေါ့ မောင်ကျောင်းသား။

ကွန်ပျူတာကျောင်းသား ။ ။ အိမ်မှာပဲ သီလဆောက်တည်ပြီး တော့မှ အခုဆွမ်းချိုင့်လာကပ်တာပါဘုရား။

ဦးဇင်း ။ ။ သီလက အိမ်မှာလဲ ဆောက်တည်ကောင်းတာပါပဲ။

ကွန်ပျူတာကျောင်းသား ။ ။တပည့်တော်ရဲ့အဘွား သီလရှင်ဆီမှာ သီလဆောက်တည်တာဘုရား။

ဦးဇင်း ။ ။ အေး. . ဟုတ်ပြီ. . ။ ဟန်ကျတာပေါ့။ ဒီကနေ့ တရားဘာဝနာနဲ့နေပေါ့။ ဒါနဲ့ ဥပုသ်နေ့အတွက် မောင်ကျောင်းသားရဲ့ အစီစဉ်ကကော ဘယ်လိုရှိသလဲ။?

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်ရဲ့ အစီစဉ်က ဒီကနေ့ မနက်အစောက ထမင်းတစ်ခါ စားပြီးပြီဘုရား။ အခုခဏနေ တစ်ခေါက် စားဦးမယ်ဘုရား။

ဦးဇင်း ။ ။ ပြီးရင်ကော. . . ။

ကွန်ပျူတာကျောင်းသား ။ ။ ပြီးရင်တော့ အိပ်မယ်ဘုရား။

ဦးဇင်း ။ ။ ပြီးရင်ကော. . . ။

ကွန်ပျူတာကျောင်းသား ။ ။ ခုကတည်းက အိပ်ရင် (၁၂)နာရီကျော်သွားမှာစိုးလို့ စားပြီးမှအိပ်မယ်ဘုရား။

ကွန်ပျူတာကျောင်းသား လျှောက်ထားနေစဉ်မှာပင် သူ၏ညီ ဦးဇင်း MA ရောက်ရှိလာပါသည်။ သင်္ကန်းလက်ကန်တော့ထိုး၍ အနားတွင် ထိုင်လျှက်ရှိပါသည်။

ဦးဇင်း MA ။ ။မင်း‌. . စားပြီးအိပ်မဲ့အစား ကျောင်းဝေယျာဝစ္စတစ်ခုခု လုပ်ပေ့ါကွ။ ကုသိုလ်ရတာပေ့ါ။

ကွန်ပျူတာကျောင်းသား ။ ။ဟာ. . . တပည့်တော်ဗိုက်တင်းနေရင်တော့ ဘယ်လုပ်နိုင်မလဲဘုရား။ ဗိုက်နဲနဲတော့ လျှော့ဖို့အိပ်မှ ဖြစ်မယ်ဘုရား။

ဦးဇင်း MA ။ ။အေးပေါ့. . . ဗိုက်လေးနဲနဲ ချောင်သွားတော့ ဟိုတစ်နေ့က စီစဉ်ထားတဲ့ ဝေယျာဝစ္စလေးလုပ်ရင်ကောင်းတာပေ့ါ။

ကွန်ပျူတာကျောင်းသား ။ ။ဘုရားတပည့်တော်တစ်နေ့ကစဉ်ထားတဲ့ အစီစဉ်ထဲမှာက ဥပုသ်နေ့မှာ ဥပုသ်စောင့်ပြီး ညနေမပြန်ခင်မှာ မြက်တွေရှင်းမယ်။ ပြီးတော့ ကျောင်းအဝင်လမ်းမှာ ကားကြီးတွေ ဝင်ထားလို့ မြေမညီတာလေးကို ညှိမယ်လို့ စိတ်ကူးထားတယ် ဘုရား။ ဒါပေမဲ့. . . တပည့်တော်စိတ်ထဲ မရှင်းတာလေးတစ်ခုပေါ်လာပြန်တယ် ဘုရား။

ဦးဇင်း ။ ။ဘာများ မရှင်းတာပေါ်လာတာလဲ မောင်ကျောင်းသား။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော် မြေတူး လို့ဖြစ်ပါ့မလားဘုရား။

မြေတူးရင် အပြစ်များ ဖြစ်နေမလားလို့ တွေးမိတယ် ဘုရား။

ဦးဇင်း ။ ။ သြော် ... အဲဒါက လူနဲ့မဆိုင်ဘူးလေ။

ရဟန်းနဲ့ပဲဆိုင်တာ။ ရဟန်းတော်များဟာ မြေကို ကိုယ်တိုင်တူးရင်ဖြစ်ဖြစ်၊ သူတစ်ပါးကို မအပ်မစပ် ခိုင်းရင်ဖြစ်ဖြစ် ပါစိတ်အာပတ်သင့်တယ်။[၁] လူကတော့ အာပတ်မရှိပါဘူး။ အပြစ်မဖြစ်ပါဘူး။ လုပ်သင့် လုပ်ထိုက်တာ လုပ်လို့ရပါတယ်။ ဝေယျာဝစ္စ ကုသိုလ် တောင် ရပါသေးတယ်။

ဦးဇင်း MA ။ ။ မြေကို တူးလိုက်တိုင်း တူးလိုက်တိုင်း အာပတ် သင့်တာလား ဘုရား။

ဦးဇင်း ။ ။ အဲ ... ဒီမှာတော့ ဇာတပထဝီနဲ့ အဇာတ ပထဝီဆိုပြီး နှစ်မျိုးရှိတယ်။[၂] ဇာတပထဝီ ဆိုရင်တော့ မတူးကောင်းဘူး၊ မဆွကောင်းဘူး၊ မခွဲကောင်းဘူး။ အဇာတဆိုရင်တော့ ရပါတယ်။

---

၁။ ၈၅၊ ပထဝီခဏန သိက္ခာပဒ ပါစိတ္တိယပါဠိ။ (နှာ-၄၉)
၂။ ၈၆၊ ပထဝီခဏန သိက္ခာပဒ ပါစိတ္တိယပါဠိ။ (နှာ-၄၉)

ဦးဇင်း MA ။ ။ဇာတ၊ အဇာတ ဘယ်လိုနားလည်ရမှာလဲဘုရား။

ဦးဇင်း ။ ။အဇာတဆိုတာက ပကတိအစစ် မဖြစ်တာကို ဆိုလိုတာပါပဲ။ ဇာတဆိုတာက ပကတိအစစ်ဖြစ်တာကို ဆိုတာပါ။ ပကတိအစစ်မဖြစ်တဲ့ သဘောက ပမာအားဖြင့် ကျောက်စရစ်တို့ အိုးခြမ်းကွဲတို့ မပါဘဲနဲ့ မြေသားကိုဖြစ်စေ၊ ကျောက်စရစ်အိုးခြမ်းကွဲတို့ ပါသည့်တိုင်အောင် ကျောက်စရစ်အိုးခြမ်းကွဲ ထက်ဝက်ထက်မပိုတဲ့ မြေကိုဖြစ်စေ ဇာတပထဝီလို့ခေါ်တယ်။ အဲဒီမြေကို တူးဆွရင် ပါစိတ်အာပတ်သင့်တယ်။

ဦးဇင်း MA ။ ။အဇာတကျတော့ ဘယ်လို နားလည်ရမှာလဲ ဘုရား။

ဦးဇင်း ။ ။အဇာတကျတော့ မြေကြီးထဲမှာ ကျောက်ခဲ၊ ကျောက်စရစ်တို့ ထက်ဝက်ပါရင်ဖြစ်ဖြစ် မီးလောင်ပြီးသားမြေတို့၊ မိုးမစွတ်သေးတဲ့မြေ၊ မိုးစွတ်သော်လည်း မိုးလေးလမပြည့်သေးတဲ့ မြေကို အဇာတ

မြေလို့ ခေါ်တယ်။ ဒါကတော့ တူးဆွသော်လည်း ရဟန်းမှာ အာပတ်မသင့်ဘူးလို့ နားလည်ရမယ်။[၁]

ဦးဇင်း MA ။ ။ မိုးမစွတ်တဲ့မြေက လေးလကြာပြီး မိုးစွတ်သွားရင် ဇာတပထဝီဖြစ်ပြီလား ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ မိုးစွတ်ပြီး မိုးလေးလလွန်သွားရင် ဇာတပထဝီဖြစ်သွားပြီ။ အဲဒါကိုတော့ မတူးမဆွ၊ မခွဲကောင်းဘူး။

ကွန်ပျူတာကျောင်းသား ။ ။ အဲဒါ လူကလား၊ ရဟန်းအဖို့လား ဘုရား။

ဦးဇင်း ။ ။ လူနဲ့ ဘာမှ မဆိုင်ဘူး။ လူနဲ့ဘယ်လိုမှ မပတ်သက်ဘူး။ ဒါက ရဟန်းရဲ့ ဝိနည်းပိုင်းကိုပြောတာ မောင်ကျောင်းသား။ လူက ဘာလုပ်လုပ်ရတယ်။ ကျောင်းဝင်လမ်း ကျောင်းဝင်း သန့်ရှင်းရေးလုပ်ရင် ကုသိုလ်တောင် ရသေးတယ်ဗျာ။

ကွန်ပျူတာကျောင်းသား ။ ။ ဒါဆို တပည့်တော် သစ်ပင်လေးတွေ

---

၁။ ၁၀၊ ပထဝီခဏာန သိက္ခာပဒ ဝဏ္ဏနာ၊ မုသာဝါဒဝဂ္ဂ ကင်္ခါဝိတရဏီ အဋ္ဌကထာ ပါစိတ္တိယပါဠိ။ (နှာ–၁၄၆)

လည်း ရှင်းချင်တာ ဘုရား။ သစ်ပင် ရှင်းရင်ရော ဥပုသ်သည့်မှာ အပြစ်များဖြစ်နေမလားလို့။

ဦးဇင်း ။ ။သစ်ပင်ကို လူဥပုသ်သည်က ခုတ်လို့

သန့်ရှင်းရေးလုပ်လို့ အပြစ်မရှိပါဘူး။ ဥပုသ်လည်း မကျိုးပါဘူး။ ရဟန်းတွေမှာတော့ အဲဒါ မလုပ်ကောင်းပါဘူး။ အဲလိုလုပ်လို့ရှိရင် အာပတ်သင့်တယ်။ အပြစ် ဖြစ်တတ်တယ်။

ကွန်ပျူတာကျောင်းသား ။ ။မှန်ပါဘုရား။ ဒါဆိုလို့ရှိရင် တပည့်တော်

ညနေစောင်းရင် လမ်းပြင်မယ်ဘုရား။ ကျောင်းဝင်းထဲက ခြုံနွယ်တွေကိုလည်း ခုတ်ထွင် ရှင်းလင်းပါမယ်ဘုရား။

ဦးဇင်း MA ။ ။အေး… အဲဒါကုသိုလ်ရတာပေါ့။ အချိန်ကို

လည်း အကျိုးရှိရှိ အသုံးချပြီးသား ဖြစ်တာပေါ့။ ရဟန်းတွေက လုပ်မှ မလုပ်ကောင်းပဲ။

ဦးဇင်း ။ ။အေး… အဲဒီလို မောင်ကျောင်းသား

တို့လို အသိဉာဏ်ရှိတဲ့ ကပ္ပိယတွေကလာပြီး ဝေယျာဝစ္စလုပ်ပေးတော့ ရဟန်းတွေမှာလည်း ချမ်းသာတာပေါ့။ ကျောင်းဝင်းလည်း သန့်ရှင်းတာပေါ့။ ရဟန်း

တွေက မြေလည်းမတူးကောင်းဘူး။ မဆွကောင်းဘူး။ သစ်ပင်လည်း မခုတ်ကောင်းဘူး။ ခြုံတွေလည်း မရှင်းကောင်းဘူးလေ။ လုပ်လိုရင်လည်း ကပ္ပိယတွေနှင့် စီမံမှရတယ်။

ကွန်ပျူတာကျောင်းသား ။ ။ဘုရားတပည့်တော် ရဟန်းတွေ လုပ်လို့ မရတဲ့အလုပ်ကို ဒီကနေ့ လုပ်ပြီး ကုသိုလ်ယူပါ့မယ် ဘုရား။

ဦးဇင်း ။ ။အေး. . . ကောင်းပြီ။ . . . ကောင်းပြီ။

ကွန်ပျူတာကျောင်းသား ။ ။ဒါဆို. . . ဘုရား တပည့်တော်ရဲ့အမ တွေလည်းပဲ အိမ်မှာရောင်းဖို့ စိုက်ထားတဲ့ ပန်းခြံထဲမှာ မြက်တွေနှုတ်တာတို့၊ ပန်းပင်တွေ မြေဩဇာကျွေးတာ တို့ကို လုပ်ရင်းနဲ့ ဥပုသ်စောင့်လို့ရတာပေါ့ဘုရား။

ဦးဇင်း ။ ။လုပ်လို့တော့ ရပါ တယ်။ ဒါဟာ အပြစ် တော့ မရှိပါဘူး။ ဒါပေမဲ့ ဥပုသ်နေ့ တစ်နေ့လေးတော့ ရောင်းဝယ်အလုပ်တွေ နားပြီးတော့မှ ဗုဒ္ဓါနုဿတိ ပွားတာတို့၊ ဂုဏ်တော် ပုတီးစိပ်တာတို့၊ တရား အားထုတ်တာတို့ မေတ္တာတွေ ပွားပြီးနေတာ ပိုပြီး ကောင်းတာပေါ့။ ခါတိုင်းလုပ်နေကျ အလုပ်တွေကိုပဲ

သဲကြီး မဲကြီး စီးပွားရေးအတွက်ပဲ လုပ်နေရင်တော့လည်း ဒီအကုသိုလ်စိတ်နဲ့ပဲ ဖြစ်နေတော့တာပေါ့။ အဲဒီတော့ လုပ်ခွင့်ရှိတယ်ဆိုတိုင်း မြက်နှုတ်မယ်၊ ဝေယျာဝစ္စတွေ လုပ်မယ်ဆိုတာက ကျောင်းဝေယျာဝစ္စ လုပ်မယ်ဆိုရင်တော့ မြတ်တာပေါ့။ ကိုယ့်စီးပွားရေး လုပ်ငန်းတွေကိုတော့ တစ်ရက်တာလေး နားပြီးတော့မှ ဥပုသ်သီလကို လွတ်လွတ်ကျွတ်ကျွတ် ဆောက်တည်ပြီးတော့မှနေတာပဲ ကောင်းပါတယ် မောင်ကျောင်းသား။ ကွန်ပျူတာကျောင်းသား ။ ။ မှ န် ပါ ဘု ရား॰ ॰ ॰ တပည့်တော် ဒါကို လည်းပဲ အိမ်ပြန်ပြီး အမနှစ်ယောက်ကို ပြောပြဦးမယ် ဘုရား။

ဦးဇင်း ။ ။ ကောင်းပြီ၊ ကောင်းပြီ။

## ၂၉။ လူကရဟန်းသံဃာကို စေခိုင်းမိရင် အပြစ်ဖြစ်ပါသလား။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် စိတ်ထဲမရှင်းမလင်းဖြစ်နေလို့ လျှောက်ထားပါရစေဘုရား။

ဦးဇင်း ။ ။ လျှောက်ထားပါ၊ လျှောက်ထားပါ။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ပြီးခဲ့တဲ့ အပတ် တနင်္ဂနွေနေ့က ကျောင်းလာပြီး သောက်ရေကန် ဆည်ပါသေးတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းတာပေါ့။ ရေကန်ဆည်တာ ဝေယျာဝစ္စ ကုသိုလ်ရတာပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ တပည့်တော်...ဝေယျာဝစ္စကုသိုလ် တော့ ရတယ်ထင်ပါတယ်ဘုရား။ တပည့်တော် အကုသိုလ်များ ဖြစ်နေသလားလို့ တွေးမိပြီး မေးလျှောက်တာပါဘုရား။

ဦးဇင်း ။ ။ ရေကန်ဆည်တာ ဘာဖြစ်လို့ အကုသိုလ် ဖြစ်မလဲ၊ ကုသိုလ်ပဲ ဖြစ်ပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ မဟုတ်ဘူး ဘုရား၊ တခြားအကြောင်းအရာတစ်ခုရှိသေးလို့ပါ ဘုရား။

ဦးဇင်း ။ ။ ဒါဆိုရင်လည်း ... လျှောက်ပါ၊လျှောက်ပါ။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ရေကန်ဆည်ပြီးတော့မှ အပေါ်တက်လာတော့ တပည့်တော်ရဲ့ ကျောင်းစိမ်းပုဆိုး အကုန်လုံး ညစ်ပတ်သွားတယ် ဘုရား။ ဒါကြောင့် တပည့်တော် အဝီစိတွင်းမှာ ရေသွားချိုး ပုဆိုးကိုလည်း လျှော်ဖွတ်ပြီး နေပူနေတဲ့ သင်္ကန်းလှမ်းတဲ့တန်းမှာ လှန်းလိုက်တယ်ဘုရား။ ပြီးတော့မှ ထမင်းစားပြီး မောမောနဲ့ ကျောင်းမှာ အိပ်လိုက်တာ တပည့်တော် တုံးလုံးလုံလိုက်တဲ့အခါကျမှ ပုဆိုးက လေတိုက်ပြီး လွင့်သွားတယ်ဘုရား။ အဲဒီပုဆိုး လေလွင့်ကျသွားတဲ့နားမှာ ဦးဇင်း MA က သင်္ကန်း လှန်းရင်းနဲ့ ရောက်သွားပါတယ်ဘုရား။

ဦးဇင်း ။ ။ အဲဒီတော့ ဘာဖြစ်သွားသလဲ။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် လည်း မိုက်လေး တာရယ်၊ မောတာကြောင့်ရယ် မထဖြစ်တော့ဘူး။ လူ့ဘဝတုန်းကလည်း ဦးဇင်းက အငယ်ဆိုတော့ တပည့်တော်ခိုင်းတာတွေ လုပ်ပေးနေကျပါဘုရား။ အခုလည်း ''ဦးဇင်း အဲဒီပုဆိုးမခြောက်သေးရင်လည်း လှန်းထားပေါ့။ ခြောက်ရင်လည်း ရုတ်လာခဲ့ပါလို့ ခိုင်း လိုက်မိတယ် ဘုရား။ ဦးဇင်းလေးကလည်း ပုဆိုးကို ခေါက်ယူလာပြီးတော့မှ တပည့်တော် အိပ်တဲ့နားမှာ လာထားပေးပါတယ် ဘုရား။ တပည့်တော်လည်း ဖျာကြမ်းပေါ်မှာ အိပ်ရတော့ ခေါင်းအုံးမပါတာနဲ့ အိပ်လို့ မကောင်းဘူး ဘုရား။ ဒါနဲ့ ဦးဇင်းကို သူ့ကျောင်းမှာ ရှိတဲ့ ဝါးခေါင်းအုံးလေး ယူလာပေးပါဦး၊ တပည့်တော် မောလို့ပါလို့ လျှောက်လိုက်မိပြန်တယ် ဘုရား။ သူ လည်း ဝါးခေါင်းအုံးကို ယူလာပေးတယ်။ ညနေ ပြန်ခါနီး သွားနှုတ်ဆက်တဲ့ အခါကျတော့ ရဟန်း သံဃာကို ဒကာကြီးအနေနဲ့ အဲဒီလို မခိုင်းကောင်းဘူး။ အပြစ်ဖြစ်တယ်လို့ မိန့်ပြန်ပါတယ်ဘုရား။ အဲဒါ မှန်ပါ သလား ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ သီလ ရှိတဲ့ပုဂ္ဂိုလ်များကို မခိုင်းကောင်းပါဘူး မောင်ကျောင်းသား အပြစ်ကြီး တယ်။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် ခိုင်းတာ မဟုတ်ဘူး ဘုရား။ အကူညီတောင်းတာ ဘုရား။

ဦးဇင်း ။ ။ အကူညီတောင်း တာ ဖြစ်စေကာမူ ပုဆိုးရုတ်ခိုင်းတာ၊ ခေါက်ခိုင်းတာ၊ ခေါင်းအုံးယူခိုင်းတာ တွေဟာ ခိုင်းတဲ့သဘောကို သက်ရောက်သွားပါတယ်။ ဒါကြောင့် မိကောင်းဖခင် သူတော်ကောင်း သားသမီး များဟာ အခုလို အပြုအမူမျိုးကို နောက်နောင် မပြု သင့်ပါဘူး။

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် မသိလို့ပါ ဘုရား။

ဦးဇင်း ။ ။ မသိလို့ပြုပေမယ့် အပြစ်ကတော့ ဖြစ် တာပါပဲ မောင်ကျောင်းသား။

ကွန်ပျူတာကျောင်းသား ။ ။ အဲဒီအပြစ်မျိုးနဲ့ ပတ် သက်တဲ့ သာဓက တွေရော ရှိပါသလား ဘုရား။

ဦးဇင်း ။ ။ သာဓကတွေ အများ ကြီး ရှိပါတယ်။ ထင်ရှားတဲ့ သာဓကကတော့ ဒါသကမထေရ်ရဲ့ အကြောင်း ဖြစ်ပါတယ်။

ကွန်ပျူတာကျောင်းသား ။ ။ မှန်ပါဘုရား။ဘုရား တပည့်တော် အဲဒီ

မထေရ်အကြောင်းကို သိပ်သိချင်ပါတယ် ဘုရား။

ဦးဇင်း ။ ။ ဒါသမထေရ် အမျိုးကောင်းသားဟာ ကဿပဘုရားရှင် လက်ထက်တော်အခါကာလမှာ ခီဏာသဝ ရဟန္တာမထေရ်တစ်ပါးကို ဝေယျာဝစ္စတစ်ခု ခိုင်းစေခဲ့ဖူးတယ်။ ပြီးတော့ ဂေါတမ မြတ်စွာဘုရားရှင် လက်ထက်တော် အခါကာလမှာ လူဝတ်ကြောင်ဘဝနဲ့ တေဒင်္ဂဆုရရှိခဲ့တဲ့ ခုဇ္ဇုတ္တရာဟာလည်း ကဿပဘုရားရှင် လက်ထက်တော် အခါကာလက ရဟန္တာထေရီမတစ်ပါးကို သူ့အလှပြင်ပစ္စည်းထည့်ထားတဲ့ ပခြုပ်တောင်းကို ယူခိုင်းမိတဲ့အတွက်ကြောင့် ကျွန်မဘဝ အကြိမ်များစွာ ဖြစ်ခဲ့ရပါတယ်။ အခု ဘုရားရှင် လက်ထက်တော် အခါကာလမှာလည်းပဲ ဃောသကသူဌေးရဲ့အိမ်မှာ ခါးကုန်းပုကွတဲ့ ကျွန်မအဖြစ်နဲ့ မွေးဖွားခဲ့တယ်။[၁] ဒါသကထေရ် လောင်းလျာကလည်းပဲ မြတ်စွာဘုရား လက်ထက်တော် အခါကာလမှာ အနာထပိဏ်သူဌေးအိမ် ကျွန်မတစ်ယောက်ရဲ့ဝမ်းမှာ ပဋိသန္ဓေတည်ခဲ့ပြီးတော့မှ ကျွန်အဖြစ်နဲ့ မွေးဖွားလာခဲ့တာဟာ[၂] သီလရှိတဲ့ ပုဂ္ဂိုလ်များကို စေခိုင်းခဲ့တဲ့အဖြစ်ရဲ့ သာဓကတွေပါပဲ။

---

၁။ သာမာဝတီဝတ္ထု၊ ဓမ္မပဒ အဋ္ဌကထာ (ပ)၊ (နှာ–၁၄၄)
၂။ ဒါသကထေရဂါထာဝဏ္ဏနာ၊ ထေရဂါထာ အဋ္ဌကထာ။ (နှာ–၈၅)

ကွန်ပျူတာကျောင်းသား ။ ။ ဘုရားတပည့်တော် မသိလို့ စေခိုင်းမိခဲ့တာပါ ဘုရား။ နောက်နောင် ဘုရားတပည့်တော် မလုပ်တော့ပါဘူး။ မခိုင်းတော့ပါဘူး ဘုရား။

ဦးဇင်း ။ ။ ကောင်းပါတယ်။ မသိလို့လုပ်မိသော်လည်း နောက်နောင် အဲဒီအပြုအမူမျိုးကို မလုပ်ဖို့အတွက် သန္နိဋ္ဌာန်ချပြီးမလုပ်ရင် သူတော်ကောင်းပါပဲ။ ဒါ အရိယာလမ်းစဉ်မှာတည်တဲ့ ပုဂ္ဂိုလ်ပါပဲ။ မကောင်းမှန်းမသိလို့ လုပ်ခဲ့တာ၊ ခု မကောင်းမှန်းသိပြီ၊ မလုပ်တော့ဘူးပေါ့။

ကွန်ပျူတာကျောင်းသား ။ ။ မှန်လှပါဘုရား။ မှန်လှပါဘုရား။ ဘုရားတပည့်တော် အခုသိပါပြီဘုရား။ သဘောပေါက်ပါပြီ ဘုရား။ တပည့်တော် နောက်နောင် အဲဒီအပြုအမူမျိုးကို မလုပ်တော့ပါဘူး ဘုရား။

ဦးဇင်း ။ ။ သာဓုပါဗျာ။ သာဓု၊ သာဓု။

## ၃၀။ သာသနာ့သမိုင်းဝင်နေရာတွေသွားပြီး ကွန်လွန်ပြီး မိဘဘိုးဘွားတို့ကို အမျှဝေရင် ကုသိုလ် ပိုရပါသလား။

ဦးဇင်း MA ၏ မယ်တော်သည် သူ့သား ရဟန်းရှိရာသို့ သူ့တူလေးနှင့်အတူ သွားသခိုက် ဒေါက်တာအောင်သူ မေးလျှောက်လာပါသည်။

ဒေါက်တာအောင်သူ ။ ။ တပည့်တော် မေးလျှောက်စရာ လေး တစ်ခုကျန်နေသေးလို့ပါဘုရား။

ဦးဇင်း ။ ။ မေးလျှောက်ပါ။ မေးလျှောက်ပါ။

ဒေါက်တာအောင်သူ ။ ။ ဘုရားတပည့်တော်ရဲ့ ယယ်သူငယ်ချင်း ဆရာဝန်တစ်ယောက်က ရဟန်းခံချင်လို့တဲ့ ဘုရား။

ဦးဇင်း ။ ။ ရဟန်းခံတာကောင်း ပါတယ်။

ဒေါက်တာအောင်သူ ။ ။ ဒါပေမဲ့ သူက ဒီမှာ ရဟန်းခံမှာ မဟုတ်ဘူး ဘုရား။

ဦးဇင်း ။ ။ သူ့အတွက် သင့်တော်တဲ့ နေရာမှာ ရဟန်းခံတာ ပိုကောင်းတာပေါ့။

ဒေါက်တာအောင်သူ ။ ။ မဟုတ်သေးဘူး ဘုရား။ သူက ကွယ်လွန်သွားကြတဲ့ အဖိုး၊ အဖွား၊ ဘိုးဘေး မိဘ အားလုံးအတွက်ကို အမျှပေးဝေချင်သေးတာတဲ့ ဘုရား။

ဦးဇင်း ။ ။ ဒါ လုပ်ကောင်းပါတယ်။

ဒေါက်တာအောင်သူ ။ ။ သူ့အစီစဉ်က ပုဂံမှာ ရဟန်းခံမယ်။ ပြီးတော့ မိဘ၊ ဘိုးဘွား ဘီဘင်တွေကို အမျှဝေမယ်။ ပြီးလို့ရှိရင် စစ်ကိုင်း ဆွမ်းဦးပုညရှင်စေတီမှာသွားပြီး အဲဒီနားမှာရှိတဲ့ ကျောင်းတစ်ကျောင်းမှာ သိက္ခာထပ်မယ်။ ပြန်ပြီးတော့မှ မိဘ ဘိုးဘွားတွေကို အမျှဝေမယ်တဲ့ ဘုရား။ ပြီးတော့ ရန်ကုန် ရွှေတိဂုံကို လာခဲ့မယ်။ အဲဒီနားမှာရှိတဲ့ ကျောင်းတစ်ကျောင်းမှာ သိက္ခာထပ်မယ်။ ပြီးတော့မှ မိဘ၊ ဘိုးဘွား ဘီဘင်တွေကို အမျှဝေမယ်တဲ့။ အားလုံး (၉)ဌာနလို့ ပြောပါတယ် ဘုရား။ အခု သူအခက်အခဲ ဖြစ်နေတာရှိတယ် ဘုရား။

ဦးဇင်း ။ ။ ဘယ်လိုအခက်အခဲပါလိမ့်။

ဒေါက်တာအောင်သူ ။ ။ သူ့အခက်အခဲက အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ ဘိုရိုဘူတို (BOROBUTUR) ဘုရားမှာ သွားပြီး အမျှဝေချင်သေးတာတဲ့ ဘုရား။ အဲဒီ နိုင်ငံမှာ သိက္ခာထပ်ဖို့ရာ အခက်ခဲရှိမယ်ထင်ပြီး သူဝမ်းနည်းနေတယ်။ ပြီးတော့ ပါကစ္စတန်နိုင်ငံမှာရှိတဲ့ တက္ကရှီလာ (တက္ကသိုလ်ပြည်) ဆိုတဲ့ အရပ်နှင့် ကမ္ဘောဒီးယားက အန်ကောဝပ် ဘုရားမှာသွားပြီး မိဘ၊ ဘိုဘွားတွေကို အမျှဝေချင်သေးတာတဲ့ ဘုရား။ ဒီလိုနဲ့ သူ (၉)နေရာ ပြောပြတယ် ဘုရား။ ဒီနှစ်ကုန်ရင် သူ အစီစဉ်စမယ်လို့ ပြောပါတယ်ဘုရား။ ဝိနည်းနဲ့အညီနေပြီး ခုလို သိက္ခာတွေ ထပ်ထပ်ပြီးတော့မှ အမျှဝေတာဟာ ပိုပြီး အကျိုးများတယ်လို့ သူပြောပါတယ် ဘုရား။

ဦးဇင်း ။ ။ ဝိနည်းနဲ့ အညီနေပြီး တရားဓမ္မများကို ပွားများအားထုတ်ပြီး၊ ကိုယ်ကျင့်ကြံပွားများ အားထုတ်ထားတဲ့ ကုသိုလ်အဖို့ကို ကွယ်လွန်သွားကြတဲ့ မိဘ၊ ဘိုးဘွားများကို အမျှပေးဝေတာဟာ အလွန်ကောင်းပါတယ်။ ဒါက ပုဂံမှ စစ်ကိုင်းမှ၊ ရန်ကုန်

ရှေတိဂုံမှ တိုရိုဘူတိုမှ၊ ဗုဒ္ဓဂါယာမှ မဟုတ်ပါဘူး။ ဘယ်နေရာမှာပဲ ဖြစ်ဖြစ် ဒါက ပတ္တိဒါန၊ ပတ္တာနုမောဒနာ ကုသိုလ်အနေနဲ့ မိဘ၊ ဘိုးဘွား၊ ဘီဘင်တွေကို အမျှ ပေးဝေနိုင်တာပါပဲ။

ဒေါက်တာအောင်သူ ။ ။ အဲလို အမျှပေးဝေလိုက်တော့ သူတို့ ရရောလား ဘုရား။

ဦးဇင်း ။ ။ အဲဒီ နေရာမှာ အရေးကြီးတာ ရှိပါတယ်။ မိဘတွေက သာဓုခေါ်နိုင်တဲ့ ဘုံဌာနမှာ ရှိမှသာလျှင် သာဓုခေါ်နိုင်မှာပါ။ အကယ်၍ သာဓု ခေါ်နိုင်ခြင်းမရှိတဲ့ ဌာနကိုရောက်နေရင်တော့ ဘယ်နေရာကနေပဲ အမျှဝေဝေ သာဓုခေါ်နိုင်ဖို့ အကြောင်း မရှိပါဘူး။ သို့သော်လည်းပဲ ကျန်ရစ်ခဲ့သူ သားသမီးတွေကတော့ ကွယ်လွန်သွားကြတဲ့ မိဘ များကို အဲသလို ကုသိုလ်ကောင်းမှုတွေ ပြုပြီး အမျှ အတန်းပေးဝေဖို့ လိုကိုလိုပါတယ်။ နေရာ အသီးသီးကို ပြောင်းရွှေ့ပြီးတော့မှ ဒုလ္လဘရဟန်းခံလိုက်၊ သိက္ခာတင် လိုက် ဒါတွေလုပ်နေရမယ်လို့တော့ စာမှာမပါဘူး။ ရဟန်းခံကတည်းက သံသယကင်းရှင်းအောင် ရဟန်းခံပြီးရင်တော့ ရဟန်းဖြစ်ပါပြီ။ အဲဒါကို

ပေါ့ပေါ့ဆဆ မနေဘဲနဲ့ တရားတွေ အားထုတ်မယ်။ ဓုတင်သီလတွေကိုလည်းပဲ ဆောက်တည်မယ်။ ရဟန်း သီလတွေကို ပြည့်ပြည့်ဝဝ ဆောက်တည်ပြီးတော့မှ မိဘတွေကို အမျှအတန်း ပေးဝေမယ်ဆိုလို့ရှိရင် ဒါဟာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို သားတစ်ယောက် အနေနဲ့ လုပ်တာပါပဲ။ နေရာဌာနက ပဓါန မဟုတ်ပါ ဘူး။ လုပ်ရပ်မှန်ကန်ဖို့သာ ပဓါန ဖြစ်ပါတယ် ဒါယကာ။

## ၃၁။ မာတုဂါမရဲ့ ခေါင်းက ဆံပင်ရှည်ကြီးကို ဖြတ်ပြီး သံဃာလှူရင် ကုသိုလ်ရပါသလား။

ဦးဇင်း MA ။ ။ ဘုရားတပည့်တော်ရဲ့ ညီမဝမ်းကွဲတစ်ယောက်

က ဒီနှစ်ဘွဲ့ရပြီဘုရား။ သူမနက်ဖြန် ကျောင်းကို လာမယ်လို့ လျှောက်ထားတယ် ဘုရား။ သူသိချင်တာ လေးတစ်ခုလည်း မေးလျှောက်လိုက်ပါတယ် ဘုရား။

ဦးဇင်း MA ။ ။ သူက တပည့်တော်ကို ကြည်ညိုတယ်တဲ့၊

သာသနာတော်မှာ အခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ နေနိုင်တာကိုလည်း အားကျတယ်တဲ့။ ဒါကြောင့် သူ့အနေနဲ့ မွန်မွန်မြတ်မြတ် တစ်ခုခု လှူဒါန်းချင် တယ်လို့ လျှောက်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ဘာလှူဒါန်းမှာတဲ့လဲ။

ဦးဇင်း MA ။ ။ သူ လှူဒါန်းမှာက သူ့ ဘဝမှာ အလွန် တန်ဖိုး

ထားတဲ့ မြတ်နိုးလွန်းတဲ့ တံကောက်ကွေးလောက်ထိ ရှည်တဲ့ သူ့ရဲ့ဆံပင်ကို ဖြတ်ပြီးတော့မှ တပည့်တော်ကို မနက်ဖြန်မနက် လှူမယ်လို့ လျှောက်ပါတယ်ဘုရား။ သူအလွန်တန်ဖိုးထားတဲ့ ပစ္စည်းဖြစ်တဲ့ အတွက်ကြောင့်

ကုသိုလ်တွေ အများကြီးရမယ်လို့လည်း သူမျှော်လင့်တယ်လို့လည်း လျှောက်ပါသေးတယ်ဘုရား။

ဦးဇင်း ။ ။ ဆံပင်တို့၊ အမွေးတို့၊ ခြေသည်းတို့၊ လက်သည်းတို့၊ သွားတို့ ဆိုတာတွေက ခန္ဓာကိုယ်မှာ ပေါက်ရောက်တဲ့ အရာဝတ္ထုတွေ ဖြစ်တယ်။ ဒါဟာ တစပဉ္စကအဝင် ဇေဂုစ္ဆဖြစ်လို့ သူတော်ကောင်းတို့ စက်ဆုပ်အပ်တဲ့ အရာဖြစ်ပါတယ်။ မာတုဂါမရဲ့ ခေါင်းပေါ်က ဒီဆံပင်ဟာ ဘယ်လောက်ပဲ တင့်တယ်ပါတယ်လို့ပြောပြော ဆံပင်ချည်ကတော့ ရွံရှာစရာကောင်းတဲ့ အရာဝတ္ထုပစ္စည်းပါပဲ။

ဦးဇင်း MA ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ ဆံပင်ချည်နဲ့ ယက်ထားတဲ့ ယပ်တောင်၊ အဝတ်တွေကိုတောင် ရဟန်းတွေ သုံးဆောင်ခွင့် မရှိပါဘူး။[၁] သုံးဆောင်လို့ရှိရင် အာပတ်ရှိပါတယ်။

ဦးဇင်း MA ။ ။ ဒါဆို ဒီဆံပင်ကို ရွံရှာစရာကောင်းလို့ မလှူဒါန်းပါနဲ့လို့ ပြောရမှာလား ဘုရား။

ဦးဇင်း ။ ။ မြတ်စွာဘုရား လက်ထက်တော် အခါကာလက ဆံပင်ကောင်းတဲ့ အမျိုးသမီးတစ်ယောက် ဆံပင်

---

၁။ ၃၇၁၊ ကုသစီ ရာဒိပဋိက္ခေပကထာ၊ စီဝရက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။(နှာ–၄၂၁)

ကိုဖြတ်ပြီးတော့မှ ရောင်းရတဲ့ငွေနှင့် ရဟန္တာ (၈) ပါးကို ဆွမ်းချက်ပြီး လှူဒါန်းတာ ဒိဋ္ဌဓမ္မ အကျိုးပေးပြီးတော့မှ မိဖုရားဖြစ်တဲ့ ဝတ္ထုသာဓကတစ်ခု ရှိတယ်။[၁] ပြီးတော့ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော် အခါကာလ ဓမ္မဒိန္နာ အလောင်းလျာဖြစ်စဉ်က ဆံပင်ကို ဖြတ်ရောင်းပြီးတော့မှ ရရှိလာတဲ့ ငွေကြေးနဲ့ ဆွမ်းစီစဉ်ပြီး မြတ်စွာဘုရားရှင်ရဲ့ အဂ္ဂသာဝက သုဇာတမထေရ်အား လှူဒါန်းပြီးတော့မှ ဆုတောင်းခဲ့ဖူးတဲ့အတွက်ကြောင့် ယနေ့ ဂေါတမ ဘုရားရှင် သာသနာတော်ကာလမှာ နှစ်ရက်၊ သုံးရက်ကလေးနဲ့ပဲ ရဟန္တာမှာဖြစ်ခဲ့တဲ့ သာဓကတွေ ရှိပါတယ်။[၂]

ဦးဇင်း MA ။ ။ မှန်ပါဘုရား။ ဘုရား တပည့်တော်ရဲ့ ညီမက လည်း အခုလို သာသနာအသိ မရှိရှာလို့ပါဘုရား။ သူမြတ်နိုးပြီး တံကောက်ကွေးလောက်ရှည်တဲ့ ဆံပင်ကို ဖြတ်ပြီးတော့မှ လှူဒါန်းမယ့်အစား ရဟန္တာ ထေရီလောင်းလျာတို့ရဲ့ထုံးကို နှလုံးမူပြီး သင့်တော်အောင် စီမံခန့်ခွဲနိုင်တယ်ဆိုတဲ့အကြောင်းကို ကြိုတင်ပြီး အသိပေးလိုက်ပါမယ်ဘုရား။

၁။ ၁၉၇၊ မဟာကစ္စာနတ္ထေရ၊ အင်္ဂုတ္တရဋ္ဌကထာ၊ ကေကနီပါတ။ (နှာ–၁၆၃)
၂။ ၃၈၊ ဓမ္မဒိန္နထေရီဝတ္ထု၊ ဓမ္မပဒဋ္ဌကထာ။

## ရန်ကင်းတောင်စာစဉ်မှ ထုတ်ဝေပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ၊ အခြေခံအဆင့် (ပထမပိုင်း)၊ | ပဉ္စမအကြိမ် |
| ၂။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ၊ အခြေခံအဆင့် (ဒုတိယပိုင်း)၊ | စတုတ္ထအကြိမ် |
| ၃။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာအခြေခံအဆင့် (တတိယပိုင်း)၊ | စတုတ္ထအကြိမ် |
| ၄။ | ကောင်းကင်ကြယ်နက္ခတ်ကြည့်နည်းပညာနှင့် လူတိုင်းအတွက် နေထွက်၊ နေဝင်နှင့် အရုဏ်တက်ချိန်ပြဇယား | ဆဋ္ဌမအကြိမ် |
| ၅။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ(ပထမပိုင်း) | စတုတ္ထအကြိမ် |
| ၆။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ(ဒုတိယပိုင်း) | ပဉ္စမအကြိမ် |
| ၇။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ(တတိယပိုင်း) | စတုတ္ထအကြိမ် |
| ၈။ | ဥရောပယောဂီ၏ဘဝနိဂုံး အပိုင်း (၁) | ဒုတိယအကြိမ် |
| ၉။ | ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်းသိသင့်သည့် လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်း(အပိုင်း–၁) | စတုတ္ထအကြိမ် |
| ၁၀။ | ဖွံ့ဖြိုးတိုးတက်နေသည့် လူ့ဘောင်အတွက် ဝိပဿနာတရားနှင့် နေ့စဉ်ဘဝ | ဒုတိယအကြိမ် |
| ၁၁။ | ဝိပဿနာလူငယ်စကားဝိုင်း (အပိုင်း–၁) | ဒုတိယအကြိမ် |
| ၁၂။ | ဝိပဿနာလူငယ်စကားဝိုင်း (အပိုင်း–၂) | ဒုတိယအကြိမ် |
| ၁၃။ | တရားအားထုတ်သူအဆင့် ဝိပဿနာသင်ပုန်းကြီးဖတ်စာ(ပထမပိုင်း) | ဒုတိယအကြိမ် |
| ၁၄။ | တရားအားထုတ်သူအဆင့် ဝိပဿနာသင်ပုန်းကြီးဖတ်စာ (ဒုတိယပိုင်း) | ဒုတိယအကြိမ် |
| ၁၅။ | တရားအားထုတ်သူအဆင့် ဝိပဿနာသင်ပုန်းကြီးဖတ်စာ (တတိယပိုင်း) | ဒုတိယအကြိမ် |
| ၁၆။ | ဤခရီးနီးလာပါသည် | တတိယအကြိမ် |
| ၁၇။ | ပဋ္ဌာနနှင့်ရှိယကံနှင့် ပါဏာတိပါတကံတို့အကြောင်း | စတုတ္ထအကြိမ် |
| ၁၈။ | အခွန်လွတ်သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗုဒ္ဓသိမ်မြေဂရန် မင်းအစိုးရထံ လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ | ဒုတိယအကြိမ် |
| ၁၉။ | **Vipassanā Primary Text Book Elementary Level Part (I)** | ပထမအကြိမ် |
| ၂၀။ | ဓမ္မကျောင်းတော် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ အပိုင်း(၁) | တတိယအကြိမ် |

## ရန်ကင်းတောင်စာစဉ်မှ ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၁။ ဆဋ္ဌမအာရုံကို ဝိပဿနာပညာဖြင့် ချဉ်းကပ်လေ့လာခြင်း

၂။ ဥရောပယောဂီ၏ဘဝနိဂုံး အပိုင်း (၂)